# စစ်ရာဇဝတ်မှု အစီရင်ခံစာ



ဥပဒေအထောက်အကူပြုကွန်ရက်

# မြန်မာနိုင်ငံတွင်
# ပြစ်မှုကျူးလွန်သူများလွတ်ငြိမ်းခွင့်ရနေမှုအား အဆုံးသတ်ရန်အတွက်
# တာဝန်ခံမှုကို ရှာဖွေခြင်း

## ရှမ်းပြည်နယ်မြောက်ပိုင်း၊ ကရင်နီပြည်နယ်နှင့်
## ကချင်ပြည်နယ်များတွင်ဖြစ်ပွားခဲ့သော
## စစ်ရာဇဝတ်မှုများအပေါ်သုံးသပ်အစီရင်ခံတင်ပြချက်

Legal Aid Network
ဥပဒေ အထောက်အကူပြုကွန်ရက်
Email:- legalaidnetwork@gmail.com website:- legalaidnetwork.org

## မာတိကာ


အသိအမှတ်ပြုလွှာ

အကျဉ်းချုပ်တင်ပြချက်

နိဒါန်း

အပိုင်း (၁) စစ်ရာဇဝတ်မှုဖြစ်ပွားရသည့် နောက်ခံအခြေအနေ တင်ပြချက်

အပိုင်း (၂) မုံးကိုးဒေသ၏ ပထဝီဝင်နိုင်ငံရေးအရ အရေးပါမှု

အပိုင်း (၃) စစ်ရာဇဝတ်မှု အမျိုးအစားများ

အပိုင်း (၄) ကြီးမားသော စစ်ရာဇဝတ်မှုများကို ဖြစ်ပေါ်စေသည့် စစ်အင်အား အလွန်အကျွံ သုံးစွဲမှု (ဖမ်းဆီးထားသော ရွာသား များအား လူသားဒိုင်းအဖြစ် အသုံးပြုခြင်း)

အပိုင်း (၅) ကရင်နီပြည်၏ လွတ်လပ်သော အဆင့်အတန်း သဘာဝ သယံဇာတများအား ခေါင်းပုံဖြတ်ခြင်း နှင့် စစ်ရာဇဝတ်မှုများ

အပိုင်း (၆) တနိုင်းဒေသ၏ စီးပွားရေးအရ ဆက်နွယ်မှု၊ ကိုယ်ပိုင် ပြဌာန်းခွင့်နှင့် စစ်ရာဇဝတ်မှုများ

အပိုင်း (၇) အကြီးအကဲအဖြစ်အမိန့်ပေးပိုင်ခွင့်ရှိခြင်းကြောင့် တာဝန်ခံမှုနှင့် အမိန့်စီးဆင်းမှု

အပိုင်း (၈) နိဂုံးချုပ် သုံးသပ်ချက်နှင့် ထောက်ခံတင်ပြချက်များ

## ဥပဒေအထောက်အကူပြုကွန်ရက်ကခံယူထားသည့် တာဝန်

စစ်မှန်သည့် ဥပဒေစိုးမိုးရေး အခြေခံတွင်ငြိမ်းချမ်း၊ လွတ်လပ်၊ ဖွံ့ဖြိုး တရားတရားမျှတသည့် လူ့အဖွဲ့အစည်း တည်ဆောက်ခြင်းဖြင့်လူ့အခွင့်အရေး ခံစားရရှိနိုင်စေရန် ရည်ရွယ်ကြိုးပမ်းသည့် အခြေခံလူထုများနှင့် တက်ကြွ လှုပ်ရှားသူများ၊ လူထုအသင်းအဖွဲ့များ၊ ရှေ့နေများနှင့် ဥပဒေအဖွဲ့အစည်းများ၏ လှုပ်ရှားမှုများအား ဥပဒေရှုဒေါင့်မှ အဓိကထားပံ့ပိုး ထောက်ကူသွားရန် ဥပဒေအထောက်အကူပြုကွန်ရက် Legal Aid Network (LAN) ကို ဖွဲ့စည်း တည်ထောင်သည်။

## အသိအမှတ်ပြုလွှာ

ဤအစီရင်ခံစာကို အောင်မြင်စွာ ထုတ်ဝေနိုင်ရေးအတွက် ဘက်ပေါင်းစုံ မှကောင်းမှုပြုသော Burma Relief Center (BRC) အား လည်းကောင်း၊ ဥပဒေအထောက်အကူပြုကွန်ရက် ဖွဲ့စည်းပေးထားသော စစ်ရာဇဝတ်မှုများ ဆိုင်ရာသက်သေခံချက်များ စုဆောင်းရေးအဖွဲ့နှင့် သက်ဆိုင်ရာ ဥပဒေဝန်ထမ်းများအနေဖြင့် တိုင်းရင်းသားပြည်နယ်များတွင် သက်သေခံ ချက်များ စုဆောင်းနိုင်ရန် ဘဏ္ဍာငွေကြေး ထောက်ပံ့ကူညီသော Civil Rights Defenders (CRD) အား လည်းကောင်း အဓိကအားဖြင့် ကျေးဇူးတင်ရှိပါသည်။

ထို့အပြင် အထူးသဖြင့် နိုင်ငံတကာဥပဒေရှုဒေါင့်မှနေ၍ ပညာရပ် ဆိုင်ရာအကူအညီပေးအပ်သော ဆွီဒင်နိုင်ငံ၊ စတော့ဟုမ်းမြို့၊ စတော့ဟုမ်း တက္ကသိုလ်ဥပဒေပညာဌာနမှ နိုင်ငံတကာဥပဒေ ပါမောက္ခ လည်းဖြစ်၊ ဥပဒေ အထောက်အကူပြုကွန်ရက်၏ ဒါရိုက်တာ ဘုတ်အဖွဲ့ဝင် တဦးလည်း ဖြစ်သူ ပါမောက္ခဒေးဗစ်ဖစ်ရာအား အထူးတလည် ကျေးဇူးတင် ရှိပါသည်။ နောက်ဆုံးအနေဖြင့် စစ်ရာဇဝတ်မှု ကျူးလွန်ခံခဲ့ ရသည့် ရဲစွမ်းသတ္တိနှင့် ပြည့်စုံသော သက်သေများ၊ မုံးမြိတ်ဆင်လီမီဒီယာအဖွဲ့၊ အမှန်တရား နှင့်အရေးယူဆောင်ရွက်ရေးကော်မတီ၊ ဥပဒေအထောက်အကူပြုကွန်ရက်မှ ဥပဒေ ဝန်ထမ်းများ၊ မြန်မာစစ်တပ်အတွင်းမှ ပြစ်မှုကျူးလွန်သူ အချို့အား ညွှန်ပြပေးသည့် အမည်မဖော်လိုသူ တပ်မတော် စစ်မှုထမ်းဟောင်းများနှင့် လက်ရှိ စစ်မှုထမ်းများ လည်းကောင်း နှင့် ပညာရပ်ဆိုင်ရာ အခြား ဝန်ထမ်းများ အားလုံး၏ ကောင်းမှုပြုခြင်းကို များစွာ တန်ဘိုးထားပါသည်။ ၎င်းတို့၏ ကြိုးပမ်း အားထုတ်မှုနှင့် ပူးပေါင်း ဆောင်ရွက်မှုမရှိပါက ဤအစီရင်ခံစာကို ပြုစုနိုင်မည် မဟုတ်ပါ။

## အကျဉ်းချုပ်တင်ပြချက်

ဤအစီရင်ခံစာသည် မြန်မာစစ်တပ်က ရှမ်းပြည်မြောက်ပိုင်း၊ ကရင်နီပြည်နယ်နှင့် ကချင်ပြည်နယ် တို့တွင်ကျူးလွန်ခဲ့သော စစ်ရာဇဝတ်မှု သုံးခုအပေါ် အသေးစိတ်သုံးသပ်ချက်များကို ဖော်ပြထားသည်။ ယင်းစစ်ရာဇဝတ်မှု ကြီးများနှင့် စပ်လျဉ်း၍ ပြစ်မှုကျူးလွန်သူများသည် လွတ်ငြိမ်းခွင့်ရနေဆဲဖြစ်သည်။ ပြစ်မှုတခုခြင်းစီတွင် ပဋိပက္ခ၏နိုင်ငံရေး ဘောဂဗေဒရှုထောင့်မှ သုံးသပ်သည်။ ထို့အပြင် ဖက်ဒရယ်စနစ်၊ လူ့အခွင့်အရေးနှင့် ဥပဒေစိုးမိုးရေး ရှုထောင့်များမှလည်း ယင်းအဖြစ်ဆိုးကြီးများအား စစ်ကြောထားသည်။

ပထမဆုံးဖြစ်ရပ်ဆိုးကြီးမှာ ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလတွင် ရှမ်းပြည် မြောက်ပိုင်းမူဆယ်ခရိုင်၌ ဖြစ်ပွား ခဲ့ပြီး မြန်မာစစ်တပ်က တရုတ်နယ်စပ်အနီးရှိ မုံးကိုးမြို့တွင် မြောက်ပိုင်းမဟာမိတ်အဖွဲ့များအား တိုက်ခိုက်ခဲ့စဉ် အတွင်း ရွာသားများအားဖမ်းဆီးကာ လူသားဒိုင်းအနေဖြင့် ကျယ်ပြန့်စွာအသုံးပြုခဲ့သည်။ ထိုစဉ်က မြန်မာ စစ်တပ်များသည် မုံးကိုးမြို့ကို ထိန်းချုပ်ထားသော ၎င်းတို့၏ ဗျူဟာကုန်း လက်လွတ်ဆုံးရှုံးတော့မည့် အန္တရာယ်နှင့် ရင်ဆိုင်ခဲ့ရသည်။ သို့ဖြစ်၍ ယင်းကို ကာကွယ်စောင့်ရှောက်နိုင်ရန် လက်နက်ကြီးများသာမက လေကြောင်း တိုက်ခိုက်မှုစွမ်းအားကိုပါ အသုံးပြု၍ အစွမ်းကုန် ခုခံကာကွယ်ခဲ့ကြသည်။ မုံးကိုးမြို့ ကျရှုံးသွားခဲ့လျှင် ပထဝီဝင်နိုင်ငံရေးအရသာမက စီးပွားရေးအရ အရေးပါသော နယ်ခြားကုန်သွယ်ရေးဇုန်ကိုပါ လက်လွတ် ဆုံးရှုံးတော့မည့် ဖြစ်ခြင်းကြောင့်ပင်။

နိုဝင်ဘာလ (၂၀) ရက်နေ့တွင် ခြေလျင်တပ်မ (၉၉) အောက်မှ မြန်မာစစ်တပ်များသည် မုံးကိုးအနီးရှိ မာန်ဂျက် ကျေးရွာသို့ ရောက်ရှိလာ ကြသည်။ ထို့နောက် ရွာသူရွာသား(၁၄၇) ဦးအား ၎င်းတို့၏ ဗျူဟာကုန်းသို့ ဖမ်းဆီးခေါ်ဆောင်သွားကြသည်။ ရွာသူရွာသားများအား ၎င်းတို့၏ ဗျူဟာကုန်း ပတ်လည်မြေပေါ်တွင် တန်းစီလျက် အတင်းအကြပ် ဝမ်းလျားမှောက်ကာ လဲလျောင်းနေစေခဲ့သည်။ ရွေ့လျားခွင့်မပြု။ တိုက်ပွဲ ဖြစ်စဉ်အတွင်း သေနတ်များနှင့် လက်ပစ်ဗုံးများအား ရွာသူ ရွာသားများ၏ ခေါင်းများပေါ်မှ ကျော်၍ပစ်ခဲ့ကြသည်။ ရွာသူ ရွာသားများသည် မြေပေါ်၌ ဝမ်းလျားမှောက်လျက် အနေအထားဖြင့်(၁၃)ရက်ကြာမျှ နေခဲ့ကြရပြီး သေနတ်ကျည်ဆံနှင့် လက်ပစ်ဗုံးဆံများ ထိမှန်၍ ရွာသား (၁၃)ဦး ဒါဏ်ရာ ရခဲ့ကြပြီး နှစ်ဦးသေဆုံးသွားခဲ့သည်။ ဒါဏ်ရာရသူများအနက် တဦးသည် ဆေးဝါးကုသမှု ခံယူရခြင်းမရှိဘဲ တညလုံးပေါက်သွေးများ တသွင်သွင် ယိုစီးလျက် လဲကျနေခဲ့ရသည်။ နောက်တနေ့တွင် မြန်မာစစ်တပ်မှ

ဆေးမှုများရောက်လာပြီး ၎င်း၏ လက်ကို ဖြတ်တောက် လိုက်သည့် အချိန်ထိဖြစ်သည်။ ဖြတ်တောက်ပြီး နောက်ပိုင်းမှာပင် အဆိုပါ ရွာသားသည် လူသားဒိုင်းအနေဖြင့် မြေပြင်ပေါ်တွင် ဆက်လျက် လဲလျောင်းနေခဲ့ရသည်။ ဒီဇင်ဘာ (၃)ရက်နေ့ တိုက်ပွဲ ခေတ္တရပ်တန့်နေသောအချိန် ရောက်မှသာ ရွာသူရွာသားများအားလုံးသည် ထွက်ပြေး လွတ်မြောက်လာခဲ့ခြင်းဖြစ်သည်။

ဤအစီရင်ခံစာတွင် ဖော်ပြထားသော ဒုတိယဖြစ်ရပ်ဆိုးကြီးမှာ ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ(၂၀) ရက်နေ့တွင် မြန်မာစစ်တပ်များက ကရင်နီစစ်သား သုံးဦးနှင့် ရွာသား တဦးတို့အား တရားစီရင်ရေးအရ မဟုတ်ဘဲ လက်လွတ်စပယ် သတ်ဖြတ်ခဲ့ကြခြင်း ဖြစ်သည်။ မြန်မာစစ်တပ်၏ တရားမဝင်သယ်ဆောင် လာသော သစ်များအား ကရင်နီ အမျိုးသား တိုးတက်ရေးပါတီမှ ရဲဘော်များက စစ်ဆေးတွေ့ရှိပြီးနောက်ပိုင်း ဤရာဇဝတ်မှုကြီး ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ မြန်မာစစ်သားများသည် ကရင်နီစစ်သားများ၏ လက်နက်သိမ်းဆည်းပြီးနောက် ဓါတ်ပုံရိုက် မှတ်တမ်းတင်မည့် အနေအထားမျိုးဖြင့် လှည့်စားပြီး နောက်ကွယ်မှ သွေးအေးအေးဖြင့် ပစ်ခတ် သတ်ဖြတ်ခဲ့ကြခြင်းဖြစ်သည်။

သို့ဖြင့် ဤပြစ်မှုကြီးမှာ စစ်ရာဇဝတ်မှု မြောက်ကြောင်းထင်ရှားသည်။ မြန်မာစစ်တပ်သည် အဘယ်ကြောင့် ယင်းသို့ ကျူးလွန်ရသနည်း။ ရည်ရွယ်ချက် နှစ်ခု ရှိကြောင်း သုံးသပ်သည်။ ကရင်နီပြည်နယ်က ပိုင်ဆိုင်သည့် သဘာဝ သယံဇာတများအား မြန်မာစစ်တပ်က ခိုးဝှက်မှုအပေါ် ထောက်ပြ စိန်ခေါ်လိုက်သော ကရင်နီအမျိုးသား တိုးတက်ရေးပါတီအား ခြိမ်းခြောက်ရန်မှာ ပထမ ရည်ရွယ်ချက် ဖြစ်သည်။ အဆိုပါ ပါတီအနေဖြင့် တနိုင်ငံလုံးပစ်ခတ် တိုက်ခိုက်မှုရပ်စဲရေးစာချုပ် (NCA)ကို လက်မှတ်ရေးထိုးစေရေးအတွက် ဖိအားပေးရန်မှာ ဒုတိယ ရည်ရွယ်ချက် ဖြစ်သည်။

ဤအစီရင်ခံစာတွင် ဖော်ပြထားသော တတိယ ဖြစ်ရပ်ဆိုးကြီးမှာ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ အတွင်း ကချင်ပြည်နယ် တနိုင်းဒေသရှိ ရွှေနှင့် ပယင်း တူးဖော်လုပ်ကိုင်လျက်ရှိသော အရပ်သားလူထု လေးထောင်ခန့် အား မြန်မာစစ်တပ်က မောင်းထုတ်ရာမှ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ မြန်မာ စစ်တပ်များသည် ကချင်လွတ်လပ်ရေး တပ်မတော် (KIA)၏ တိုက်ခိုက်မှု ရန်မှကာကွယ်နိုင်စေရန် အဆိုပါ အရပ်သားလူထုများအား လူသားဒိုင်း ဖြစ်စေရေးအတွက် တနေရာတွင် (၁၃)ရက် ကြာမျှ ရည်ရွယ်ချက်ရှိရှိ ပိတ်ဆို့ထားခဲ့သည်။ ၎င်းလူထုများအား မြေမြုပ်မိုင်းများမြုပ်ထားသည့် လမ်းကိုဖြတ်သန်းသွားရန် အမိန့် ပေးခဲ့သည်။ လူထု၏ပစ္စည်းများအား လုယက်၊ ယောကျာ်းသားများအားနိပ်စက်၊ လူသားချင်းစာနာထောက်ထားမှု အကူအညီ များအား ပိတ်ဆို့ခဲ့ကြသည်။

တနိုင်းဒေသတွင် နယ်မြေရှင်းလင်းရေးလုပ်သည့် မြန်မာစစ်တပ်၏ အကြောင်းပြချက်မှာ တွင်းထွက် သယံဇာတတူးဖော်မှုကို ရပ်ဆိုင်းရန်နှင့် သဘာဝ ပတ်ဝန်းကျင်ကိုကာကွယ်ရန်ဖြစ်သည်။ သို့ရာတွင်ရည်ရွယ်ချက် အစစ်အမှန်မှာမူ ဖားကန့် ဒေသရှိ ကျောက်စိမ်းလုပ်ကွက်ကဲ့သို့ သဘာဝ သယံဇာတပေါကြွယ်ဝသော တနိုင်း နယ်မြေအား မြန်မာစစ်တပ်ကိုယ်တိုင် ထိန်းချုပ်ရန်သာဖြစ်သည်။ တနိုင်းသည် တည်နေရာအရ မဟာဗျူဟာ အချက်အချာကျသော ဒေသလည်းဖြစ်သည်။ တရုတ် နိုင်ငံနှင့်အိန္ဒိယနိုင်ငံ အရှေ့မြောက်ဒေသတို့ကို ဆက်သွယ်ထားသောလီဒိုလမ်းဟောင်းမှာ တနိုင်းဒေသကို ဖြတ်သန်းသွားသောကြောင့်ဖြစ်သည်။

ပြည်တွင်းစစ် ဖြစ်နေသမျှကာလပတ်လုံး အဆိုပါစစ်ရာဇဝတ်မှုများ ဆက်လက် ပေါ်ပေါက်နေအုံး မည်သာဖြစ်သည်။ ပြစ်မှုကြီးများကျူးလွန်ခဲ့၊ ကျူးလွန်ဆဲဖြစ်သော မြန်မာစစ်တပ်သည် လွတ်ငြိမ်းခွင့် ရနေပါ အုံးမည်။ သို့ရာတွင် တနိုင်ငံလုံး ပစ်ခတ် တိုက်ခိုက်မှုရပ်စဲရေးစာချုပ်(NCA) ကို ဗဟိုပြု ထားသည့် လက်ရှိ ငြိမ်းချမ်းမှုရှာဖွေရေး ဖြစ်စဉ်ဟု အပေါ်ရံအားဖြင့် ခေါ်ဆိုကြသော လုပ်ငန်းစဉ်များအောက်တွင် စစ်မှန်သော ငြိမ်းချမ်းမှုကို ရနိုင်ဖွယ်မရှိပါ။ မြန်မာစစ်ခေါင်းဆောင်များသည် အဆိုပါလုပ်ငန်းစဉ်များကို အသုံးချလျက် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ လည်ပတ်မှုအားကောင်း စေရန်သာ ဆောင်ရွက်လျက်ရှိသည်။ တိုင်းရင်းသား ပြည်နယ်များပိုင်သဘာဝ သယံဇာတများအား အမြတ်ထုတ်ခေါင်းပုံဖြတ်ခြင်းကိုသာ အရှိန် တိုးမြှင့်လုပ်ဆောင် သွားမည်ဖြစ်သည်။

အထက်ပါတို့ကို အခြေခံလျက် ဥပဒေအထောက်အကူပြုကွန်ရက်အနေဖြင့် အောက်ပါအတိုင်း ထောက်ခံတင်ပြ အကြံပြုသည်။

- ဖက်ဒရယ်စနစ် မူဝါဒများအပေါ် အခြေခံလျက် တိုင်းရင်းသားပြည်နယ်များ၏ ဖွဲ့စည်းပုံ အခြေခံဥပဒေများ နှင့် အတူ ဖက်ဒရယ်ဒီမိုကရက်တစ် ဖွဲ့စည်းပုံ အခြေခံဥပဒေတရပ် ပေါ်ပေါက်လာရေးအတွက် စုစည်းညီညွတ်သောအားထုတ် ကြိုးပမ်းမှု များအား အရေးတကြီးလိုအပ်လျက်ရှိပါသည်။
- ငြိမ်းချမ်းရေးဆိုင်ရာအကြပ်အတည်းများကို ကျော်လွှားနိုင်ရန် တရုတ်၊ ဂျပန်၊ အင်ဒိုနီးရှား၊ ဆွစ်ဇာလန်နှင့် ကနေဒါနိုင်ငံတို့မှ အစိုးရ ကိုယ်စားလှယ်များ ပါဝင်ဖွဲ့စည်းထားသည့် တတိယ အင်အားစု၏ အခန်းကဏ္ဍကို တောင်းဆိုသင့်၊ ပံ့ပိုးဖြည့်ဆည်းပေးသင့်ပါသည်။
- ပြင်းထန်သောရာဇဝတ်မှုကြီးများအား ကျူးလွန်ခဲ့၊ ကျူးလွန်ဆဲဖြစ်သည့် မြန်မာ စစ်တပ်မှ တရားခံများအား ဥပဒေကြောင်းအရ ထိရောက်စွာ အရေးယူ

စေနိုင်ရန် ကုလသမဂ္ဂအချက်အလက် ရှာဖွေရေးမစ်ရှင် အနေဖြင့် မြန်မာနိုင်ငံအတွက် မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံတကာ ပြစ်မှုတရားရုံး အသစ်တရပ် ဖွဲ့စည်းပေးရန်ဖြစ်စေ၊ ကုလသမဂ္ဂ လုံခြုံရေးကောင်စီက မြန်မာနိုင်ငံ၏ အခြေအနေအား နိုင်ငံတကာ ပြစ်မှုဆိုင်ရာတရားရုံး(ICC)သို့ လွှဲပြောင်း ပေးအပ်ရန်ဖြစ်စေ ထောက်ခံတင်ပြရေးအတွက် စဉ်းစားသင့်ပါသည်။

- လူ့အခွင့်အရေးကို အဓိကထားကြိုးပမ်းလှုပ်ရှား နေကြသော နိုင်ငံတကာနှင့် ပြည်တွင်းရှိ အဖွဲ့အစည်း များသည်လည်း ဒေါ်အောင်ဆန်းစုကြည်အစိုးရအား ရှုံ့ချခြင်းဖြင့် ၎င်းတို့၏ ကိုယ်ကျင့်တရားနှင့် လူ့ကျင့်ဝတ်ဆိုင်ရာ ရပ်တည်ချက်ကို ထုတ်ဖော်ပြသရန် တာဝန်ရှိသည်။ အဘယ်ကြောင့်ဆိုသော် ဒေါ်အောင်ဆန်းစုကြည်အစိုးရက ရခိုင်ပြည်နယ်တွင် ရိုဟင်ဂျာများအား ဆန့်ကျင်ကျူးလွန်မှု အပါအဝင် တိုင်းရင်းသားပြည်နယ်များတွင် ဖြစ်ပွားလျက်ရှိသော ရာဇဝတ်မှုကြီးများနှင့် စပ်လျဉ်း၍ နှုတ်ဆိတ် နေသောကြောင့် ဖြစ်သည်။ ယင်းမှာ နိုင်ငံတကာဥပဒေ၏ စံထားချက် ဖြစ်သည့် အကြီးအကဲ၏ အမိန့်ပေးခြင်းအရ တာဝန်ရှိမှုအပေါ် တာဝန်ခံရမည် ဖြစ်သောကြောင့်ပင်။
- တိုင်းရင်းသားပြည်နယ်များတွင် ရင်းနှီးမြှုပ်နှံလျက်ရှိသော နိုင်ငံခြားနှင့် ပြည်တွင်းမှ ကုမ္ပဏီများသည် အဆိုပါ ပြည်နယ်များနှင့် ယင်းပြည်နယ်များအတွင်း မှီတင်းနေထိုင်လျက်ရှိသော ဒေသခံဌာနေ တိုင်းရင်းသားများ၏ အခွင့်အရေးများကို ဥပက္ခာပြုထားသောကြောင့် မြန်မာနိုင်ငံအပေါ် စီးပွားရေး ပိတ်ဆို့မှုများ ချမှတ်ဆောင်ရွက် သင့်ပါသည်။

# အပိုင်း (၁)

## စစ်ရာဇဝတ်မှုများ၏နောက်ခံသမိုင်းအကျဉ်း

မြန်မာနိုင်ငံ၏ပြည်တွင်းစစ်သည် ကမ္ဘာတွင်အရှည်လျားဆုံးဖြစ်သည်။ အင်္ဂလိပ်လက်အောက်မှ လွတ်လပ်ရေးရရှိသည့် ၁၉၄၈ ခုနှစ် မှစတင်ပေါ်ပေါက်ခဲ့သည်မှာ ယနေ့ထိဆိုလျှင် နှစ်ပေါင်း(၇၀)ရှိပြီဖြစ်သည်။ ယင်းပြည်တွင်းစစ်တွင် ပြည်သူများ အထူးသဖြင့် စစ်ဒါဏ်ခံရသည့်ဒေသများရှိ တိုင်းရင်းသားလူမျိုးစုများ၏ ထိခိုက်သေဆုံးမှုနှင့် ပျက်စီးဆုံးရှုံးမှုများ မရေမတွက်နိုင်အောင်ပင်။ ယင်းတို့အားလုံးနီးပါးသည် ၂၀၁၁ခုနှစ် မှ၂၀၁၆ခုနှစ် အတွင်း သမ္မတဦးသိန်းစိန်၏ အရပ်သားအယောင်ဆောင် စစ်အစိုးရ အပါအဝင် ယခင် အဆက်ဆက်သောစစ်အစိုးရများအောက်တွင် မြန်မာစစ်တပ်က ကျူးလွန်ခဲ့ခြင်းဖြစ်သည်။ ယင်းကျူးလွန်သူ များကပင် ပိုမိုစက်ဆုပ်ရွံရှာဖွယ် စစ်ရာဇဝတ်မှုများနှင့်လူမျိုးတုန်းသတ်ဖြတ်မှုများကို ၂၀၁၆ ခုနှစ်တွင် အာဏာရလာသော ဒီမိုကရေစီနည်းကျရွေးချယ်တင်မြောက်ခံရသော အရပ်သားအစိုးရဟု ခေါ်သည့်အစိုးရ လက်အောက်တွင် ကျူးလွန်ခဲ့ကြပြန်သည်။

ပြည်တွင်းစစ်ကို အဆုံးသတ်နိုင်ရန်အတွက် ဗမာပြည်ကွန်မြူနစ်ပါတီမှ အစပြု၍ တိုင်းရင်းသား လက်နက်ကိုင်တော်လှန်ရေး အဖွဲ့အစည်းများသည် စစ်မက်ဖက်ပြိုင်နေသာ အဖွဲ့အစည်းများအကြား နိုင်ငံရေး တွေ့ဆုံဆွေးနွေးမှု များကို ဖော်ဆောင်ခြင်းနှင့် နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းရန် ဆယ်စုနှစ်များစွာ ကြိုးပမ်းခဲ့ကြသည်။ ကံအကြောင်းမလှစွာပင် ယင်းကြိုးပမ်းမှုများကို အဆက်ဆက်သော မြန်မာစစ်အစိုးရများက လစ်လျူရှုခဲ့ကြသည်။ ဗမာပြည်ကွန်မြူနစ်ပါတီကို ဝပြည်သွေးစည်းညီညွတ်ရေး ပါတီ (UWSP) က ၁၉၈၉ခုနှစ်ဧပြီလတွင် ဖယ်ရှားခဲ့ပြီးနောက် လများမကြာမီတွင် ဗိုလ်ချုပ်ကြီးခင်ညွန့်ဦးဆောင်သော မြန်မာစစ်အုပ်စုသည် "ဝ" တို့နှင့် တရားဝင်အပစ်အခတ်ရပ်စဲရေး ရယူခဲ့ကြသည်။ ထိုအချိန်မှစ၍ "အပစ်အခတ် ရပ်စဲရေး" ဝေါဟာရအသုံးတွင်လာတော့သည်။ ၁၉၉၀ခုနှစ်တွင် မြန်မာနိုင်ငံ ဒီမိုကရက်တစ်မဟာမိတ် အဖွဲ့ချုပ် (DAB)[1] (ဒီမိုကရက်တစ်နှင့် တိုင်းရင်းသား အင်အားစုများ၏

---

[1]ဒီအေဘီ– ကရင့်အမျိုးသားအစည်းအရုံး KNUထိန်းချုပ်ထားသော မာနယ်ပလောလွတ်မြောက်နယ်မြေတွင် အခြေစိုက်သည့်ဒီမိုကရေစီ အင်အားစုများနှင့် တိုင်းရင်းသား အင်အားစုများပါဝင်သောအားကောင်းသည့်

လက်နက်ကိုင်တပ်ပေါင်းစု)က ငြိမ်းချမ်းသော နိုင်ငံရေး ဆွေးနွေးပွဲများ ဖြစ်ပေါ်လာစေရေးအတွက် နိုင်ငံ၏အစိတ်အပိုင်းအချို့ထက် နိုင်ငံတဝှမ်းလုံးကို လွှမ်းခြုံသော တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးကို တောင်းဆိုခဲ့သည်။ သို့ရာတွင် မြန်မာစစ်အုပ်စုက ကြိမ်ဖန်များစွာ မသိကျိုးကျွန် ပြုခဲ့သည်။

၂၀၁၁ခုနှစ်၌ ၂၀၀၈ဖွဲ့စည်းပုံအခြေခံ ဥပဒေအောက်တွင် အာဏာရလာသော ဦးသိန်းစိန်အစိုးရ တာဝန်ယူပြီး လအနည်းငယ်အတွင်းတွင် မြန်မာစစ်တပ်နှင့် ကချင်လွတ်လပ်ရေးအဖွဲ့ (KIO) တို့အကြား တိုက်ခိုက်မှုများ ပြန်လည်ဖြစ်ပွားလာခဲ့ပြီး ရလဒ်အဖြစ် ၁၉၉၄ခုနှစ်က ရယူခဲ့သော စစ်အစိုးရနှင့် KIO အကြား အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် ပျက်ပြားခဲ့ရသည်။

တဆက်တည်းမှာပင် စစ်အစိုးရအသစ်သည် ၂၀၁၂ခုနှစ်တွင် လေတလုံး မိုးတလုံး ငြိမ်းချမ်းရေးလေသံ ဟစ်လာ ပြန်သည်။ ၂၀၁၁ ခုနှစ်၌ တိုက်ပွဲများ ပြန်လည်

---

တော်လှန်ရေးတပ်ပေါင်းစုဖြစ်သည်။ ယင်းသည် ၁၉၉၀ခုနှစ်မှစ၍ အနာဂါတ်ဖက်ဒရယ်ပြည်ထောင်စုမြန်မာနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေ(မူကြမ်း) ရေးဆွဲမှုကိုစတင်ခဲ့သည်။ တဆက်တည်းမှာပင် ယင်းလုပ်ငန်းစဉ်ကို ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီ (NCUB) နှင့်ဖွဲ့စည်းပုံရေးဆွဲရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးကော်မတီ (FCDCC) တို့ကဆက်ခံခဲ့သည်။ တိုင်းရင်းသားခေါင်းဆောင်များနှင့်သူတို့၏ပြည်နယ်များ၏ဆန္ဒကို ထင်ဟပ်လျက်၁၉၄၇ပင်လုံစာချုပ်သာမက ဖက်ဒရယ်အခြေခံမူများကိုထင်ဟပ်ထားသော၁၉၆၁တွင် ကျင်းပခဲ့သည့် တောင်ကြီး ညီလာခံတို့တွင် ဖော်ပြထားသည့် ဖွဲ့စည်းပုံ မူကြမ်းသည် "အမျိုးသားပြည်နယ်များ" နှင့် "အမျိုးသားများပြည်နယ်များ" ကို ဖက်ဒရယ် ပြည်ထောင်စုကိုဖွဲ့စည်းတည်ဆောက်သော ယူနစ်များအဖြစ်အဆိုပြုထားသည်။ ၁၉၄၇ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ကျင့်သုံးပြီး ၂၀၀၈ဖွဲ့စည်းပုံကဆက်ခံခဲ့သည့် "တိုင်းများ" ဖွဲ့စည်းမှုကိုငြင်းပယ်ထားသည်။ နောက်ပိုင်းနှစ်များတွင် မြန်မာနိုင်ငံ ရှေ့နေများကောင်စီက ဥပဒေရေးရာကူညီပံ့ပိုးမှုများကို ပေးခဲ့သည်။ အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)၊ တိုင်းရင်းသားလူထုအခြေပြုအဖွဲ့များ၊ တိုင်းရင်းသား လူငယ်နှင့်လူ့အခွင့်အရေး အဖွဲ့အစည်းများကလည်း လုပ်ငန်းစဉ်တွင် ပါဝင်ခဲ့ကြသည်။ နိုင်ငံတကာအသိုင်းအဝိုင်းမှ ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့် ဥပဒေဆိုင်ရာ ပညာရှင်များပါဝင်ပြီးအစည်းအဝေးများ၊ ဆွေးနွေးပွဲများ၊ နှီးနှောဖလှယ်ပွဲများ အများအပြားကိုကျင်းပခဲ့သည်။ ၁၈နှစ်ခန့်အချိန်ယူပြီးနောက်တွင် FCDCC ၏ပံ့ပိုးမှုဖြင့် ဖက်ဒရယ်ဖွဲ့စည်းပုံအခြေခံဥပဒေဒုတိယမူကြမ်းကိုထုတ်ခဲ့သည်။

ဖြစ်ပွားခဲ့သော KIO ကို အပစ်အခတ်ရပ်စဲရေး အခြေ အနေအောက်သို့ ပြန်လည်ရောက်ရှိလာစေရန် သွေးဆောင်ဖျားယောင်းသည့် အနေနှင့် "တစ်နိုင်ငံလုံး" ဟူသော ဝေါဟာရကိုဖြည့်စွက်လျက် အပစ်အခတ် ရပ်စဲရေး အခြေခံသောနိုင်ငံရေးလှည့်ကွက်ကို ဖန်တီးခဲ့သည်။ သို့ဖြင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက် (NCA) ပေါ်ပေါက်လာရန် အခြေအနေများ ဖြစ်ပေါ်လာခဲ့သည်။ ဒီအေဘီက မူလစတင်တောင်းဆိုခဲ့သော တနိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးနှင့် ဦးသိန်းစိန် အစိုးရလက်ထက်တွင် အဓိကပုံဖော်ခဲ့သော တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူညီချက် (NCA)တို့မှာ လုံးဝဥသုံဆန့်ကျင်လျက်ရှိသည်။ ဒီအေဘီတောင်းဆိုချက်မှာ စစ်အစိုးရအနေဖြင့် တဖက်သတ် အပစ်အခတ် ရပ်စဲရေးကို ကြေညာရန်၊ အသိအမှတ်ပြုရန်နှင့် အကောင်အထည်ဖော်ရန်ဖြစ်ပြီး နောက်ပိုင်းတွင် လက်နက်ကိုင်တော်လှန်ရေး အဖွဲ့အစည်းများက မည်သည့် တရားဝင်သဘောတူညီချက်ကိုမျှ လက်မှတ် ရေးထိုးခြင်း မပြုပဲ လိုက်ပါဆောင်ရွက်သွားရန်ဖြစ်သည်။ NCA မှာမူ ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သောမြန်မာစစ်တပ်က လတ်တလောတွင် အသုံးချအမြတ်ထုတ်လျက်ရှိနေသည့် အမည်ခံ ငြိမ်းချမ်းရေးရှာဖွေမှု လုပ်ငန်းစဉ်ကို တရားဝင်ဖြစ်စေရန် လက်နက်သဖွယ်အသုံးပြုလိုသော ရည်ရွယ်သည့် သဘောတူညီချက် ဖြစ်သည်။ ဒီအေဘီခေတ်က စတင်၍ တနိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးကို တစိုက်မတ်မတ်တောင်းဆိုခဲ့ကြသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကို ဦးသိန်းစိန်အစိုးရက NCA ၏ အစိတ်အပိုင်းအဖြစ် တဖြည်းဖြည်းခြင်း သိမ်းသွင်းနိုင်ခဲ့သည်။ ဖြစ်နိုင်ချေရှိသော တွေ့ဆုံဆွေးနွေးရေး အခွင့်အလမ်းကို ရယူရန်စဉ်းစားလျက် KIO ဦးဆောင်သော ညီညွတ်သောတိုင်းရင်းသားလူမျိုးများဖက်ဒရယ် ကောင်စီ (UNFC) သည် ဦးသိန်းစိန်အစိုးရနှင့် ဆွေးနွေးခဲ့သည်။ အပစ်အခတ်ရပ်စဲရေးသဘောတူညီချက် သက်သက်မဟုတ်ပဲ နောက်ခံနိုင်ငံရေးသဘောတူညီချက်များကို NCA အတွင်းထည့်သွင်းနိုင်ရေးကိုကြိုးပမ်း ခဲ့သည်။ ရလာဒ်အားဖြင့် အောက်ပါနိုင်ငံရေး သဘောတူညီချက်ကို NCA ၏အခန်း (၁) အပိုဒ် (၁) (က)တွင် တွေ့ရသည်။ ယင်းမှာ အပစ်အခတ်ရပ်စဲရေးမှ ထွက်ပေါ်လာသော ကိစ္စရပ်များကိုသာ ကိုင်တွယ်ရမည့် NCA ၏ အနေအထားနှင့် ဆန့်ကျင်နေကြောင်းတွေ့နိုင်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အား ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့်အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး[2] တို့ကို ရှေးရှု၍ လွတ်လပ်မှု၊ တန်းတူညီမျှမှုနှင့် တရားမျှတမှု တို့ကိုအခြေခံပြီး ပင်လုံစိတ်ဓါတ်[3]နှင့်အညီ ဒီမိုကရေစီရေး၊ အမျိုးသား တန်းတူရေးနှင့် ကိုယ်ပိုင် ပြဌာန်းခွင့်အခွင့်အရေးများ အာမခံချက်များ အပြည့်အဝ ရှိသော၊ ဒီမိုကရေစီနှင့် ဖက်ဒရယ် စနစ်တို့ကို အခြေခံသည့် ပြည်ထောင်စုကို နိုင်ငံရေးဆွေးနွေးပွဲ ရလဒ်များနှင့်အညီ တည်ဆောက်သွားရန်။[4]

သို့ရာတွင် အထက်ဖော်ပြပါ စာပိုဒ်တွင်သာမကစာချုပ်၏ အခြား နေရာများတွင် ပါရှိသော ရှင်းလင်းတိကျမှု မရှိသည့် ဝေါဟာရများကြောင့် တိုင်းပြည်တည်ငြိမ်မှုအစား ဆိုးဝါးသောလူ့အခွင့်အရေးချိုးဖောက်မှုကြီးများ ဖြစ်ပွားလျက်ရှိသည်။ ဥပမာ- ၁၉၄၇ ခုနှစ်ဖေဖော်ဝါရီ(၁၂)ရက်နေ့တွင် ချုပ်ဆိုထားခဲ့သည့် ပင်လုံစာချုပ်ပါ တိကျသော သဘောတူညီ ချက်များကို ကိုးကားရမည့်အစား NCA တွင် ပင်လုံ "စိတ်ဓါတ်" ဟူသော ဝေါဟာရ ကိုသာ ဖော်ပြထားသည်။

ထို့အတူသဘောတူညီစာချုပ်တစ်ခုလုံးထဲတွင် "ဖက်ဒရယ်စနစ်"၊ "အမျိုးသား တန်းတူရေး"နှင့် "ကိုယ်ပိုင် ပြဌာန်းခွင့်" တို့၏ တိကျသော အဓိပ္ပာယ်သတ်မှတ်ချက် မပါရှိပေ။ သို့ဖြစ်ရာ အထက်ဖော်ပြထား သော နိုင်ငံရေးသဘောတူညီချက်ကို ဖော်ဆောင်ရန်ကြိုးပမ်းသည့်အခါ စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စု ပေါ်ထွန်းရေး အတွက် မည်သည့် တိကျသော လုပ်ငန်းစဉ်ကိုမျှ မလုပ်ဆောင်နိုင်ပဲ လုပ်ငန်းစဉ်

---

[2]ဤနေရာတွင် "အချုပ်အခြာအာဏာ" ဟူသောစကားလုံးသည်ဝေဝါးလျက်ရှိသည်။ ယင်းသည် "နိုင်ငံတော်၏အချုပ်အခြာအာဏာ" ကိုအခြေပြုသော "တင်းကြပ်သည့်ဗဟိုချုပ်ကိုင်မှုကို" ကျင့်သုံးသော တပြည်ထောင်စနစ်ကိုထင်ဟပ်သည်။ "လူထု၏အချုပ် အခြာအာဏာ" နှင့် "ပြည်နယ်အချုပ်အခြာအာဏာ" တို့ကိုအခြေခံ၍ "သင့်လျော်သောဗဟိုချုပ်ကိုင်မှု" ကိုရှာဖွေရသည့် ဖက်ဒရယ်စနစ်နှင့် ကိုက်ညီခြင်းမရှိပါ။ သို့ဖြစ်ရာ အနာဂတ်မြန်မာနိုင်ငံတွင် "ပြည်ထောင်စု၏အချုပ်အခြာအာဏာသည်ယင်းကို ဖွဲ့စည်းထားသော ပြည်နယ်များနှင့်ယင်းတို့တွင်နေထိုင်သောပြည်သူများထံမှသာဆင်းသက်သည်ဟူသော ဥပဒေသနှင့်ကိုက်ညီသည့် "အချုပ်အခြာအာဏာ" ကိုသာကျင့်သုံးသင့်သည်။

[3]ဤနေရာတွင် "စိတ်ဓါတ်"ဟူသောဝေါဟာရသည်ရှင်းရှင်းလင်းလင်းမရှိရုံမက သင့်လျော်ခြင်းလည်းလုံးဝမရှိပါ။ ယင်းကိုကျင့်သုံးမည် ဆိုပါက ရှုတ်ထွေးမှု များဖြစ်ပေါ်လာမည်။ စိတ်ဓါတ်ကိုမည်သို့ကျင့်သုံးမည်နည်း။ ပင်လုံကိုမှီငြမ်းမည်ဆိုပါက စာချုပ်ပါသဘောတူညီချက် များကိုသာ ကျင့်သုံးရမည်။

[4]NCA ၏အခန်း (၁) အပိုင်း (၁)(က)

တစ်ခုလုံးသည် ၂၀၀၈ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေ မူဘောင်အတွင်း၌ အဆုံးသတ်နေပေသည်။

အထက်ပါနိုင်ငံရေး သဘောတူညီချက်တွင် ခြွင်းချက်စကားစုဖြစ်သော "နိုင်ငံရေး ဆွေးနွေးပွဲ ရလဒ်များနှင့်အညီ"- ဟူသော ဖော်ပြချက်မှာ စာပိုဒ်တစ်ခုလုံးကိုလွှမ်းမိုးနေသည်။ သို့ဖြစ်ရာ 'ဖက်ဒရယ်စနစ်'၊ 'အမျိုးသား တန်းတူရေး'၊ 'ကိုယ်ပိုင် ပြဋ္ဌာန်းခွင့်' စသည့်စကားလုံးများသည်ပင်လျှင်NCA တွင် မူလဖော်ပြ ထားသော ပင်ကိုယ်တိကျသောဝေါဟာရ အနက်အဓိပ္ပာယ် ဖွင့်ဆိုချက်များအတိုင်း မဟုတ်တော့ပဲ။ အမည်ခံ နိုင်ငံရေးဆွေးနွေးပွဲများ၏ နောက်ဆက်တွဲလုပ်ငန်းစဉ်များပေါ်တွင် မူတည်၍ သာမျှော်လင့်နိုင်သည့် အလား အလာမျိုး ဖြစ်နေပေတော့သည်။

NCA ၏ ရလဒ်ဖြစ်သည့် နိုင်ငံရေးဆွေးနွေးပွဲမူဘောင် စာပိုဒ် ၆-၂ အရ နိုင်ငံရေးဆွေးနွေးပွဲ ဟုခေါ် ဆိုသည့် ဆွေးနွေးပွဲများကို မြန်မာစစ်တပ်က အောက်ပါအတိုင်းလုပ်ထုံးလုပ်နည်းအရ တင်းကြပ်စွာ ထိန်းချုပ်ပြီး နောက်ပိုင်းတွင်မူ အထက်တွင် ဆိုခဲ့သော အလားအလာမှာ ပျောက်ဆုံးသွားပြီး ဖြစ်ကြောင်း ရှင်းလင်းစွာ တွေ့နိုင်ပေသည်။

> ဖက်ဒရယ်အခြေခံမူများ၊ အမျိုးသားလုံခြုံရေးနှင့် လုံခြုံရေးဆိုင်ရာ ပေါင်းစည်းမှုများ အပေါ် အခြေခံသော ပြည်ထောင်စု တည်ဆောက်မှုဆိုင်ရာ ကိစ္စရပ်များ အပါအဝင် အစုအဖွဲ့ လိုက် ကော်မတီများမှ ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံသို့ တင်သွင်း လာသော အရေးကြီးကိစ္စရပ် များကို အနည်းဆုံး အစုအဖွဲ့တစ်ခုချင်းစီမှ တက်ရောက်လာသော ကိုယ်စားလှယ်များ၏ ၇၅ရာခိုင်နှုန်းနှင့် တက်ရောက်သော ကိုယ်စားလှယ်စုစုပေါင်း၏ ၇၅ရာခိုင်နှုန်း၏ သဘောတူညီမှုဖြင့်သာ အတည်ပြုရမည်။

သို့ဖြစ်ရာအနည်းဆုံးလိုအပ်သောမဲအရေအတွက်သည် မြင့်မားလွန်းနေသည်။ မြန်မာစစ်တပ်က ကိုယ်စားလှယ်များက လူနည်းစုဗီတိုကိုအသုံးပြုနိုင်သဖြင့် ဖက်ဒရယ်အခြေခံများအပေါ် ဆုံးဖြတ်ချက်ချမှတ် သည့်အခါတွင် တိုင်းရင်းသား ခေါင်းဆောင်များက ရှုံးနိမ့်မည်ဖြစ်သည်။ သို့ဖြစ်၍စစ်မှန်သော ဖက်ဒရယ် ပြည်ထောင်စု[5] ပေါ်ထွန်းရေးကို

---

[5]ဖက်ဒရယ်စနစ်ကိုကျင့်သုံးသည့်အခါအထူးသဖြင့်မြန်မာနိုင်ငံတွင်သဘာဝအရင်းအမြစ်စီမံခန့်ခွဲမှုသည်သင့်တော်သောမြေယာမူဝါဒနှင့်အညီရေးဆွဲရန် လိုအပ်ပြီးအလွန်အရေးကြီးပေသည်။အစိုးရများကကျင့်သုံးသောမည်သည့်မြေယာမူဝါဒမဆို- ပြည်ထောင်စု သို့မဟုတ် ပြည်နယ်အစိုးရများက ကျင့်သုံးသည်ဖြစ်စေ- လူတစ်ဦးချင်း၏မြေယာပိုင်ဆိုင်မှုအခွင့်အရေးကို (အကန့်အသတ်နှင့်) တရားဝင် အသိအမှတ်ပြုပြီး မြေယာဥပဒေသစ်နှင့်အညီ ကုလသမဂ္ဂဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာအခွင့်အရေး ကြေညာစာတမ်းနှင့် ဥပဒေအထောက်အကူပြုကွန်ရက်

မည်သည့်အခါမျှ မျှော်လင့်နိုင်မည်မဟုတ်ပေ။ ယင်းသည် NCA မှ ပေါ်ထွက်လာသော နိုင်ငံရေးဆွေးနွေးမှုမူဘောင်ကြောင့် ဖြစ်ပေါ်လာသော အနုတ်လက္ခဏာဆောင်သည့် ရလဒ်ဖြစ်သည်။ ထို့အပြင် NCA ၌ သဘောတူစာချုပ်တိုင်းတွင်ပါရှိရမြဲဖြစ်သော အတင်းအကြပ် အတည်ပြုမှု ယန္တရား ကင်းမဲ့ လျက်ရှိသည်။ သို့ဖြစ်၍ NCA ကို လက်မှတ် ရေးထိုးထားသော တိုင်းရင်းသားအဖွဲ့အစည်းများကလိုက်နာ သော်လည်း ချိုးဖောက်သော မြန်မာစစ်တပ်၏ပြန်လည်တိုက်ခိုက်လာမှုများကို ဟန့်တား နိုင်ခြင်းမရှိ။ အဆိုးဆုံးမှာ NCA စာချုပ်တစ်ခုလုံးတွင် လက်ရှိကျင့်သုံးနေသော နိုင်ငံရှိဥပဒေများ ချိတ်ဆက်ထားမှုမရှိခြင်းဖြစ်သည်။ NCA ပါ သဘော တူညီချက်များမှာ တရားစီရင်ပိုင်ခွင့် ဘောင်ထဲမှကင်းလွတ်နေသည်။ အကျိုးဆက်အားဖြင့် တရားဝင်ဖြစ်မှုရှုထောင့်မှ ကြည့်လျှင် NCA ၏ တည်ရှိမှုမှာ အဓိပ္ပါယ်ကင်းမဲ့နေသည်။ ထိခိုက်နစ်နာမှုရှိသော အဖွဲ့အနေနှင့် NCA မှ ပေါ်ပေါက်လာသော အငြင်းပွားမှုများအတွက် နောက်ဆုံးအဆုံး အဖြတ်အဖြစ် တရားရုံးများတွင် စီရင်ဆုံးဖြတ်ခွင့်ကိုရယူပိုင်ခွင့်မရှိ။ စစ်မက်ဖက် ပြိုင်နေသော အဖွဲ့များ၏ ကိုယ်စားလှယ်များဖြင့်သာ အဓိကဖွဲ့စည်းထားသော ပူးတွဲ စောင့်ကြည့်ရေးကော်မတီ[6]သည်လည်း လွတ်လပ်သောအဖွဲ့အစည်း မဟုတ်ခြင်း ကြောင့် ထိရောက်သော လုပ်ဆောင်မှုများမလုပ်ဆောင်နိုင်ပေ။ အသွင်ကူး ပြောင်း ရေးကာလ[7] အတွင်းလိုအပ် သောအရေးယူဆောင်ရွက်မှုများ အကောင်အထည်ဖော်ရန် အားနည်းခြင်း ကြောင့် ပေါ်ပေါက်လာသော ကိစ္စရပ်များကို ဖြေရှင်းရမည့်အစား 'အပစ်အခတ်ရပ်စဲရေး' ကိစ္စကိုပင် ထိန်းသိမ်း နိုင်စွမ်းမရှိ ဖြစ်နေသည်။[8]

---

ကုလသမဂ္ဂဌာနေ တိုင်းရင်းသားများ အခွင့်အရေးဆိုင်ရာကျေညာစာတမ်းများကို ထင်ဟပ်လျက် ပြည်ထောင်စုမြန်မာနိုင်ငံဖက်ဒရယ်ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့်အညီ ပြန်လည်ပြဌာန်းပြီး ကျန်ရှိနေသောမြေယာများအားစီမံခန့်ခွဲခွင့်သည် တိုင်းရင်းသားပြည်နယ်များမှအစိုးရများတွင် အဓိကရှိရမည်။

[6]NCA အခန်း၄၊စာပိုဒ်၁၂

[7]NCA အခန်း၆၊စာပိုဒ်၂၅

[8]အပစ်အခတ်ရပ်စဲရေးထိန်းသိမ်းမှုသည်မြန်မာ့တပ်မတော်ခေါင်းဆောင်များ၏ဆန္ဒအပေါ်တွင်သာမူ တည်နေပြီးတရားဥပဒေစိုးမိုးမှုကိုဆန့်ကျင်လျှက်ရှိသည်။ UWSP သည်၁၉၈၉ခုနှစ်တွင်မြန်မာစစ်ခေါင်းဆောင်များနှင့်အပစ်အခတ်ရပ်စဲရေးသဘောတူညီ ချက် ရရှိခဲ့သော်လည်း NCA ကိုလက်မှတ် ရေးထိုးခြင်း မရှိပါ။သို့ရာတွင်နှစ်ဖက်စစ်ပြိုင်အဖွဲ့များအကြားတိုက်ပွဲများမရှိပါ။ UWSP ကဲ့သို့ပင် ရှမ်းပြည်တိုးတက်ရေးပါတီသည်လည်း ၂၀၁၂ခုနှစ် ဇန်နဝါရီတွင် အပစ်အခတ်ရပ်စဲရေးသဘောတူညီခဲ့သည်။သို့ရာတွင်မြန်မာ့တပ်မတော်က SSPP ကိုအကြိမ်၂၀၀ကျော် တိုက်ခိုက်ခဲ့သည်။ ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ(RCSS) သည်

သို့ဖြစ်ရာ NCA သည် ဥပဒေစိုးမိုးရေးကိုမဏ္ဍိုင်ပြုသည့် တရားဝင်စာချုပ်ဖြစ်မလာပေ။ လူ့အခွင့်အရေး မြှင့်တင်ရေးနှင့်ကာကွယ်ရေးကိုလည်း မဖော်ဆောင်နိုင်ပေ။ ယင်းအစား NCA သည် အမည်ခံ ငြိမ်းချမ်းရေး ဆွေးနွေးပွဲလုပ်ငန်းစဉ်ကို တရားဝင်ရန်ပံ့ပိုးသည့် စာရွက်စာတမ်းသာ ဖြစ်လာခဲ့သည်။ NCA အောက်တွင် ကျင်းပသော ၂၁ရာစုပင်လုံညီလာခံနှင့် နောက်ဆက်တွဲနိုင်ငံရေးဆွေးနွေးမှုများသည် မြန်မာနိုင်ငံပြည်သူများနှင့် နိုင်ငံတကာအသိုင်းအဝိုင်းကို ရှမ်းပြည်မြောက်ပိုင်းမုံးကိုးဒေသနှင့် အခြားသော တိုင်းရင်းသားပြည်နယ်များ တွင် ဖြစ်ပွားနေသောစစ်ရာဇဝတ်မှုများ အပါအဝင် ကြီးမားသောလူ့အခွင့်အရေး ချိုးဖောက်မှုများမှ အထိုက်အလျောက် အာရုံလွှဲပြောင်းနိုင်ရန် ကြိုးစားမှုတခုမျှသာဖြစ်နေသည်။ လက်ရှိ NCA သည် စစ်မှန်သော ငြိမ်းချမ်းရေး ဖော်ဆောင်မှုလုပ်ငန်းစဉ်ကို အောင်မြင်အောင် ဖော်ဆောင်နိုင်ခြင်း မရှိသည်မှာ ပိုမိုထင်ရှား လာခဲ့ပါသည်။

သို့ဖြစ်ရာ NCA တွင် ပါဝင်သောအကြောင်းအရာများနှင့် အကောင်အထည်ဖော်ရန် လုပ်ငန်းစဉ်များသည် ငြိမ်းချမ်းရေးရှာဖွေမှု လုပ်ငန်းစဉ်ဟုခေါ်ဆိုသောလုပ်ငန်းစဉ်တစ်ခုလုံးကိုရှုတ်ထွေးစေခဲ့သည်။ NCA အကောင်အထည်ဖော်သည့် လုပ်ငန်းစဉ်အတွင်း တိုင်းရင်းသားခေါင်းဆောင်များ လိုလားသော ခိုင်မာသော ၊ ပြည့်စုံသော တိကျသော နိုင်ငံရေး သဘောတူညီမှုများ ပါဝင်ကြိုးပမ်းမှုများအား ယခင်နှင့် လက်ရှိ မြန်မာစစ်ခေါင်းဆောင်များ၏ ကျော်လွှန်ပယ်ဖျက်ခြင်းကို ခံလိုက်ရသည်။ ဦးသိန်းစိန်အစိုးရသည် အထက်စီး အနေထားရယူကာ မာရသွန် ဆွေးနွေးပွဲများကို ဖြတ်သန်းခဲ့သည်။ အပစ်ရပ်ဆွေးနွေးပွဲများကို စစ်မှန်သည့်ငြိမ်းချမ်းရေးလုပ်ငန်းစဉ် တခုကဲ့သို့ ပုံဖော်ခဲ့သည်။ NCA ပါ သဘောတူညီချက်များကို တဖြည်းဖြည်း စစ်တပ် အလိုကျဖြစ်အောင် ပုံဖျက်၍ ၂၀၀၈ဖွဲ့စည်းပုံအခြေခံဥပဒေဘောင်အတွင်း သွတ်သွင်းနိုင်ခဲ့သည်။ ထို့အပြင် ငြိမ်းချမ်းရေးရှာဖွေမှုလုပ်ငန်းစဉ်အတွင်း တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းအားလုံးပါဝင်စေရေး လူထု၏ လိုလားချက်ကို ချိုးဖောက်လျက် လုပ်ငန်းစဉ်အတွင်း အချို့သောတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများပါဝင်နိုင်မှုကို ငြင်းပယ်ခဲ့သည်။ နောက်ပိုင်းတွင် စစ်တပ်၏ လက်ဝေခံ ပါတီဖြစ်သော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ (USDP) က ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သော အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ်အား ရှုံးနိမ့်နိုင်ခြေရှိသည်ကို ကြိုတင်ခန့်မှန်းထားသည့် ဦးသိန်းစိန် အစိုးရသည် ၂၀၁၅ ခုနှစ် နိုဝင်ဘာရေက် အထွေထွေရွေးကောက်ပွဲမတိုင်မီတွင် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများကို NCA စာချုပ် လက်မှတ်ရေးထိုးရန် မျှတမှုမရှိသော ဖိအားများ

NCA ကိုလက်မှတ်ရေးထိုးထားပြီးဖြစ်သည်။ သို့ရာတွင်
၂၀၁၆ခုနှစ်အောက်တိုဘာနှင့်နောက်ပိုင်းတွင်တိုက်ပွဲများဖြစ်ပွားခဲ့သည်။

ပေးခဲ့သည်။ ချိန့်နဲ့ညှိနှိုင်း ဆွေးနွေးပွဲများမှာ အထပ်ထပ်အခါခါပြင်ဆင်ထားသော NCA ကို လက်နက်ကိုင်တိုင်းရင်းသား ၁၅ဖွဲ့ အနက်၈ဖွဲ့မှ လက်မှတ်ရေးထိုး လိုက်သော ၂၀၁၅ခုနှစ် အောက်တိုဘာ ၁၅ရက်နေ့ထိ လိမ်ဖယ်ဖယ် စခန်းသွား ခဲ့သည်။ သို့ဖြစ်သော်ငြားလည်း ၎င်းတို့သည် မြန်မာနိုင်ငံ၏နိုင်ငံရေး ပြဿနာများကို ငြိမ်းချမ်းစွာ အဖြေရှာရမည်ဟု ယုံကြည်ခဲ့သည်။ စစ်မှန်သောဖက်ဒရယ် ပြည်ထောင်စု ပေါ်ထွန်းရေးအတွက် လမ်းဖွင့် ပေးနိုင်မည့် မျှတပြီးနှစ်ဦးနှစ်ဖက် အကျိုးရှိသော သဘောတူညီချက်ဖြစ်လာစေရန် NCAပါ သဘောတူညီချက်များ ကိုပြင်ဆင်ရေးအတွက် ဆွေးနွေးပွဲများကို ဆက်လက်လုပ်ဆောင် ခဲ့သည်။

NCA တွင် တွေ့ကြုံနေရသော အခက်အခဲများကိုကျော်လွှားရန်အတွက် ၂၀၁၅ ခုနှစ် အောက်တိုဘာ ၁၅ရက် NCA လက်မှတ်ရေးထိုးပြီးနောက်ပိုင်းတွင် KIO ဦးဆောင်သော UNFC က ဆွေးနွေးပွဲများ ရှေ့ဆက်ဖြစ်ပေါ်လာ နိုင်ရေးအတွက် အချက် (၈) ချက်ကိုတင်ပြခဲ့သည်။ ကံမကောင်းစွာပင် မြန်မာစစ် ခေါင်းဆောင်များက NCA ကို ပြင်ဆင်ရန်အခွင့်အလမ်းမပေးပဲ အသေဆုပ်ကိုင် ထားခြင်းကြောင့်လက်ရှိအချိန်အထိ ရလဒ်ကောင်းများ ထွက်ပေါ်လာခြင်း မရှိသေးပေ။

ဒေါ်အောင်ဆန်းစုကြည်နှင့် NLD သည် ရွေးကောက်ပွဲ စည်းရုံး လှုံ့ဆော် မှုများအတွင်း ပြည်တွင်းငြိမ်း ချမ်းရေးကို ဦးစားပေးလုပ်ငန်းစဉ်သုံးခုတွင် ထည့်သွင်း ကြွေးကြော်ခဲ့သော်လည်း[9] ရွေးကောက်ပွဲ အောင်နိုင်ပြီး နောက်ပိုင်းမှု NLD ဦးဆောင်သော အစိုးရဖွဲ့စည်းနိုင်ရန်အတွက် စစ်ဖက်ဆိုင်ရာ ကိစ္စရပ်များ တွင် ဝင်ရောက် စွက်ဖက်မည်မဟုတ်ကြောင်းကို မြန်မာစစ်တပ် ခေါင်းဆောင်များနှင့် အပေးအယူ လုပ်ခဲ့ရသည်။ ထိုအချိန် မှစ၍ စစ်ရေး ကိစ္စရပ်များတွင် မြန်မာ့ တပ်မတော်သည် သီးခြားလုပ်ပိုင်ခွင့် အပြည့်အဝ ရရှိသွားခဲ့ပြီး မုံးကိုးစစ်ပွဲတွင် လက်နက်ကြီးများနှင့် စစ်တိုက်လေယာဉ်များ အသုံးပြုလာ သည့်အခါ ဒေါ်အောင်ဆန်းစုကြည် အစိုးရက လုံးဝရေငုံ နှုတ်ပိတ်နေခဲ့ရသည့် အခြေအနေ ရောက်ခဲ့သည်။ ဗိုလ်ချုပ်ကြီးဟောင်း သိန်းစိန် ဦးဆောင်သည့် ယခင်အစိုးရ လက်ထက်တွင်ပင် ဆွေးနွေးပွဲများ အောင်မြင် ရေးအတွက် အထောက်အကူပြု စေရန် ကချင်ပြည်နယ်တွင် ထိုးစစ်များရပ်တံ့စေရန် အနည်းဆုံးအနေဖြင့် သမ္မတ အမိန့်(၂)ကြိမ် ထုတ်ပြန်ခဲ့သေး သည်။

---

[9]ပြည်တွင်းငြိမ်းချမ်းရေးရရှိမှု၊ဥပဒေစိုးမိုးရေးနှင့်နိုင်ငံတော်ဖွဲ့စည်းပုံဥပဒေပြင်ဆင်ရေး။

၂၀၀၈ဖွဲ့စည်းပုံအခြေခံဥပဒေက ပြဌာန်းထားသည့် ရှောင်လွှဲ မရသော အကန့်အသတ်များကြောင့် ရွေးကောက်တင်မြောက်ထားသောအစိုးရမှာ ယခု အချိန်ထိ ထိုသို့ပင်လုပ် ဆောင်နိုင်ခြင်းမရှိ သေးပေ။ ရွေးကောက်ပွဲ အနိုင်ရရှိ သော နိုင်ငံရေး ပါတီသည် လက်နက်ကိုင်တပ်ဖွဲ့များ၊ ရဲတပ်ဖွဲ့ နှင့် ထောက်လှမ်းရေး အဖွဲ့အစည်းများ ဖြစ်သည့် နိုင်ငံတော်၏လုံခြုံရေးအဖွဲ့အစည်း အားလုံးကို ထိန်းချုပ်ထား သည့် မြန်မာ စစ်တပ် နှင့် အပေးအယူညှိနှိုင်းပြီး ဖျောင်းဖြနိုင်ပြီးမှသာလျှင် အစိုးရကို တရားဝင်ဖွဲ့စည်း နိုင်ခဲ့သည်။ ရလဒ်အားဖြင့် အန်အယ်ဒီသည် မြန်မာစစ်တပ်၏စစ်ရေး ကိစ္စရပ်များ အားလုံးတွင် အရပ်သား အစိုးရက ဝင်ရောက် မစွက်ဖက်သည့် ကြေညာခြင်းမရှိသော မူဝါဒကို ကျင့်သုံးခဲ့ရသည်။

သို့ဖြစ်ရာ ဒေါ်အောင်ဆန်းစုကြည်ဦးဆောင်သော အန်အယ်ဒီ ခေါင်းဆောင် များသည် အစိုးရဖွဲ့ စည်း နိုင်ရန်၊ မြန်မာစစ်ခေါင်းဆောင်များ ကျေနပ်စေရန်နှင့် ၄င်းတို့ အာဏာရရှိရန်အတွက် တရားဥပဒေစိုးမိုးမှု၊ လူ့အခွင့် အရေးနှင့် စစ်မှန်သော ဖယ်ဒရယ် အခြေခံဥပဒေသများ ကိုချနင်း၍ အရင်း အနှီးပြုခဲ့ရသည်။

၂၀၁၆ ခုနှစ်မတ်လကုန် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က အစိုးရသစ်ကို ဖွဲ့စည်းပြီးသည့်နောက်တွင် မြန်မာစစ်တပ်ကအဓိကအားဖြင့် NCA လက်မှတ်ရေးထိုးခြင်း မပြုသေးသော အုပ်စုများဖြစ်သည့် KIA၊ TNLA၊ AA နှင့် NDAA တို့ကို ပစ်မှတ်ထားပြီး အလွန်ပြင်းထန်သော စစ်ဆင်ရေးများကို ရည်ရွယ်ချက်ရှိရှိ ဆင်နွှဲခဲ့သည်။ တိုင်းရင်းသား ပြည်နယ်များရှိ အရပ်သားများ အပေါ် မြန်မာစစ်တပ်က စက်ဆုပ်ရွံရှာဖွယ် ရာဇဝတ်မှုများ ကျူးလွန်ခဲ့ကြောင်း ထင်ရှားသည့်အထောက်အထားများရှိနေသော်လည်း အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ် အစိုးရသည် ယခုအချိန်ထိ ယင်းစစ်ဆင်ရေးများနှင့်ပတ်သက်၍ ရေငုံ နှုတ်ပိတ် နေဆဲဖြစ်သည်။[10]

---

[10]မြန်မာနိုင်ငံဆိုင်ရာကုလသမဂ္ဂအထူးကိုယ်စားလှယ်ပါမောက္ခရန်ဟီးလီက
"ရှုတ်ချထွေးမှုသို့မဟုတ်ယင်းနှင့်ပတ်သက်၍ တစုံတခုလုပ်ရန် သို့မဟုတ်
ရပ်တန့်သွားစေရန်လုပ်ဆောင်မှုကိုလျစ်လျူရှုမှု "
အတွက်ဒေါ်အောင်ဆန်းစုကြည်တွင်တာဝန်ရှိသည်ဟုပြောခဲ့သည်။
https://asiancorrespondent.com/2018/02/aung-san-suu-kyi-guilty-crimes-humanity/#ifxgTRrO6Qz5KmeF.99

မြန်မာစစ်တပ်သည် ရခိုင့်တပ်မတော် (AA) ကို၂၀၁၆ခုနှစ်ဧပြီလလယ်၊ KIA တပ်မဟာ (၂)ကို ၂၀၁၆ခုနှစ် ဧပြီလ အစောပိုင်း၊ မန်စီမြို့နယ်အတွင်းရှိ KIA တပ်ကို ၂၀၁၆ခုနှစ်မေလ(၁၅) မှ (၁၈) ရက် နှင့် TNLA နှင့် RCSS တို့ကိုနမ့်ခမ်း၊ မန်တုံနှင့် ကျောက်မဲမြို့နယ်များအတွင်းတွင် ၂၀၁၆ ခုနှစ် မေလ(၁)ရက် မှ (၇)ရက်အတွင်း ထိုးစစ်များ ဆင်နွှဲခဲ့သည်။ ထို့အပြင်၂၀၁၆ ခုနှစ်ဩဂုတ်၁၇ရက်နေ့မှစ၍ KIA ဌာနချုပ်လိုင်ဇာ၏ အရေးပါသော မဟာဗျူဟာ ခံစစ်ကုန်းဖြစ်သည့် ဂီဒွန်ကိုပြင်းထန်သော လေကြောင်းစစ်ဆင်ရေးနှင့်အတူ အထူးစစ်ဆင်ရေးတရပ် ပြုလုပ်ခဲ့သည်။ ယင်းသည် ၂၀၁၃ခုနှစ် အောက်တိုဘာလတွင် အစိုးရနှင့် KIO အကြား စစ်ရှိန်လျော့ချရေး သဘောတူညီချက်ကို ပြောင်ပြောင်တင်းတင်း ချိုးဖောက်ခဲ့ခြင်းဖြစ်သည်။

တဖက်တွင် မြန်မာစစ်တပ်က အချိန်ကိုက်စစ်ဆင်ရေးများကို ရည်ရွယ်ချက်ရှိရှိ လုပ်ဆောင်နေချိန်တွင် အခြားတဖက်တွင်လည်း၂၀၁၆ ခုနှစ် ဇူလိုင်လအတွင်းတွင် ဒေါ်အောင်ဆန်းစုကြည်၏ အစိုးရသစ်က ဖွဲ့စည်း ထားသော အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့်ငြိမ်းချမ်းရေးစင်တာ (NRPC) က NCA လက်မှတ်ရေးထိုး ထားခြင်း မရှိသေးသော တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများအား NCA ကို လက်မှတ်ရေးထိုးပြီး လက်ရှိပြုလုပ်နေသော အတုအယောင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်လာစေရန် ကြိုးပမ်း အားထုတ်နေ ခဲ့သည်။

၂၀၁၆ခုနှစ် ဩဂုတ် ၃၁ရက် နေ့တွင်ကျင်းပခဲ့သည့် ၂၁ရာစု ပင်လုံ ညီလာခံဖွင့်ပွဲတွင် ကာကွယ်ရေး ဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဒေါ်အောင်ဆန်းစုကြည် တို့နှစ်ဦးစလုံးက သူတို့၏ အဖွင့်မိန့်ခွန်းများတွင် NCA သည်သာ တခုတည်းသော ငြိမ်းချမ်းရေးရှာဖွေမှု လုပ်ငန်းစဉ်ဖြစ်ပြီး တိုင်းရင်းသားလက်နက်ကိုင် တော်လှန် ရေးအဖွဲ့များက ယင်းကို ပထမဆုံးလက်မှတ်ရေးထိုးရန် လိုအပ်ကြောင်း ဖိအားပေး ပြောဆိုခဲ့သည်။ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်အစိုးရနှင့် ဒေါ်အောင်ဆန်းစုကြည်တို့၏ ထောက်ခံမှုဖြင့် မြန်မာစစ်တပ်သည် လေကြောင်း တိုက်ခိုက်မှုများနှင့် လက်နက်ကြီးပစ်ခတ်မှုများကို ပိုမိုသုံးစွဲလျက် KIA အပေါ် စစ်ဆင်ရေးများ အရှိန်မြှင့်ခဲ့သည်။

မြန်မာစစ်တပ်က မြေပြင်တွင်ပြင်းထန်သော စစ်ဆင်ရေးများကို အရှိန်မြှင့် ဆောင်ရွက်နေစဉ် ကာကွယ် ရေးဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က၂၀၁၆ ခုနှစ်၊

ဩဂုတ်(၃၁)ရက်နေ့၌ ပြောကြားသည့် မိန့်ခွန်းထဲတွင် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများသည် NCA ကို မဖြစ်မနေလက်မှတ်ရေးထိုး ရမည်ဖြစ်ပြီးသူ၏ငြိမ်းချမ်းရေး မူဝါဒ ခြောက်ချက်[11]နှင့်အညီ လက်ရှိငြိမ်းချမ်းရေး လုပ်ငန်းစဉ်ဟုခေါ်သော တစ်ခု တည်းသော လုပ်ငန်းစဉ်တွင်သာပါဝင်ရမည်ဟု တင်းတင်းမာမာ ပြောဆိုခဲ့သည်။ မူဝါဒအမှတ် ၅ နှင့် ၆ သက်သက်ကို လေ့လာရုံမျှနှင့်ပင် စစ်မှန်သောငြိမ်းချမ်းရေးလုံးဝ မရနိုင်ကြောင်းသိနိုင်သည်။ ယင်းအချက် များသည် ၂၀၀၈ဖွဲ့စည်းပုံအခြေခံဥပဒေကို အထွဋ်အမြတ်ထား၍ အထိမခံ ရွှေပန်းကန်အဖြစ် ခိုင်မာအောင်ပြုလုပ် ပေးသည်နှင့် တချိန်ထဲ၂၀၀၈ခုနှစ် ဖွဲ့စည်းပုံအောက်တွင် လူတစ်ဦးချင်းအခွင့်အရေးများနှင့် တိုင်းရင်းသား လူမျိုးစုများ၏ စုပေါင်းအခွင့်အရေးများကို ငြင်းပယ်ထားသည့် ဆိုးရွားသော ဥပဒေများကို တတိုင်းပြည်လုံးက လိုက်နာစေရန်ဖြစ်သည်။

မြန်မာနိုင်ငံလွတ်လပ်ရေးရရှိချိန်မှစ၍ ခေတ်အဆက်ဆက် ဒီမိုကရေစီ အစိုးရများ သာမက စစ်အစိုးရများက မူရင်းပိုင်ရှင်များဖြစ်သော တိုင်းရင်းသား ပြည်နယ်များ[12]ကို ဥပေက္ခာပြု၍မြေယာနှင့် သဘာဝသယံ ဇာတများအပေါ် တဖက စောင်းနင်း အမြတ်ထုတ်မှုများသည် ကြီးမားသော လူ့အခွင့်အရေးချိုး ဖောက်မှုများကို ဖြစ်ပွားစေခဲ့သည့်ပြည်တွင်းစစ်၏ အဓိက အကြောင်းရင်း ဖြစ်သည်။ ၂၀၀၈ခုနှစ်ဖွဲ့စည်းပုံ အခြေခံဥပဒေ၏ ပုဒ်မ၃၇တွင် နိုင်ငံတော်သည် မြေများအားလုံးနှင့်သဘာဝသယံဇာတ

[11] ကာကွယ်ရေးဦးစီးချုပ်၏မူ၆ချက်
(၁) ထာဝရငြိမ်းချမ်းရေးရရှိရန်အတွက်လိုလားမှုရှိရေး
(၂) ငြိမ်းချမ်းရေးဆွေးနွေးပွဲများ၏သဘောတူညီချက်များကိုထိန်းသိမ်းရေး
(၃) ငြိမ်းချမ်းရေးသဘောတူညီချက်ကိုအမြတ်ထုတ်မှုမှရှောင်ကျဉ်ရေး
(၄) ဒေသခံပြည်သူများအပေါ်ဝန်ထုပ်ဝန်ပိုးဖြစ်စေမှုမှရှောင်ကျဉ်ရေး
(၅) တည်ဆဲဥပဒေများကိုတိကျစွာလိုက်နာရေးနှင့်
(၆)၂၀၀၈ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီဒီမိုကရေစီနိုင်ငံတော်သို့ချီတက်ရေး
http://www.nationmultimedia.com/asean&beyon/Tatmadaw-outlines-6-point-policy-for-peace-talk-30243970.html

[12]ဤနေရာတွင် "တိုင်း" ဟူသောဝေါဟာရကို အခြားစကားလုံး ဖြစ်သော တစ်နိုင်ငံလုံးကိုဝိုင်းပတ်ထားသော"ပြည်နယ်" မှခွဲခြားရန် အတွက်၂၀၀၈ဖွဲ့စည်းပုံ အခြေခံ ဥပဒေအောက်တွင်သုံးစွဲထားသည်။

အားလုံး၏ မူရင်းပိုင်ရှင်ဖြစ်သည်ဟု ဖော်ပြထားပြီး ပုဒ်မ၄၇တွင် နိုင်ငံတော်[13] ဆိုသည်မှာ ဥပဒေပြုမှုအခွင့်အာဏာကို သော်လည်းကောင်း အုပ်ချုပ်မှု အခွင့်အာဏာကို သော်လည်းကောင်း ကျင့်သုံးသောအဖွဲ့အစည်းကို ဆိုလိုကြောင်း ဖော်ပြထားသည်။ ပုဒ်မ နှစ်ခုစလုံးသည် လက်တွေ့တွင် မြေယာများနှင့်သဘာဝသယံဇာတများ အားလုံးကို ဖွဲ့စည်းပုံအရ မြန်မာစစ်တပ်ခေါင်းဆောင်များက ကြီးစိုးထားသော ဗဟိုအစိုးရ စိတ်ကြိုက် ထင်သလို ဆက်လက် အမြတ်ထုတ် ခွင့် ပေးထားပြီး ပြည်ထောင်စုဖွဲ့စည်းရာတွင် ပါဝင်ကြသော ၎င်းတို့ကိုယ်ပိုင်ပြည်နယ်များတွင် နေထိုင်သော တိုင်းရင်းသားလူမျိုးစု များကို မျက်ကွယ်ပြုထားသည်။

သို့ဖြစ်ရာ၂၀၀၈ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေအောက်တွင် မျှတသော မြေယာ ခွဲဝေမှုနှင့် တိုင်းရင်းသား ပြည်နယ်များက ပိုင်ဆိုင်သော သဘာဝ သယံဇာတများအား မျှတသောခွဲဝေမှု မည်သို့မျှ မျှော်လင့်၍ မရနိုင်သလို ပြည်တွင်းစစ် အဆုံးသတ်ရေး ကိုလည်း မည်သို့မျှမျှော်မှန်းနိုင်မည် မဟုတ်ပေ။

လက်ရှိသက်ဝင်နေသော အခြားဥပဒေများသည်လည်း တိုင်းရင်းသားပြည်နယ် များအား ၎င်းတို့၏ မြေယာနှင့် သဘာဝသယံဇာတပိုင်ဆိုင်ခွင့်ကို ငြင်းပယ်ထားသည်။ ဥပမာအားဖြင့်၂၀၁၁ခုနှစ်နှင့်၂၀၁၄ခုနှစ်များ တွင် အတည်ပြုပြဋ္ဌာန်းခဲ့သော အထူးစီးပွားရေးဇုန်ဥပဒေသည် ဗဟိုအစိုးရကို မြေယာများနှင့်သဘာဝ သယံဇာတများအား ဆက်လက်အမြတ်ထုတ်ခွင့် ပေးထားသည်။ သို့ဖြစ်ရာ ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ အထက်ပါမူ (၆) ချက်သည် လက်ရှိဥပဒေ များကိုသာ တင်းတင်းကြပ်ကြပ် လိုက်နာစေခြင်းဖြစ်ပြီး သဘာဝအရင်းအမြစ်များ မျှတစွာ ခွဲဝေမှုကို ဦးတည်နေခြင်းမရှိသဖြင့် ပြည်တွင်းစစ် အဆုံးသတ်ရေး မှာလည်း မည်သည့် အခါမျှအလုပ်ဖြစ်မည်မဟုတ်ပေ။

၂၁ ရာစုပင်လုံညီလာခံဟုလည်းခေါ်သော ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ အပြီးတွင် မြန်မာစစ်တပ် သည် ကြီးမားသောလေကြောင်းတိုက်ခိုက်မှု ၊လက်နက်ကြီး

[13]နိုင်ငံတကာအသိုင်းအဝိုင်းကိုလှည့်စားရန်အတွက်၂၀၀၈ဖွဲ့စည်းပုံအခြေခံဥပဒေတွင် မြန်မာ စစ်ခေါင်းဆောင်များက မှန်ကန်မှုမရှိသော ဘာသာပြန်မှုကိုပြုလုပ်ထားသည်။ မြန်မာစကားဖြင့်နိုင်ငံတော်ဟူသောဝေါဟာရကို အင်္ဂလိပ်ဘာသာဖြင့်ပြန်ဆိုမည်ဆိုပါက UNION မဟုတ်ပဲ STATE ဖြစ်ရမည်။ မြန်မာဘာသာဖြင့် Union မှာ ပြည်ထောင်စု ဖြစ်သည်။

ပစ်ကူတို့နှင့် အတူ KIA အပေါ်ထိုးစစ်ဆင်မှုကို အရှိန်မြှင့်ခဲ့သည်။ ရလဒ်အားဖြင့် KIO/KIA ကိုယ်စားလှယ်များအနေနှင့် ၂၀၁၆အောက်တိုဘာလ နောက်ပိုင်း တွင်ကျင်းပသော NCA ဆွေးနွေးပွဲများကို တက်ရောက်ရန် တုန့်ဆိုင်းခဲ့ကြရသည်။

မြန်မာစစ်တပ်သည် KIA အပေါ်ကိုသာစစ်ဆင်ရေးတိုးမြှင့်ခဲ့သည် မဟုတ်ဘဲ မြန်မာအမျိုးသား ဒီမိုကရက်တစ် မဟာမိတ်တပ်မတော် (MNDAA)၊ တအောင်းအမျိုးသား လွတ်မြောက်ရေးတပ်မတော်(TNLA) နှင့် ရခိုင့် တပ်မတော် (AA) တို့အပေါ်တွင်လည်း ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်ခရိုင်၊ မုံးကိုး ဒေသတွင် စစ်ဆင်ရေး များတိုးမြှင့်ခဲ့သည်။ အထက်ဖော်ပြပါ အခြေအနေများသည် KIA နှင့်အခြားဘေးဖယ်ခံ ထားရသော တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများဖြစ်သည့် TNLA၊ AA နှင့် MNDAA တို့သည် မြန်မာစစ်တပ်၏ ကြီးမားသောထိုးစစ်များကိုစုပေါင်းခုခံရန်အတွက် နောက်ဆုံး မလွှဲမရှောင်သာ မြောက်ပိုင်းမဟာမိတ်ဟု ခေါ်သည့် စစ်ရေးမဟာမိတ်အဖွဲ့ကို ဖွဲ့စည်း ရသည့် အခြေအနေထိတွန်းပို့ခဲ့သည်။

အချုပ်အားဖြင့်ဆိုသော် အောက်ပါအချက်များသည် ၂၀၁၆ ခုနှစ်နှောင်းပိုင်းတွင် မြောက်ပိုင်း မဟာမိတ်အဖွဲ့က မြန်မာစစ်တပ်အပေါ် တန်ပြန်ထိုးစစ်ဆင်နွှဲမှု ဖြစ်ပေါ် စေခဲ့သည့် ဖိအားများဖြစ်စေခဲ့သည်။

၁။လက်ရှိ NCA အောက်တွင် ဆွေးနွေးညှိနှိုင်းမှုကို မည်သည့် ပုံစံဖြင့် ဆက်လက် လုပ်ဆောင် နေသော်လည်း စစ်မှန်သောဖက်ဒရယ် ပြည်ထောင်စု ပေါ်ထွန်းလာစေမည့် အခြေခံများကို ချမှတ်နိုင်သည့် အခြေအနေ မမြင်ရခြင်း။

၂။ စစ်ပွဲအစား ညှိနှိုင်းဆွေးနွေးပွဲများပြုလုပ်ရေးကို မြောက်ပိုင်း မဟာမိတ် အဖွဲ့ကိုယ်တိုင် သို့မဟုတ် ယခင်က UNFC မှတဆင့် အကြိမ်ကြိမ်တောင်းဆို ခဲ့သော်လည်း မြန်မာတပ်မတော် ခေါင်းဆောင်များနှင့် NLD အစိုးရက လုံး၀ လျစ်လျူရှု ထားခြင်း။

၃။ KIA နှင့် အခြားသော မြောက်ပိုင်းမဟာမိတ် အဖွဲ့ဝင်များအပေါ် မြန်မာ စစ်တပ်ကစစ်အင်းအား အလွန်အကျွံ အသုံးပြု၍ အကြီးအကျယ် ထိုးစစ် ဆင်ရာတွင် ကြီးမားသော လူ့အခွင့်အရေး ချိုးဖောက်မှု များအပြင် ပြည်တွင်း အိုးအိမ်မဲ့ ဒုက္ခသည် အရေအတွက် များစွာ မြင့်မားမှုကိုဖြစ်ပေါ်စေ သောလည်း

NLD အစိုးရကလုံးဝ ရေငုံ နှုတ်ပိတ်နေခြင်း။ ကြီးမားသောလူ့အခွင့်အရေး ချိုးဖောက်မှုများ အပြင် ပြည်တွင်းအိုးအိမ်မဲ့ဒုက္ခသည်အရေအတွက် မြင့်မားမှုကို ဖြစ်ပေါ် စေသော KIA နှင့် အခြားသော မြောက်ပိုင်းမဟာမိတ် အဖွဲ့ဝင်များ အပေါ် မြန်မာစစ်တပ်က စစ်အင်းအား အလွန်အကျွံ အသုံးပြု၍ အကြီးအကျယ် ထိုးစစ်ဆင်နေသည့် အချိန်တွင် NLD အစိုးရကလုံးဝ ရေငုံနှုတ်ပိတ်နေခြင်း ဤတန်ပြန်စစ်ဆင်ရေးကို ခြေမှုန်း နိုင်ရန် လက်နက်ကြီးများနှင့် လေကြောင်း ပစ်ကူများအပြင် မြန်မာ စစ်တပ်သည် မုံးကိုးမြို့ရှိ ဗျူဟာကုန်းကို ခုခံရာတွင် ၁၆ဝ ခန့်သော ဒေသခံပြည်သူများကို လူသားဒိုင်းအဖြစ် အသုံးပြုခဲ့သည်။ ရှမ်းပြည် မြောက်ပိုင်းတွင် မြန်မာစစ်တပ်သည် အခြားသော စစ်ရာဇဝတ်မှု အများ အပြားကိုလည်း ကျူးလွန်ခဲ့သည်။ မြန်မာ စစ်တပ်၏နိုင်ငံတကာ လူသားချင်းစာနာမှု ဥပဒေများအပေါ် ချိုးဖောက်မှုများကို မည်သည့် အရေးယူမှုမျှ ရှိမလာသည့်အခါ ၂၀၁၈ ခုနှစ် ဇန္နဝါရီလတွင် ကချင်ပြည်နယ် တနိုင်း မြို့နယ်တွင် အလားတူ စစ်ရာဇဝတ်မှုများကို ကျူးလွန်လာ ခဲ့ကြသည်။

## အပိုင်း (၂)
## မုံးကိုးဒေသ၏ ပထဝီဝင်နိုင်ငံရေးအရ အရေးပါမှု

**မုံးကိုးဒေသသည် ပထဝီဝင်နိုင်ငံရေးအရ အလွန်မဟာဗျူဟာကျပြီး စီးပွားရေးအရ အရေးပါသော ဧရိယာ တွင်တည်ရှိသည်။**

### ရွှေသဘာဝဓါတ်ငွေ့နှင့် ရေနံပိုက်လိုင်း

မုံးကိုးဒေသသည်ပဋိပက္ခ၏ အဓိကဗဟိုချက်ဖြစ်ခဲ့ခြင်းနှင့် ဖြစ်နေခြင်းမှာ ယင်း၏ တည်နေရာနှင့် ဆက်စပ်နေသောစီးပွားရေးနှင့် မဟာဗျူဟာဆိုင်ရာ အရင်းအမြစ်

များကြောင့်ဖြစ်သည်။ ရွှေသဘာဝဓါတ်ငွေ့နှင့် ရေနံပိုက်လိုင်းများ၊ အနီးရှိမူဆယ်-မန္တလေးအဝေးပြေးလမ်းမကြီး၊ နှင့်၁၀၅မိုင် နယ်စပ် ကုန်သွယ်ရေး ဇုန်တို့သည် ပထဝီဝင်နိုင်ငံရေးအရ နိုင်ငံအဆင့်၊ ဒေသဆိုင်ရာ အဆင့်နှင့်ဒေသဆိုင်ရာကျော်လွန်သော အဆင့်များ အတွက် အရေးပါသော အကြောင်း အချက်များဖြစ်သည်။

ဤဒေသ၏မဟာဗျူဟာကျမှုတွင် မြန်မာတပြည်လုံးနှင့် ပါသက်ဆိုင်သွားရခြင်းမှာ၊ တရုတ်နှင့် မြန်မာနိုင်ငံ ထုတ်ကုန်သွင်းကုန်ပို့ဆောင်ရာ အဓိကအဝေးပြေးလမ်းမကြီးကြောင့်ဖြစ်သည်။ တရုတ်နိုင်ငံ၏ ပတ်လမ်းတစ်ခု လမ်း တစ်ကြောင်း (One Belt One Road) အစပျိုးလုပ်ဆောင်မှုနှင့် ဆက်စပ်သည့် အနာဂတ်ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ဆက်နွယ် နေသော ကြောင့်လည်းဖြစ်သည်။ ရခိုင်ပြည်နယ်မှ လာသော သဘာဝ ဓါတ်ငွေ့ နှင့်ရေနံပိုက်လိုင်းများ၏ ဖြတ်သန်းသွားရာနေရာ ဖြစ်နေခြင်းနှင့် အထူး စီးပွားရေး ဇုန်များတိုးချဲ့ရေးနှင့် ကျောက်ဖြူရေနက်ဆိပ်ကမ်း စီမံကိန်း တို့ကိုလည်း ထည့်သွင်းစဉ်းစားရန်လိုအပ်ပေသည်။

ထို့အပြင် လက်ရှိအိန္ဒိယအစိုးရ၏ "အရှေ့မျှော်ဆောင်ရွက်ရေး" မူဝါဒကလည်း ဒေသ၏ စီးပွားရေးအရ အရေးပါမှုကို စင်ပြိုင် ကိုယ်စားပြု လျက်ရှိနေပြီး ဒေသအတွင်းအင်အားကြီးနိုင်ငံနှစ်ခုအကြား ဖြစ်လာနိုင်ချေရှိသော ပထဝီနိုင်ငံရေး ပဋိပက္ခနှင့် ဆက်စပ်လျက် ရှိနေသည်။ အနာဂတ်တွင်မြင်တွေ့လာနိုင်သည့် အကျိုးစီးပွား ပြိုင်ဆိုင်မှုနှင့် မြန်မာနိုင်ငံ၏ မြောက်ပိုင်းနှင့် အရှေ့ပိုင်းကျယ်ပြန့်သော ဧရိယာများအတွင်း ကြီးထွားလာနိုင်ချေ ရှိသောပြဿနာတို့နှင့်လည်း စပ်ဆိုင်နေပေသည်။

ဒေသနှင့်ချိတ်ဆက်ထားသော "စကြ်ံလမ်းများ" တလျှောက်ရှိ မဖွံ့ဖြိုးသေးသော နယ်စပ်ဝင်ထွက် ပေါက်များ စည်ပင်ဖွံ့ဖြိုးလာရေးအတွက် အဓိကရည်ရွယ်ချက်များထဲမှ တခုဖြစ်သည်။ မူဆယ်အတွက် အစီအစဉ်တစ်ခုမှာ အချက်အခြာဆုံရပ်၊ မန္တလေးမှတဆင့်အိန္ဒိယသို့ ဆက်သွယ် ထားသော မဖွံ့ဖြိုးသေးသည့် မြန်မာ-အိန္ဒိယနယ်စပ်ပေါက် တမူးမြို့ကို ဆက်သွယ် ထားခြင်းဖြစ်သည်။[14] ထို့အပြင်မူဆယ် - မန္တလေး အဝေးပြေးလမ်း[15]ကို အဆင့်မြင့်ရန် အစီအစဉ်

---

[14] Win A. N. Gilmore S. Kerry မြန်မာကုန်တွင်းဆိပ်ကမ်းစီမံကိန်းသယ်ယူပို့ဆောင်ရေးစတင်။ Myanmar Times. ၂၀၁၆ခုနှစ်ဇန္နဝါရီ၁၃ရက်။ https://www.mmtimes.com/business/18450-kerry-logistics-kicks-off-myanmar-s-dry-port-plan.html . Accessed February 22, 2018.

[15] Frontier Myanmar. မြန်မာ့ဆက်သွယ်ရေး အခြေခံအဆောက်အဦး အကျဉ်းချုပ်။ ၂၀၁၇ခုနိုဝင်ဘာ၂၃-၂၉။စာ- ၆


http://transport.frontiermyanmar.com/sites/all/libraries/ckfinder/userfiles/files/MTIB%2029%20November%202017.pdf . Accessed February 22, 2018.

ရှိနေပြီး လမ်းကြောင်းတခုတည်းပေါ်တွင် ဖြစ်နိုင်ချေရှိသော တိုးချဲ့ မှုနှင့် နိုင်ငံတဝှမ်း ရထားလမ်းပိုင်းစနစ်များအားလုံး[16] ကိုပြုပြင် ထိန်းသိမ်း ခြင်းတို့ ပါဝင်သောရထားလမ်း ဖောက်လုပ်ရေး[17] စီမံကိန်းများ လည်းရှိသည်။

---

16 Rupakjyoti B. အိန္ဒိယ-မြန်မာ-ထိုင်းသုံးနိုင်ငံလမ်းမကြီး။ ဒေသစီးပွားရေး အနေအထား ပြောင်းလဲရန်ကတိကဝတ်။ Japan Forward. ၂၀၁၇ခု ဩဂုတ်၂၈ရက်။https://japan-forward.com/india-myanmar-thailand-trilateral-highway-a-promise-to-transform-the-regions-economic-landscape/ . Accessed February 22, 2018.

17 အယ်ဒီတာမှတ်ချက်။မြန်မာ့ရထားသတင်းအကျဉ်းချုပ်။ Railprofessional.com. ၂၀၁၇ခုနှစ်ဖွန်၂၃။ https://www.railprofessional.com/news/myanmar-rail-news-roundup . Accessed February 22, 2018.


Sumprabum
Myitkyina
Mohnyin
Momauk
Bhamo
Ruili
Mansi
Nam Kham
Mantong
Kutkhai
Mangmit
Namtu
Lashio
Kyauk Mae
Hsipaw
Tangyan
Mongyai
Hsipaw
Kesi
Mangsu
Mandalay
Magwe
Ann
Shwe Gas
Kyauk Phyu
BANGLADESH
Kunming
Burma Army batallion
Gas pipeline
Oil pipeline
State or division border
Townships where armed battles have broken out since March 2011
Major city

ပိုက်လိုင်းများ၏စွမ်းရည်ကို အပြည့်အဝသုံးစွဲနိုင်ရန် နောက်ထပ်တဆင့် မြှင့်သည့် အနေဖြင့် ကျောက်ဖြူရေနက် ဆိပ်ကမ်း တည်ဆောက်ခြင်းအားဖြင့် တရုတ်နိုင်ငံသည် သူ၏ ရေနံစိမ်းတင်သွင်းမှု၏ (၆%) ကို တောင်တရုတ် ပင်လယ်ကို ကွေ့ပတ် သယ်ယူခြင်းကို ရှောင်ရှားနိုင်ပေမည်။ ရေနက် ဆိပ်ကမ်းအတွက် ရင်းနှီးမြှုပ်နှံမှုမှာ ဒေါ်လာ (၇.၂) ဘီလီယံရှိပြီး စက်မှုဇုန်ရင်းနှီးမြှုပ်နှံမှုမှာ ဒေါ်လာ၂.၃ဘီလီယံရှိကာ အထည်ချုပ်နှင့်ရေနံ သန့်စင်ရေး[18] လုပ်ငန်းများကို ဆွဲဆောင်ရန် အစီအစဉ်များပါရှိသည်။ ဆွေးနွေးညှိနှိုင်းမှုများ အဆုံးမသတ်သေး သော်လည်း တရုတ်နိုင်ငံ CITIC ကော်ပိုရေးရှင်းက ဦးဆောင်သော ပူးပေါင်းဆောင်ရွက်မှု အုပ်စုသည် စီမံကိန်း ပိုင်ဆိုင်မှု ရှယ်ယာ (၇၀%) ပါဝင်မည်ဖြစ်သည်။ ကျန်ရှိသောရှယ်ယာများကို မြန်မာအစိုးရနှင့် မြန်မာကုမ္ပဏီ (၅၂)ခု တို့ ခွဲဝေပိုင်ဆိုင်ကြမည်ဖြစ်သည်။[19]

အရှေ့မြောက်ပိုင်းတွင် တရုတ်-မြန်မာပိုက်လိုင်းသည် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်း (၄)ခု လှုပ်ရှားနေသည့် ရှမ်းပြည်မြောက်ပိုင်းကို ဖြတ်သွားပြီး အနောက်တောင်ပိုင်းတွင် ရခိုင်တပ်မတော် (AA) လှုပ်ရှားနေသည့် ရခိုင်ပြည်နယ်ကို ဖြတ်သန်းသွားသည်။ ရှမ်းပြည်နယ်မြောက်ပိုင်း မုံးကိုးနှင့် လောက်ကိုင်ခရိုင်များတွင် ကိုးကန့်တပ်မတော်/ မြန်မာအမျိုးသား ဒီမိုကရက်တစ် မဟာမိတ်တပ်မတော် (MNDAA) သည် အဓိက လှုပ်ရှားသော ဖွဲ့အစည်းဖြစ်သည်။ ကချင်လွတ်လပ်ရေးတပ်မတော်(KIA)၏တပ်မဟာ(၄) နှင့် (၆) တို့သည် မူဆယ်နှင့် ကွတ်ခိုင်မြို့နယ်များ တွင်အဓိက လှုပ်ရှားနေပြီး တအန်းအမျိုးသား လွတ်မြောက်ရေးတပ်မတော် (TNLA)သည် အခြား ဒေသများ အပြင်မန်တုံနှင့်နမ့်ဆန်မြို့နယ်များပါဝင်သော ပလောင်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ ဒေသကို ပင်မဒေသအဖြစ် လှုပ်ရှားလျက်ရှိသည်။ အထက်ဖော်ပြပါအခြေခံ အဆောက်အဦများနှင့် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများသည် ဤဒေသ အတွင်းတွင် အများစုလုပ်ဆောင်လျက် ရှိနေသည်။ ထို့အပြင် UWSP က ဝ ပြည်နယ်အဖြစ်ကြွေးကြော်

---

18 Yimou L., Wa L. မြန်မာနိုင်ငံအတွင်းတရုတ်၏ဗျူဟာမြောက်ဒေါ်လာ၁၀ဘီလီယံစီမံကိန်းဒေသခံများမကျေနပ်။ Reuters. ၂၀၁၇ခုနှစ်ဇန္နဝါရီရက်။https://www.reuters.com/article/us-china-silkroad-myanmar-sez/chinas-10-billion-strategic-project-in-myanmar-sparks-local-ire-idUSKBN18Z327 . Accessed February 22, 2018.

19 Yimou L., Thu Thu A. မြန်မာ့ဗျူဟာမြောက်ဆိပ်ကမ်း၏ပိုင်ဆိုင်မှု၇၀ရာနှုန်းကိုတရုတ်မှရယူမည်-အရာရှိ။၂၀၁၇ခုအောက်တိုဘာ၁၇ရက် https://www.reuters.com/article/china-silkroad-myanmar-port/china-to-take-70-percent-stake-in-strategic-port-in-myanmar-official-idUSL4N1MS3UB . Accessed February 22, 2018.

ထားသော "ဝ" ကိုယ်ပိုင်အုပ်ချုပ်ရေးရ ဒေသသည် ပိုက်လိုင်းမှ ကီလိုမီတာ (၁၀၀) ခန့်သာကွာဝေးသည်။ မုံးကိုးသည် ပိုက်လိုင်းတရုတ်နိုင်ငံအတွင်းသို့ ဖြတ်ဝင်သည့် နေရာနှင့် ကီလိုမီတာ (၈၀) ခန့် ကွာဝေးသည်။ (အထက်ပါမြေပုံတွင်ကြည့်ပါ)

၁၉၈၉ ခုနှစ်မှစ၍ မြန်မာစစ်တပ်သည် နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးစုဒေသများဖွံ့ဖြိုး တိုးတက် ရေးတွင် မိမိကိုယ်မိမိအဓိကကျသော အခန်းကဏ္ဍမှ ပါဝင်သူတစ်ဦးအနေဖြင့် ပုံဖော်ခဲ့သည်။ သို့ရာတွင် စစ်အစိုးရ အဆက်ဆက် အကောင်အထည်ဖော်ခဲ့သော တိုင်းရင်းသားလူနည်းစုဒေသများ ဖွံ့ဖြိုးတိုးတက်ရေးဟု ကြွေးကြော်ခဲ့သည့် ရုပ်ပိုင်းဆိုင်ရာအခြေခံ အဆောက်အဦး တိုးချဲ့မှုနှင့် အစိုးရ ဗျူရိုကရေစီ[20]ကို အဓိက တိုးချဲ့ခဲ့သည့် ဗဟိုမှ ချုပ်ကိုင်ထားသော ဖွံ့ဖြိုးရေး အစီအစဉ်များမှာ လုံးဝမအောင်မြင်ခဲ့ချေ။

20 Brenner, D. (2017). ဖွံ့ဖြိုးတိုးတက်မှု-မလုံခြုံမှုဆက်စပ်မှု။မြန်မာနိုင်ငံပထဝီ-စီးပွားရေးအပြောင်းအလဲများနှင့်အကြမ်းဖက်မှုများ။
LSE Global South Unit Working Paper Series. Working Paper No 1 2017
.

| No | STATION | 2015-2016 | | | 2016-2017 | | | 2017-2018 | | |
|---|---|---|---|---|---|---|---|---|---|---|
| | | EXPORT | IMPORT | TRADE VOLUME | EXPORT | IMPORT | TRADE VOLUME | EXPORT | IMPORT | TRADE VOLUME |
| 1 | MUSE | 3809.517 | 1568.36 | 5377.877 | 3703.898 | 1657.791 | 5361.689 | 2865.922 | 1252.174 | 4118.096 |
| 2 | LWEJEL | 64.338 | 12.617 | 76.955 | 186.193 | 15.877 | 202.07 | 142.243 | 10.597 | 152.84 |
| 3 | CHIN SHWEHAW | 332.989 | 52.786 | 385.775 | 515.6 | 57.579 | 573.179 | 425.359 | 37.171 | 462.53 |
| 4 | KANPITETEE | 28.796 | 67.448 | 96.244 | 64.094 | 42.477 | 106.571 | 45.633 | 24.806 | 70.439 |
| 5 | KYAING TONG | 6.482 | 7.349 | 13.831 | 2.09 | 2.398 | 4.488 | 0.208 | 1.276 | 1.484 |
| 6 | TARCHILEIK | 9.66 | 64.929 | 74.589 | 14.46 | 66.94 | 81.4 | 12.448 | 48.93 | 61.378 |
| 7 | MYAWADOY | 43.785 | 682.327 | 726.112 | 60.199 | 868.402 | 928.601 | 59.372 | 617.933 | 677.305 |
| 8 | KAWTHAUNG | 46.38 | 86 | 132.38 | 69.284 | 64.637 | 133.921 | 87.444 | 47.388 | 134.832 |
| 9 | MYEIK | 140.829 | 30.17 | 170.999 | 157.109 | 52.419 | 209.528 | 136.934 | 52.617 | 189.551 |
| 10 | NABULAE/ HTEE KHEE | 2.01 | 11.181 | 13.191 | 11.19 | 0.696 | 11.886 | 3.535 | 5.679 | 9.214 |
| 11 | MAWTAUNG | 0.401 | 2.111 | 2.512 | 2.274 | 0.965 | 3.239 | 3.367 | 1.722 | 5.089 |
| 12 | MESE | | | | 0.219 | 0.228 | 0.447 | 0.237 | 0.336 | 0.573 |
| 13 | SITTWE | 5.346 | 0.981 | 6.327 | 4.465 | 0.184 | 4.649 | 8.503 | 0.086 | 8.589 |
| 14 | MAUNG DAW | 5.37 | 0.065 | 5.435 | 5.918 | 0.027 | 5.945 | 8.31 | | 8.31 |
| 15 | TAMU | 32.771 | 12.791 | 45.562 | 38.465 | 9.779 | 48.244 | 23.64 | 2.923 | 26.563 |
| 16 | RHI | 20.256 | 5.826 | 26.082 | 24.996 | 14.656 | 39.652 | 18.617 | 9.535 | 28.152 |
| | TOTAL | 4548.93 | 2604.941 | 7153.871 | 4860.454 | 2855.055 | 7715.509 | 3841.772 | 2113.173 | 5954.945 |

## နယ်စပ်ကုန်သွယ်ရေး

မြန်မာ နှင့် တရုတ်နိုင်ငံအကြားတွင် တရားဝင်နယ်စပ် ကုန်သွယ်ရေး နေရာ (၄) နေရာရှိသည်။ မူဆယ်နယ်စပ် ကုန်သွယ်ရေးသည် (၁၀၅ မိုင် နယ် စပ်ကုန်သွယ်ရေးဇုန် ဟုလည်းသိကြသည်) ရှမ်းပြည် မြောက်ပိုင်းတွင်ရှိပြီး အကြီး ဆုံးဖြစ်သည်။ အခြား (၃)ခုမှာ ကချင် ပြည်နယ်ရှိ လွယ်ဂျယ်၊ ကန်ပိုက်တီးနှင့် ရှမ်းပြည်မြောက်ပိုင်းရှိ ချင်းရွှေဟော်တို့ဖြစ်သည်။ မူဆယ်/၁၀၅ မိုင် နယ်စပ် ကုန်သွယ်ရေး တစ်ခုတည်း၏ အပြန်အလှန်ကုန်သွယ်မှု တန်ဖိုးမှာ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၅.၃၇၈ ဘီလီယံရှိခဲ့ပြီး ၂၀၁၆ -၂၀၁၇ ဘဏ္ဍာနှစ်တွင် အနည်းငယ် ကျဆင်းသွားပြီး ၅.၃၆၂ ဘီလီယံရှိခဲ့သည်။ သို့ရာတွင် ၂၀၁၇ခုနှစ် ဒီဇင်ဘာလကုန်တွင် စုစုပေါင်း ပမာဏ ၄.၁၁၈ ဘီလီယံ ရှိခဲ့သည့်အတွက် လက်ရှိဘဏ္ဍာနှစ်ဖြစ်သည့် ၂၀၁၇-၂၀၁၈ခုနှစ်တွင် တိုးတက် လာရန် အလား အလာရှိသည်။[21]

တရုတ်၊ ထိုင်း၊ ဘင်္ဂလားဒေ့ရှ်နှင့်အိန္ဒိယနယ်စပ်ကုန်သွယ်ရေး စုစုပေါင်း တရားဝင်(၁၆) နေရာမှ လုပ်ဆောင် သောနယ်စပ်ကုန်သွယ်ရေးပမာဏနှင့် နှိုင်းယှဉ်ပါက မူဆယ်နယ်စပ်ကုန်သွယ်ရေးသည် ၂၀၁၅-၂၀၁၆ ခုနှစ် တွင် (၇၅%) ရှိပြီး (၂၀၁၆-၁၇) တွင် (၆၉%) ရှိသည်။ မူဆယ်ကိုဖြတ်သန်းသည့် ကုန်သွယ်မှု ပမာဏသည်၂၀၁၅-၁၆ဘဏ္ဍာနှစ်တွင် တနိုင်ငံလုံးကုန်သွယ်မှု ပမာဏ၏ (၂၀%) ခန့်ရှိပြီး (၂၀၁၆-၁၇) ဘဏ္ဍာနှစ်တွင် (၁၈%) ရှိသည်။[22]

သို့ဖြစ်ရာမူဆယ်နယ်စပ်ကိုဖြတ်သွားသည့် ကုန်သွယ်မှုပမာဏမှတနေ့လျှင် ခန့်မှန်းခြေ အမေရိကန် ဒေါ်လာ၁၅သန်းမျှရှိပြီး ဝင်ငွေအမြောက်အများရရှိနေစေသည်။ ၂၀၁၆ ခုနှစ် နှောင်းပိုင်းဖြစ်ပွားခဲ့သည့် မုံးကိုးတိုက်ပွဲများကြောင့် နယ်စပ် ကုန်သွယ်ရေးသည် အမေရိကန်ဒေါ်လာ သန်း၂၁၀ခန့် ကျဆင်းသွား ခဲ့ကြောင်း ၂၀၁၆ခုနှစ် ဒီဇင်ဘာ(၁)ရက်နေ့တွင် ဆင်ဟွာသတင်းဌာနက သတင်းထုတ်ပြန်ခဲ့သည်။[23]

ယင်းမှာမူဆယ်သည် နိုင်ငံရေး-စီးပွားရေးအရအရေးပါမှုရှိကြောင်း သက်သေ ဖြစ်သည်။ ထို့ကြောင့်ပင်လျှင် မြန်မာစစ်တပ်သည် ၂၀၁၆ခုနှစ် နှောင်းပိုင်းက

---

[21]http://www.commerce.gov.mm/en/article/exportimport-border-trade-situation-myanmar-2012-2013-fical-year-2017-2018-fical-year-2

[22]http://www.commerce.gov.mm/en/content/ပုံမှန်-နယ်စပ်-ပို့ကုန်-သွင်းကုန်

[23]http://www.xinhuanet.com/english/2016-12/01/c_135873745.htm

လေကြောင်းနှင့် လက်နက်ကြီးပစ်ကူများ ယူလျက်အကြီးအကျယ် စစ်ဆင်ရေး လုပ်ဆောင်ရ ခြင်းဖြစ်ပေသည်။ မြန်မာစစ်တပ်က မူဆယ်သို့ သွားသော ကားလမ်းနှင့် မဟာဗျူဟာအချက်အခြာဖြစ်သော မုံးကိုး ဗျူဟာကုန်း တို့အပါအဝင် မူဆယ်နှင့် ပတ်ဝန်းကျင် ဧရိယာများကို ထိန်းချုပ်ကာကွယ်လိုခြင်း ဖြစ်သည်။ အဆိုပါ ရည်ရွယ်ချက်ဖြင့် မုံးကိုးဒေသ ဒေသခံအများအပြားအပေါ် စစ်ရာဇဝတ်မှုကြီးများ ကျူးလွန် ခဲ့ခြင်းဖြစ်သည်။




ရှမ်းပြည်နယ်မြောက်ပိုင်း အခြေပြမြေပုံ


## မိုးကိုးသည်မူဆယ် (၁၀၅မိုင်) ကုန်သွယ်ရေးဇုံကို ခြိမ်းခြောက်နိုင်သောနေရာတွင်ရှိသည်

## အာရှလမ်းမကြီးအမှတ် ၁၄ (ပတ်ကြိုးတစ်ခုလမ်းတစ်ကြောင်း)

ရွှေသဘာဝဓါတ်ငွေ့နှင့် ရေနံပိုက်လိုင်းများနှင့် မူဆယ် (၁၀၅မိုင်) နယ်စပ်ကုန်သွယ်ရေးဇုန်နှင့် အထူး စီးပွားရေးဇုန်စီမံကိန်းတို့အပြင် ဤဒေသကို မဟာဗျူဟာမြောက်အရေးပါစေသော အခြားသောအရေးကြီးသည့် အကြောင်း ရပ်မှာ နိုင်ငံပေါင်းစုံ ရောမစီမံကိန်း ဖြစ်သည့် အာရှလမ်းမကြီးကွန်ရက် (မဟာ အာရှ လမ်းမကြီးဟုလည်းခေါ်သည်) စီမံကိန်းဖြစ်သည်။ ယင်းသည် အနည်းဆုံး နိုင်ငံ ၃၂ နိုင်ငံကိုဖြတ်သွားမည်ဖြစ်ပြီး ကုလသမဂ္ဂ ESCAP နှင့် အာရှဖွံ့ဖြိုးရေး ဘဏ်တို့က ထောက်ပံ့ထားသည်။ ဤလမ်းစီမံကိန်းသည် စတင် လုပ်ဆောင် လျက် ရှိပြီး တရုတ်က အစပျိုးလုပ်ဆောင်နေသည့် ပတ်ကြိုးတစ်ခု လမ်းတကြောင်း စီမံချက် တွင်လည်း ပါဝင်နေသည်။

အနည်းဆုံးအာရှလမ်းမ ၁၊ ၂၊ ၁၄ နှင့် ၄၁ တို့မှာမြန်မာနိုင်ငံနှင့် ဆက်သွယ်ဖြတ်သန်း သွားသည်။[24] အရေးအကြီးဆုံးမှာ အာရှလမ်းမကြီး အမှတ် ၁၄ သည် မူဆယ်မှတဆင့် မိုးကိုးဒေသကိုဖြတ်သန်းသွား သည်။ (မြေပုံတွင်ကြည့်ပါ)

[24] https://en.wikipedia.org/wiki/Asian_Highway_Network




အာရှလမ်းမ အမှတ် ၁၄ သည် မူဆယ်မြို့ကို ဖြတ်သန်းထား။

## အပိုင်း(၃)
## စစ်ရာဇဝတ်မှု[25]အမျိုးအစားများ

တိုင်းရင်းသား ပြည်နယ်များတွင် အောက်ဖော်ပြပါ စစ်ရာဇဝတ်မှု အမျိုးအစား များကို တွေ့ရှိရသည်။

၁။ စစ်ရေးလှုပ်ရှားမှုများမှ ကင်းလွတ်ခွင့်ပေးရမည့်အရပ်သားများ သို့မဟုတ် အခြား ကာကွယ်စောင့်ရှောက်မှု ပေးရမည့်လူပုဂ္ဂိုလ်များကို နေရာဒေသများ၊ ဧရိယာများ သို့မဟုတ် စစ်တပ်ဖွဲ့များ၏ အကာအကွယ်အဖြစ် အသုံးပြုခြင်း။

၂။ အခုအခံ၊ အကာအကွယ်မရှိသော သို့မဟုတ် စစ်ရေးပစ်မှတ် မဟုတ်သော မြို့များ၊ ကျေးရွာများ၊နေရာများ သို့မဟုတ် အဆောက်အဦးများကို တနည်းနည်းဖြင့် တိုက်ခိုက်ခြင်း သို့မဟုတ် ဗုံးကြဲခြင်း။

၃။ တိုက်ခိုက်မှုများတွင် တိုက်ရိုက်ပါဝင်ခြင်းမရှိသော အရပ်သားများ သို့မဟုတ် အရပ်သားတစ်ဦးချင်းကိုပစ် မှတ်ထား၍ တိုက်ခိုက်ရန်ညွှန်ကြားခြင်း။

၄။ နှိပ်စက်ခြင်း

၅။ ဘာသာရေး၊ ပညာရေး၊ အနုပညာ၊ သိပ္ပံ သို့မဟုတ် အလှူဒါနပြုရန် ရည်ရွယ်ချက် များဖြင့် ဆောက်လုပ်ထား သောအဆောက်အဦးများ၊ သမိုင်းဝင်အဆောက်အဦးများ၊ ဆေးရုံများနှင့်လူနာများနှင့်ဒဏ်ရာရ သူများအား ထားရှိသော နေရာများ၊ စစ်ရေးပစ်မှတ် မဟုတ်ဟု သတ်မှတ်ထားသော နေရာများရှိ အဆောက်အဦးများကို တိုက်ခိုက်ရန်တမင် ရည်ရွယ်ချက်ဖြင့် ညွှန်ကြားခြင်း။

၆။ ဂျီနီဗာသဘောတူညီချက် အောက်တွင်ပေးပို့သော ကယ်ဆယ်ရေး ပစ္စည်းများကို ရည်ရွယ်ချက်ရှိရှိဖြင့် နှောင့်နှေးကြန့်ကြာစေရန်ပြုလုပ်ခြင်း အပါအဝင် အရပ်သားများ၏ အသက်ရှင်ရပ်တည်ရေးအတွက် မရှိမဖြစ် လိုအပ်သော ပစ္စည်းများ မရောက်ရှိစေခြင်းဖြင့် အရပ်သားများငတ်မွတ် မှုဖြစ်စေရန် စစ်ရေးနည်းလမ်း တစ်ခုအဖြစ် ရည်ရွယ်အသုံး ပြုခြင်း။

၇။ စစ်ရေးအရတိုက်ရိုက် အလုံးစုံအသာစီးရရှိမှုနှင့် နှိုင်းယှဉ်လျှင် တိုးတက်မှုအတွက် တစုံလုံးခြုံငုံသည့် တိုက်ရိုက်စစ် ရေးရည်ရွယ်ချက်နှင့် မမျှအောင်ရှင်းလင်းစွာ မျှတမှု မရှိသည့် တိုက်ခိုက်မှုတစုံတရာသည် မတော်တဆ အရပ်သားများ၏ အသက်၊ အိုးအိမ်၊ စည်းစိမ်ဆုံးရှုံးမှု ဖြစ်စေနိုင်သည့် သို့မဟုတ် အရပ် သားပစ်မှတ်များကို ထိခိုက်စေမည့် သို့မဟုတ် သဘာဝပတ်ဝန်းကျင်ကို ကျယ်ကျယ်ပြန့်ပြန့်နှင့် ရေရှည်ဆိုး ရွားစွာပျက်စီး

[25] နိုင်ငံတကာပြစ်မှုဆိုင်ရာ တရားရုံးရောမဥပဒေ ပုဒ်မ၈ တွင် ပြဋ္ဌာန်းထားသည်။

စေခြင်းတို့ အတိုင်းမဆ ဖြစ်ပေါ်နိုင်သည်ကိုသိရှိလျက် တိုက်ခိုက်မှုကို ရည်ရွယ်ချက်ရှိစွာ လုပ်ဆောင်ခြင်း။

၈။ မလိုလားအပ်သော ဒဏ်ရာဒဏ်ချက် သို့မဟုတ် ထိခိုက်ခံစားရမှု ဖြစ်ပေါ်စေနိုင်သော၊ လက်နက်ကိုင်ပဋိပက္ခ ဆိုင်ရာနိုင်ငံတကာဥပဒေများကို ပင်ကိုယ်အားဖြင့် မဆင်မခြင် ချိုးဖောက်သည့် သဘာဝဓာတ်ငွေ့ရှိသည့် လက်နက်များ၊ ဒုံးကျည်များ၊ ပစ္စည်းများနှင့် စစ်ရေးနည်းလမ်းများကို အသုံးပြုခြင်း သို့မဟုတ် ၎င်းလက်နက်များ၊ ဒုံးကျည်များ၊ ပစ္စည်းများနှင့် စစ်ရေးနည်းလမ်းများကို ထောက်ပံ့ခြင်းသည် ဤဥပဒေကို အလုံးစုံ ချိုးဖောက် ခြင်းဖြစ် သကဲ့သို့ ပုဒ်မ ၁၂၁ နှင့် ၁၂၃ တို့နှင့် သက်ဆိုင်ရာနောက်ဆက်တွဲ ပြင်ဆင် ပြဋ္ဌာန်းချက်များကိုလည်း ချိုးဖောက်ရာရောက်သည်။

၉။ မုဒိန်းကျင့်မှုကျူးလွန်ခြင်း။

၁၀။ စစ်ရေးလိုအပ်ချက်အရ အကြောင်းပြချက်မခိုင်လုံပဲ ပိုင်ဆိုင်မှုပစ္စည်းများကို ဥပဒေနှင့် မညီညွတ်ဘဲ အကြောင်းမဲ့ကျယ်ပြန့်စွာ ပျက်စီးစေခြင်းနှင့် သိမ်းယူခြင်း။

၁၁။ ခန္ဓာကိုယ် သို့မဟုတ် ကျန်းမာရေးကိုကြီးမားစွာ ခံစားစေရန် သို့မဟုတ် ပြင်းထန်စွာ ထိခိုက်စေရန် ရည်ရွယ် ချက်ရှိစွာ သတ်ဖြတ်ခြင်းနှင့် ရည်ရွယ်ချက် ရှိစွာ ဖြစ်ပေါ်စေခြင်း။

၁၂။ နိုင်ငံတကာ သွင်ပြင်လက္ခဏာမရှိသည့် လက်နက်ကိုင်ပဋိပက္ခဖြစ်ရပ်တွင် လက်နက်ချထားသော လက်နက်ကိုင်အဖွဲ့အစည်းဝင်များနှင့် နာမကျန်းဖြစ်၊ ဒဏ်ရာရ၊ ထိန်းသိမ်းထားခံရခြင်း သို့မဟုတ် အခြားသော အကြောင်းများကြောင့် တိုက်ခိုက်မှုတွင် မပါဝင်သော လက်နက်ကိုင်အဖွဲ့ဝင်များ အပါအဝင် ဘေးအန္တရာယ် ဖြစ်စေသော နေရာများတွင် တက်ကြွစွာပါဝင်ခြင်း မရှိသော လူပုဂ္ဂိုလ်များအပေါ် အောက်ပါ ကျူးလွန်မှု တစ်ခုခု အား (၁၉၄၉ ခုနှစ် ဩဂုတ် ၁၂ရက်) ဂျီနီဗာသဘောတူညီချက် (၄)ခု တွင် တူညီစွာပါရှိသော ပုဒ်မ (၃) ကို ဆန့်ကျင် ချိုးဖောက် ကျူးလွန်ခြင်း။

> ၁။ အသက်နှင့်လူပုဂ္ဂိုလ်ကို အကြမ်းဖက်ခြင်းအထူးသဖြင့် သတ်ဖြတ်မှု အမျိုးအစားအားလုံး၊ ကိုယ်ခန္ဓာ အစိတ်အပိုင်းများဖြတ်တောက်ခြင်း၊ ရက်စက်သောပြုမူဆက်ဆံမှုနှင့် နှိပ်စက်ခြင်း။
>
> ၂။ ပုဂ္ဂိုလ်ရေးဂုဏ်သိက္ခာကို ချိုးဖောက်ကျူးလွန်ခြင်း၊ အထူးသဖြင့် အရှက်တကွဲနှင့် နှိမ့်ချ ဆက်ဆံမှုများ။
>
> ၃။ ဓါးစာခံခေါ်ဆောင်ခြင်း။

၄။ မရှိမဖြစ်လိုအပ်ချက်ဟု ယေဘုယျအားဖြင့် အသိအမှတ် ပြုထားသည့် ပုံမှန် ဖွဲ့စည်းထားသော တရားရုံး၊ ခိုင်မာသောတရားစီရင်မှု အာမခံချက်တို့မရှိဘဲ ထောင်ဒဏ်ချမှတ်ခြင်းနှင့် သေဒဏ်စီရင် ခြင်းများ။

၁၃။ အသက် ဆယ့်ငါးနှစ်အောက် ကလေးများကို နိုင်ငံအဆင့် လက်နက်ကိုင် တပ်ဖွဲ့အတွင်း စုဆောင်းခြင်း သို့မဟုတ် စာရင်းထည့်သွင်းခြင်း သို့မဟုတ် သူတို့ကို ဘေးအန္တရာယ်ရှိသော နေရာများတွင် တက်ကြွစွာပါဝင် စေရန်အသုံးပြုခြင်း။

၁၄။ အတင်းအဓမ္မပျောက်ဆုံးစေခြင်းများ။

(မူလကလူသားဖြစ်မှုဆန့်ကျင်သောရာဇဝတ်များတွင် ထည့်သွင်းထားသည်)

## အပိုင်း (၄)

## ကြီးမားသောစစ်ရာဇဝတ်မှုများကို ဖြစ်ပေါ်စေသည့် စစ်အင်အား အလွန်အကျွံ သုံးစွဲမှု

**(ဖမ်းဆီးထားသောရွာသားများအား လူသားဒိုင်းအဖြစ်အသုံးပြုခြင်း)**

မြောက်ပိုင်း မဟာမိတ်တပ်ဖွဲ့များနှင့် မြန်မာစစ်တပ်တို့အကြား (၂၀၁၆ ခုနှစ် ၊ နိုဝင်ဘာလ ) အတွင်း မုံးကိုးမြို့၏ (၂) မိုင်အကွာ မန်ကန်ကျေးရွာတွင် တိုက်ပွဲများ စတင်ဖြစ်ပွားခဲ့ပြီး မြန်မာစစ်တပ်ဖက်က ထိခိုက် ဒဏ်ရာရမှုများ အများအပြားရှိခဲ့သည်။ ယင်းနောက်တွင်မြောက်ပိုင်း မဟာမိတ်တပ်ဖွဲ့များသည် မုံးကိုး မြို့၏အစွန်အဖျား ဒေသများကို ထိုးဖောက်ဝင်ရောက်ခဲ့ပြီး တမြို့လုံးနီးပါးကို သိမ်းပိုက်ထားလိုက် နိုင်ခဲ့သည်။

မြန်မာစစ်တပ်က အင်နှင့်အားနှင့် အခြေပြုထားခဲ့သော ခြေမြန်တပ်မ (၉၉) လက်အောက်ခံ တပ်ရင်း တစ်ရင်း တပ်စွဲထားသည့် ဗျူဟာကုန်းမှာ မုံးကိုးအနီးတွင် တည်ရှိသည်။ မုံးကိုးတိုက်ပွဲများအတွင်း ဤဗျူဟာ ကုန်းသည် မြန်မာစစ်တပ်အတွက် ဒေသတစ်ခုလုံး ကိုထိန်းချုပ်ရန်အဓိကကျသော ခုခံရေး နေရာဖြစ်ခဲ့သည်။ မြောက်ပိုင်း မဟာမိတ်တပ်ဖွဲ့များက ယင်းဗျူဟာကုန်းကို သိမ်းပိုက်နိုင်ခဲ့ပါက မုံးကိုးမြို့၏ ပထဝီအနေအထား အရနှင့် စီးပွားရေးအရ အချက်အချာကျသောပတ်ဝန်းကျင် ဒေသ တစ်ခုလုံးသည် ၎င်းတို့ ( မြောက်ပိုင်း မဟာမိတ်အဖွဲ့) လက်အောက်သို့ ကျရောက်သွား မည်ဖြစ်သည်။ သို့ဖြစ်ရာ မြန်မာစစ်တပ်သည်လက်နက်ကြီးများ၊ ဂျက်တိုက်လေယာဉ် များအပြင် သက်ရှိလူသားဒိုင်းအထိ နည်းဗျူဟာအမျိုးမျိုးကိုအသုံးပြုခဲ့သည်။

မုံးကိုးဗျူဟာကုန်းသည် မုံးကိုးမြို့နယ်၊ မန်ဂျပ်ကျေးရွာမှ (၁၀) မိနစ်ခန့် လမ်းလျှောက်သွားရသည့် နေရာတွင်တည်ရှိသည်။ မန်ဂျပ်ကျေးရွာတွင် တရုတ် အိမ်ထောင်စု (၄၇) စု နှင့် ကချင်အိမ်ထောင်စု (၄၃) စုတို့အခြေ ချနေထိုင်ပြီး လူဦးရေ ၆၀၀ ခန့်ရှိသည်။

၂၀၁၆ခုနှစ်၊နိုဝင်ဘာလ (၁၉) ရက်နေ့ ည (၁၁) နာရီခန့်တွင် ဗျူဟာကုန်း သိမ်းပိုက်ရန် ကြိုးပမ်းသော ကိုးကန့် (MNDAA) မြောက်ပိုင်း မဟာမိတ် တပ်ဖွဲ့များနှင့် မြန်မာ့တပ်မတော်အကြား ပြင်းထန်သော တိုက်ပွဲများ ဖြစ်ပွားခဲ့သည်။ တိုက်ပွဲများသည် နောက်တနေ့ဖြစ်သော (၂၀၁၆ခုနှစ် ၊ နိုဝင်ဘာလ ၊ ၂၀ရက်) နံနက်(၁)နာရီ ခန့်တွင် ရပ်တန့် သွားခဲ့သည်။

နိုဝင်ဘာ(၂၀) ရက် နံနက်(၄)နာရီခန့် တွင်ဗျူဟာကုန်းမှ မြန်မာစစ်သား များသည် မန်ဂျပ်ရွာသို့ ဆင်းလာပြီး ရွာသားများကို ဖမ်းဆီးခဲ့သည်။ သူတို့ကမြန်မာ


စကားဖြင့် "ကိုးကန့်စစ်သားတွေလာတာ မင်းတို့ငါတို့ကို ဘာလို့သတင်းမပေးတာလဲ" ဟု အော်ဟစ်ခဲ့ကြသည်။

မြန်မာစစ်သားများသည် နောက်တရက်တွင် မင်္ဂလာဆောင်ကျင်းပရန် ပြင်ဆင်နေသည့် အိမ်တွင် ရှိနေကြသော ရွာသား အများအပြားကိုသူတို့၏ ဗျူဟာကုန်းသို့ ခေါ်ဆောင်သွားကြသည်။ စစ်သားများသည် မင်္ဂလာဆောင် အတွက် ပြင်ဆင်ထားသော အစားအသောက်များ အားလုံးကိုလည်း လုယူသွား ခဲ့သည်။ ထို့နောက်တွင် စစ်သားများသည် ဖမ်းဆီးထားသော ရွာသားများကို အိမ်ရှေ့တွင် စောင့်ကြောင့်ထိုင်ခိုင်းပြီး သူတို့မျက်နှာများ ကိုအောက်သို့ ငုံ့ထားခိုင်းရန် အမိန့်ပေးသည်။

စစ်သားများသည် ရွာသားများကို သေနတ်များဖြင့် ခြိမ်းခြောက်ကာ ကြက် ၊ နွားကဲ့သို့ အချို့သော တိရိစ္ဆာန်များကို ဗျူဟာကုန်းသို့ ယူဆောင် သွားကြသည်။ လီဆူး(ကချင်) နှင့်တရုတ်ရွာသားစုစုပေါင်း (၁၄၇)ဦး ထိန်းသိမ်းခံရသည်။ နိုဝင်ဘာလ (၂၀)ရက် ညနေပိုင်းတွင် မြန်မာစစ်တပ်မှ စစ်သားများက အမျိုးသမီး နှင့် ကလေး များကို လွှတ်ပေးခဲ့သည်။[26]

---

[26]ဥပဒေအထောက်အကူပြုကွန်ရက်စစ်ရာဇဝတ်မှုအထောက်အထားများစုဆောင်းရေးအဖွဲ့ (WCECG-LAN) မှကောက်ယူထားသော ထွက်ဆိုချက်။



ဆေးရုံကုန်း
လယ်ကွင်းပြင်
ညောင်ပင်ကြီး
ညောင်ပင်ကြီး
ကတုတ်ကျင်း
ကတုတ်ကျင်း
ကတုတ်ကျင်း
ဗျူဟာကုန်း
ရပ်ကွက်(၆)
ရေတွင်း
လယ်ကွင်း
ရှမ်းရွာ
ကင်းစခန်းကုန်း
ဗျူဟာဂိတ်
ဗျူဟာဂိတ်
ဗျူဟာဂိတ်
ကုန်စုံဆိုင်
N
W
E
S

မုံးကိုးဗျူဟာကုန်းကို သံဆူးကြိုးသုံးထပ်ဖြင့်ခြံစည်းရိုး ကာထားသည်။ ဖမ်းဆီး ခံရသောရွာသားများ သည် ပထမနှင့် ဒုတိယခြံစည်းရိုးအကြားတွင် မှောက်လျက် လဲလျောင်းနေကြရသည်။ ရွာသားများသည် ( ၂၀၁၆ ခုနှစ် နိုဝင်ဘာ ၂၀ မှ ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၃ ရက်) ထိမြန်မာစစ်သားများ၏ တင်းကြပ်သော စောင့်ကြည့်မှုအောက်တွင် ခေါ်ယူသည်မှ လွဲ၍ မည်သည့်နေရာကိုမျှသွားခွင့်မရှိဘဲ ထိန်းသိမ်းထားခံကြ ရသည်။ ရွာသားများမှာ လှုပ်ရှားခွင့် ပင်မရကြပါ။ တနေ့လုံးမြေကြီးပေါ်တွင် မှောက်လျက် လဲနေကြရသည်။ မြေကြီးပေါ်တွင် အမိုး အကာမရှိဘဲ နေကြရသည့် အတွက်ရွာသားများမှာ နေ့အခါတွင်ကျဲကျဲတောက် နေပူဒဏ်နှင့် ညအခါတွင် ပြင်းထန်သော အအေးဒဏ်ကို ခံကြရသည်။ တနေ့တာအတွင်း အကြိမ် အနည်းငယ်သာ ရွာသားများ ထိုင်ခွင့် ရကြသည်။ အချိန်အများစုမှာ သူတို့သည် မြေကြီးပေါ်တွင်သာ မှောက်နေကြရသည်။

ရွာသားများသည် (၁၃) ရက် ကြာအောင်ထိန်းသိမ်းခံခဲ့ရသည်။ ကိုးကန့် (MNDAA) မြောက်ပိုင်း မဟာမိတ်တပ်ဖွဲ့များက မုံးကိုးဗျူဟာကုန်းကို တိုက်ခိုက်သည့်အခါများတွင် စခန်းရှိမြန်မာစစ်တပ်မှစစ်သား များသည် ထိန်းသိမ်း ထားသော ရွာသားများအထက်တွင်ရပ်လျက် သို့မဟုတ် သူတို့ အပေါ်မှ ကျော်ကာ ပစ်ခတ်ကြသည်။ ရွာသားများသည်စစ်တပ်ဖွဲ့ နှစ်ဖွဲ့ကြားတွင် ရှိနေကြသည်။

မြန်မာစစ်သားများသာ သူတို့အနီးတွင်ကပ်လျက်ရှိနေသည်မဟုတ်ဘဲ ဗျူဟာကုန်းကို သိမ်းပိုက်ရန် ပစ်ခတ်တိုက်ခိုက်နေကြသောကိုးကန့် (MNDAA) မြောက်ပိုင်းမဟာမိတ်တပ်ဖွဲ့များသည်လည်း သူတို့နှင့် အလွန်နီးကပ်စွာ ရှိနေခဲ့သည်။ မြန်မာ့တပ်မတော်စစ်သားများက ရွာသားများခေါင်းပေါ် မှကျော်ကာ လက်ပစ်ဗုံးများဖြင့် ပစ်ခဲ့ကြသည်။

ပထမပိုင်းတွင် ရွာသားများကို ဖမ်းဆီးထိန်းသိမ်းပြီးနောက် မြန်မာစစ်သား များက ရွာသားမျာကို မည်သည့် အစားအစာမှ မပေးဘဲထားခဲ့သည်။ တနေ့လျှင် နှစ်ကြိမ်သာ အပေါ့အပါးသွားခွင့်ရ ကြသည်။ စတုတ္ထမြောက်နေ့တွင် ရွာသားများက အစားအစာနှင့် ရေတောင်းသည့်အခါတွင် "ငါတို့မှာဆန်ရှိတယ် ဒါပေမယ့် မင်းတို့ကို ကျွေးဖို့ မဟုတ်ဘူး။ ရွာပြန်ပြီးအိမ်တိုင်းမှာ အစားအစာ သွားရှာခဲ့။ ပြီးရင်ငါတို့အားလုံး အတွက် ချက်ပေး" ဟုစစ်သားများကပြောခဲ့သည်။ ထို့နောက်စစ်သား အချို့နှင့်ရွာသား လေးယောက်တို့ သည် ရွာသို့သွားပြီး ဆန်၊ စောင်ကဲ့သို့ရိက္ခာပစ္စည်းများ ယူဆောင်ခဲ့ပြီး ရွာသားအချို့က ဗျူဟာကုန်းအနီးရှိ အိမ်များတွင် ချက်ပြုတ်ခဲ့ကြသည်။

နောက်ပိုင်းတွင် မြန်မာစစ်သားများက တောင်ကုန်းအနီးနေထိုင် သောအချို့ ရွာသားများကို ဆင့်ခေါ်ပြီး သူတို့အားလုံးအတွက် ချက်ပြုတ်စေရန် အမိန့်ပေးခဲ့သည်။ ချက်ပြုတ်ရန်ပေးလာသော ဆန်ကိုကြည့်၍ ဗျူဟာကုန်းတွင် တပ်အင်အား ခြောက်ဆယ်ခန့်ရှိမည်ဟု ဖမ်းဆီးခံရသော ရွာသားများက သိရှိလာကြသည်။

ဖမ်းဆီးခံရပြီး ခုနစ်ရက်မြောက်သည့် (၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ၊ ၂၇ ရက်နေ့) တွင်တိုက်ပွဲ ဖြစ်နေစဉ် အတွင်းမြန်မာစစ်တပ်မှပစ်လိုက်သော ကျည်ဆန်ကြောင့် ဦးခေါင်ဟောင်း[27]၏ လက်ဝဲ လက်မောင်းကို ထိမှန်ခဲ့သည်။ သူ့လက်မောင်းမှ အသားများ ပဲ့ထွက်သွားပြီး သွေးများယိုစီးလာကာ လက်မောင်းရိုး ကျိုးသွားခဲ့သည်။ သူက နာကျင်စွာဖြင့် အော်ဟစ်အကူအညီ တောင်းခဲ့သည်။ စစ်သားများက "မအော်နဲ့ ၊ ခေါင် မထောင်နဲ့၊ မဟုတ်ရင် မင်းတို့အားလုံးကို ပစ်လိုက်မယ်" ဟုအမိန့်ပေးခဲ့သည်။ ထိခိုက် ဒဏ်ရာကို မည်သူမှ လာရောက် ကုသပေးခြင်းမရှိခဲ့ပါ။

ထိုညတွင် အတူရှိနေသော ရွာသားအချို့၏ အကူအညီဖြင့် သူက သူ့ဒဏ်ရာကို ဖိထားခဲ့သော်လည်း သူ့အဝတ်အစား အားလုံးသွေးများစွန်းပေ သွားခဲ့သည်။ ဒဏ်ရာမှာ တညလုံးသွေးများထွက်နေပြီး အကြိမ်များစွာ သတိလစ် သွားခဲ့ရသည်။ သူ့ကိုမည်သည့် ဆေးဝါးမှ ပေးခြင်းမရှိဘဲ အလွန်နာကျင်စွာ ခံစားခဲ့ရသည်။

နောက်တနေ့ (၂၀၁၆ခုနှစ် ၊ နိုဝင်ဘာ၊ ၂၈ရက်) နံနက်တွင် ၎င်းမှာ မထနိုင်၊ စကားပင် မပြောနိုင် သော်လည်း ဦးခေါင်ဟောင်းအား မည်သည့် ဆေးဝါး ကုသမှုမျှ မပေးခဲ့ပါ။ သူသည်သတိလစ်တချက်မလစ်တ ချက်ဖြင့် နာရီပေါင်း(၁၇)နာရီခန့် ကြာခဲ့သည်။ သူ၏ တရုတ်လူမျိုးမိတ်ဆွေဖြစ်သူ တွန်ဆန်းက သူ၏ဒဏ်ရာကို ကြည့်ရှု ပေးရန် မြန်မာစစ်သားများအားအကြိမ်များ စွာတောင်းဆိုခဲ့သော်လည်း သူတို့က ဘာမှမလုပ်ပေးခဲ့ကြပါ။

နိုဝင်ဘာ ၂၈ ရက် နေ့ခင်း ၁၂ နာရီခန့်မှ စစ်တပ်ဆေးမှူး နှစ်ယောက် ရောက်လာခဲ့သည်။ ရွာသားများက လူနာကိုစခန်းတွင်း သို့သယ်ဆောင်ခဲ့ပြီး ဆေးမှူး များက သူ့ဒဏ်ရာကို စစ်ဆေးခဲ့သည်။ ဆေးမှူး တဦးက လူနာကို "ငါတို့မင်းလက်ကို ဖြတ်ပစ်ရတော့မယ်၊ တစစီကျိုးနေပြီ" ဟုပြောခဲ့သည်။ ၎င်းအနေဖြင့် အခြားရွေးချယ် စရာမရှိဘဲ သဘောတူလိုက်ရသည်။ စစ်တပ် ဆေးမှူးတို့က လူနာကိုထုံဆေး (၂) ချောင်းထိုးပေးပြီး ရိုးရိုးဓါးဖြင့် လက်မောင်းကို ဖြတ်ရန်ပြင်ဆင်ခဲ့ ကြသည်။ ထုံဆေး

[27]ဥပဒေအထောက်အကူပြုကွန်ရက်စစ်ရာဇဝတ်မှုအထောက်အထားများစုဆောင်းရေးအဖွဲ့ (WCECG-LAN) မှကောက်ယူထားသော ထွက်ဆိုချက်။

လုံလောက်မှု မရှိသောကြောင့် လူနာ၏ ပါးစပ်ထဲသို့ အရက် (၂) ပုလင်း လောင်းထည့်ခဲ့ကြသည်။ လူနာကနာကျင်မှုများသောကြောင့် သတိလစ် လုနီးပါး ဖြစ်ခဲ့သည်။ လက်ဖြတ်ပြီးသည့်အခါ ဦးခေါင်ဟောင်းသည် ညသန်းခေါင်ခန့်အထိ သတိလစ်နေခဲ့သည်။ နောက်တရက် နံနက်တွင် ၎င်းက စောင့်ရှောက် ပေးနေသော ဦးတွန်ဆန်းက လက်ပြတ်ကို ဗျူဟာကုန်း အတွင်း တနေရာတွင် မြေမြှုပ်လိုက်သည်။ လူနာလက်မောင်းကို ဖြတ်ပြီးနောက်တွင် ၎င်းကိုမည်သည့် ဆေးဝါးမျှ မပေးခဲ့ပါ။ ဦးခေါင်ဟောင်းသည် ယခင်နေရာသို့ ပြန်လာခဲ့ရပြီး နောက်ဆုံးဒဏ်ရာတွင် ပိုးများဝင်ပြီး အပုပ်နံ့များ ထွက်လာခဲ့သည်။

သူဒဏ်ရာရသည့် တရက်တည်းမှာပင်မြန်မာစစ်သားများ ပစ်သော လက်ပစ်ဗုံးများကြောင့်ထိန်းသိမ်း ခံထားရသော အခြားရွာသား (၁၂) ဦး ပြင်းထန်စွာဒဏ်ရာရရှိခဲ့ပြီး တရုတ်လူမျိုးနှစ်ဦးသေဆုံးခဲ့သည်။ သူတို့မှာ ရန်ရီ (အသက်၄၀) နှင့်ကျူးဖ (၁၉နှစ်) တို့ဖြစ်ကြသည်။ ထိုအချိန်တွင်ကိုးကန့် (MNDAA) မြောက်ပိုင်း မဟာမိတ်တပ်ဖွဲ့စစ်သားများ ကမြန်မာစစ်တပ်၏ ဗျူဟာကုန်းကို ဝိုင်းထားခဲ့သည်။ မြန်မာစစ်သားများကို သူတို့က "လက်နက်ချပါ၊ ခေါင်းထောင်ကြည့်စမ်းပါ၊ ကြောက်သလား" ဟု အော်ဟစ်ခဲ့ကြသည်။

ဖမ်းဆီးထိန်းသိမ်းမှု (၁၃)ရက် မြောက်သည့် နေ့ (၂၀၁၆ ခုနှစ်၊ ဇင်ဘာလ ၃ ရက်) နံနက် (၁၀) နာရီခန့် တွင်ကိုးကန့် (MNDAA) မြောက်ပိုင်း မဟာမိတ်တပ်ဖွဲ့နှင့်မြန်မာစစ်တပ်တို့ အကြားတိုက်ပွဲပြန်လည် ဖြစ်ပွား ခဲ့သည်။ မြန်မာစစ်တပ်က ရွာသားများအား ထိန်းသိမ်းထားပြီး လူသားဒိုင်းအဖြစ်အသုံးပြု နေသည်ကို ကိုးကန့် (MNDAA) မြောက်ပိုင်းမဟာမိတ်တပ်ဖွဲ့ များမသိရှိခဲ့။ သို့ဖြစ်၍ ၎င်းတို့ကလက်ပစ်ဗုံးများ ဆက်လက်ပစ်သွင်း နေခဲ့သည်။ တိုက်ပွဲ ဝင်နေသည့် ကိုးကန့်မြောက်ပိုင်းမဟာမိတ်တပ်ဖွဲ့များအား ရွာသားများက မိမိတို့မှာ အရပ်သားများ ဖြစ်ကြောင်း ခြံစည်းရိုး ပထမ နှင့် ဒုတိယ အထပ်ကြားတွင် ရှိကြောင်း အော်ပြောခဲ့ကြသည်။

ထိုအချိန်မှစ၍ ကိုးကန့် မြောက်ပိုင်းမဟာမိတ်တပ်ဖွဲ့များသည် ပစ်ခတ်မှုကို ရပ်လိုက်ပြီး ကိုးကန့် ဘာသာ စကားဖြင့် ရွာသားများအား လှမ်းအော်ပြောသည်။ "မင်းတို့ အဲဒီမှာရှိနေရင်ငါတို့တိုက်လို့မရဘူး။ မြန်မြန် ထွက်ပြေးကြ၊ မပြေးရင်မင်းတို့အားလုံး သေကုန်မယ်၊ မြန်မြန်"။ တချိန်တည်းမှာပင် မြန်မာစစ်သားများက "မပြေးနဲ့၊ ပြေးရင် ပစ်မယ်" ဟုအမိန့် ပေးကြသည်။

ဖမ်းဆီးခံထားရသော ရွာသားများသည်နှစ်ဘက်စစ်သားများကြောင့် ကြောက်ရွံ့ကြသည်။ သို့ရာတွင် မြန်မာစစ်တပ်၏ ဗျူဟာကုန်းတွင် ဆက်နေလျှင် သူတို့သေသွား

နိုင်သည်ကို နားလည်ကြသောကြောင့် သေနတ်သံခေတ္တ တိတ်ဆိတ်သွားချိန်တွင် ထွက်ပြေးရန် ဆုံးဖြတ်ခဲ့ကြသည်။

လွတ်မြောက်လာသော ရွာသားများမှ လူနာ(၄)ဦးကို ကိုးကန့်တပ်နှင့် မြောက်ပိုင်း မဟာမိတ် တပ်ဖွဲ့များ၏ စခန်းသို့ သယ်ဆောင်လာကြသည်။ မဟာမိတ် တပ်ဖွဲ့များကလွတ်မြောက်လာသော ရွာသား (၄၆)ဦး စလုံးကို တရုတ်နယ်စပ်သို့ ပို့ဆောင်ပေးခဲ့သည်။

ပထမတွင် စုစုပေါင်းထိန်းသိမ်းခံရသော ရွာသားအရေအတွက်မှာ (၁၄၇)ဦး ဖြစ်သည်။ အများစုမှာ လီဆူး (ကချင်)နှင့်တရုတ်လူမျိုးများဖြစ်သည်။ နောက်ပိုင်းတွင် အမျိုးသမီးနှင့်ကလေးများကို လွှတ်ပေး ခဲ့သည်။ အချို့ ရွာသားများမှာ ထမင်းချက် တာဝန်ကျစဉ် နှင့် အပေါ့စွန့်ရန် ခွင့်ပြုချက်ရချိန်တွင် ထွက်ပြေးသွားခဲ့ ကြသည်။

သုံးရက်မြောက်နေ့တွင် တရုတ်ပြည်မှ လာရောက်ကြသော တရုတ်လူမျိုးအများစုကို တရုတ် အစိုးရ လူကြီးများမှ နာမည်ခေါ်ကာ လာရောက် ရွေးထုတ်ခေါ်ဆောင်သွားကြပြီး၊ နောက်ဆုံး တိုက်ပွဲအတွင်းမှ ထွက်ပြေးချိန်တွင် စုစုပေါင်း (၄၈)ဦးသာ ရှိတော့သည်။

(၂၀၁၆ ခုနှစ် နိုဝင်ဘာလ ၂၀ရက်) နောက်ပိုင်းတွင် မြန်မာ့ တပ်မတော်က ထိခိုက်ဒဏ်ရာရ များပြား သည့် အပေါ်လက်တုန့်ပြန်သည့် အနေနှင့်ဖမ်းဆီးခြင်း၊ နှိပ်စက်ခြင်း၊ သတ်ဖြတ်ခြင်းတို့အပါအဝင်အများ အပြားကို ကျူးလွန်ခဲ့ကြသည်။[28] အိမ်များနှင့်အဆောက်အဦအများ အပြားပျက်စီးခဲ့ပြီး ရွာသား အမြောက် အများလည်း ဒဏ်ရာ ရရှိခဲ့ကြသည်။

ရွာသားများအပေါ် ခွဲခြားမှုမရှိဘဲ ပုံးကြဲတိုက်ခိုက်မှုကြောင့် လည်းအများအပြား သေဆုံးခဲ့ရသည်။[29] ဘေးကင်း လုံခြုံရေးအတွက် ရွာသားများက အိမ်များကိုစွန့်ခွာ ထွက်ပြေးသွားသည့် နောက်တွင်ရွာသားများ၏ ပစ္စည်းဥစ္စာ အများအပြားကို စစ်သားများက လုယက် ဖျက်ဆီးခဲ့ကြသည်။[30]

[28]ဥပဒေအထောက်အကူပြုကွန်ရက်စစ်ရာဇဝတ်မှုအထောက်အထားများစုဆောင်းရေးအဖွဲ့ (WCECG-LAN) မှကောက်ယူထားသော ထွက်ဆိုချက်

[29]ဥပဒေအထောက်အကူပြုကွန်ရက်စစ်ရာဇဝတ်မှုအထောက်အထားများစုဆောင်းရေးအဖွဲ့ (WCECG-LAN) မှကောက်ယူထားသော ထွက်ဆိုချက်

[30]ဥပဒေအထောက်အကူပြုကွန်ရက်စစ်ရာဇဝတ်မှုအထောက်အထားများစုဆောင်းရေးအဖွဲ့ (WCECG-LAN) မှကောက်ယူထားသော ထွက်ဆိုချက်

ယခင်ကဖြစ်ပွားခဲ့သော တိုက်ပွဲများနှင့် မတူဘဲ မြန်မာ့တပ်မတော်သည် ဂျီနီဗာ သဘောတူစာချုပ်အရ စစ်ရာဇဝတ်မှုများဟု သတ်မှတ်ထားသော - အရပ်သား အိမ်များအပေါ် ပုံးကြဲခြင်း၊ ခွဲခြားမှုမရှိပဲပုံးကြဲ ချခြင်းနှင့် အရပ်သားအိမ်များကိုမီးရှို့ခြင်းများ အပါအဝင် အရပ်သားပစ်မှတ်များကို နည်းလမ်းပေါင်းစုံ ဖြင့်တိုက်ခိုက် ခဲ့သည်။

(၂၀၁၆ခုနှစ် နိုဝင်ဘာလ ၂၀ရက်) နောက်ပိုင်း ရှမ်းပြည်မြောက်ပိုင်းတွင် စစ်ဆင်ရေး အရှိန်မြင့် လာသည့် နောက်တွင်မုံးကိုး၊ ဖောင်းဆိုင်၊ ဝါဒင်ကက်နာ၊ ပန်ဆိုင်း၊ နမ့်မတူနှင့် အခြားအနီးဝန်းကျင် ကျေးရွာများမှ ဒေသခံ ပြည်သူများသည် သူတို့ နေအိမ်များကို စွန့်ခွာ၍ အခြားနေရာများတွင် ရှောင်တိမ်း ခိုလှုံခဲ့ရသည်။

## လူသားဒိုင်းအသုံးပြုမှုအပြင်အခြားသောစစ်ရာဇဝတ်မှုများ

ရက်စက်ကြမ်းကြုတ်သော လူသားဒိုင်းအသုံးပြုမှုအပြင် မုံးကိုးတိုက်ပွဲများ အတွင်း မြန်မာစစ်တပ်၏ အခြား ရာဇဝတ်မှုများလည်း ရှိသေးသည်။

(၁) စစ်ရေးပစ်မှတ်မဟုတ်သည်များကို တိုက်ခိုက်ခြင်း သို့မဟုတ် ပုံးကျဲခြင်း၊ မြို့များ၊ ရွာများ၊ နားခိုရာ နေရာများ သို့မဟုတ် အဆောက်အဦးများ၊ စသဖြင့်။

(၂၀၁၆ခုနှစ် ဒီဇင်ဘာလ ၅ရက်)နေ့တွင် မြန်မာစစ်တပ် တပ်မ (၁၁) နှင့် (၉၉)၏ လက်အောက်ခံ တပ်ရင်းများမှ စစ်သားများသည် မန်ဂျပ်ကျေးရွာရှိ ရွာသားများ၏ အိမ်များနှင့် ပစ္စည်းများကို တမင်တကာ မီးရှို့ခဲ့ကြသည်။ ဒီဇင်ဘာ (၅)ရက်နေ့ ရွာသားများ တရုတ်ဘက်ခြမ်းသို့ ထွက်ပြေးသွားချိန်တွင် တပ်မ (၁၁) နှင့် (၉၉) လက်အောက်မှ စစ်သား (၅) ယောက်ခန့်စီပါသော အဖွဲ့ငယ် များသည် မန်ဂျပ်ရွာတွင် အနည်းဆုံး နေအိမ်(၁၁)လုံး ကိုမီးရှို့ခဲ့ကြောင်း မျက်မြင်သက်သေတစ်ဦးကပြော သည်။[31] အခြားမျက်မြင်သက်သေ တစ်ဦးက အိမ်များနှင့်တိရိစ္ဆာန်ခြံများ မီးလောင်နေသည်ကို အတည်ပြု ခဲ့သည်။[32] ဒေါ်အီလောင် (၆၀နှစ်)၊ ဦးအိုက်စံ (၅၀နှစ်) နှင့်မောင်အောင်ဆန်

[31]ဥပဒေအထောက်အကူပြုကွန်ရက်စစ်ရာဇဝတ်မှုအထောက်အထားများစုဆောင်းရေးအဖွဲ့ (WCECG-LAN) မှကောက်ယူထားသော ထွက်ဆိုချက်

[32]ဥပဒေအထောက်အကူပြုကွန်ရက်စစ်ရာဇဝတ်မှုအထောက်အထားများစုဆောင်းရေးအဖွဲ့ (WCECG-LAN) မှကောက်ယူထားသော ထွက်ဆိုချက်

(၁၂နှစ်) တို့သည့် ဒီဇင်ဘာ (၄)ရက် နံနက် (၁၀)နာရီခွဲခန့်တွင် စစ်လေယာဥ်များ၏ ဗုံးကြဲတိုက်ခိုက်မှုကြောင့်သေဆုံးခဲ့ကြသည်။[33]

ဒေါ်အီလောင်နှင့် ဦးအိုက်စံတို့သည် လေယဥ်ဗုံးကြဲမှုတစ်ခုတွင် သေဆုံးခဲ့ကြပြီး မောင်အောင်ဆန်မှာ အခြား တစ်နေရာရှိသူ၏ အိမ်တွင် သေဆုံးခဲ့သည်။ တပ်မ(၁၁)မှ စစ်သားများသည် ဒီဇင်ဘာ(၅)ရက်နေ့ တွင် နမ့်ခရွာမှ ရွာသား (၂၄)ဦးကို ဖမ်းဆီးပြီး ပေါ်တာအဖြစ် အသုံးပြုရန် ဖောင်းဆိုင်ရွာသို့ ခေါ်ဆောင်သွားခဲ့သည်။ ဒီဇင်ဘာလ (၆) ရက်နေ့ တွင် မောင်အိုင်ဟိုင်မှာ လမ်းမလျှောက်နိုင်တော့သဖြင့် စစ်သားများက လမ်းခရီးတွင် ပစ်သတ်လိုက်ပြီး ဖောင်းဆိုင်ရွာမှ ရွာသားများက သူ၏ အလောင်းကို မြှုပ်နှံပေးခဲ့ရသည်။[34] ကိုလွတ်အောင်ဟု ခေါ်သော အခြားတစ်ဦးမှာ ၂၀၁၆ ခုနှစ် ဒီဇင်ဘာလ (၁၄)ရက် နေ့တွင် မူဆယ်သို့ စီးပွားရေးအတွက် သွားရာလမ်း တွင်သတ်ခံခဲ့ရသည်။ မြန်မာစစ်သားများက ခိုင်လုံသော အကြောင်းမရှိဘဲ ၎င်းအား သတ်ခဲ့ပြီး ၎င်း၏ မော်တော်ဆိုင်ကယ်ကို မီးရှို့ခဲ့ကြသည်။[35]

(၂) စစ်ရေးအရ ကျိုးကြောင်းလိုအပ်ချက်ခိုင်လုံမှုမရှိဘဲ ဥပဒေမဲ့လုပ်ဆောင်ခဲ့သည့် ကျယ်ပြန့်သော ပစ္စည်းဥစ္စာ ဖျက်ဆီးမှု နှင့် လုယူမှုများ။

[33]ဥပဒေအထောက်အကူပြုကွန်ရက်စစ်ရာဇဝတ်မှုအထောက်အထားများစုဆောင်းရေးအဖွဲ့(WCECG-LAN) မှကောက်ယူထားသော ထွက်ဆိုချက်

[34]ဥပဒေအထောက်အကူပြုကွန်ရက်စစ်ရာဇဝတ်မှုအထောက်အထားများစုဆောင်းရေးအဖွဲ့ (WCECG-LAN) မှကောက်ယူထားသောထွက်ဆိုချက်

[35]ဥပဒေအထောက်အကူပြုကွန်ရက်စစ်ရာဇဝတ်မှုအထောက်အထားများစုဆောင်းရေးအဖွဲ့ (WCECG-LAN) မှကောက်ယူထားသောထွက်ဆိုချက်

တိုက်ပွဲများပြီးသည့်နောက် ၂၀၁၆ ခုနှစ် ဒီဇင်ဘာ (၅)ရက်နေ့တွင် ရွာသားများ မုံးကိုးမြို့သို့ ပြန်လာကြရာတွင် သူတို့အိမ်များပျက်စီးနေပြီး ပစ္စည်းဥစ္စာများ ပျောက်ဆုံး နေခဲ့သည်။ တစ်ဦးက သူ့ကင်မရာပျောက်ဆုံးပြီး အခြားတယောက်မှာ သူ၏အိမ်လုံးဝ အသုံးပြုလို့မရတော့သည်ကို တွေ့ရှိခဲ့ သည်။[36] ဆရာဦးတန်ဂွမ်းအောင်၏ မိသားစုသည် ချုပ်စက်တစ်ခုနှင့် အခြားသောပစ္စည်းများ ပျောက်ဆုံးခဲ့ပြီး ဒေါ်လုမိုင်က ကွန်ပြူတာ များနှင့် အပိုပစ္စည်းများ ပျောက်ဆုံးခဲ့သည်။ အိုက်ခွဲနှင့် ရီခမ်းစတိုးဆိုင်များက အစားအစာနှင့် အခြားသောပစ္စည်းများ ဆုံးရှုံးခဲ့သည်။[37] တိုက်ပွဲဖြစ်ပွား နေဆဲဖြစ်သည့် ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၄ရက် ညနေပိုင်းတွင် နောင်ခမ်း ကျေးရွာအုပ်စု၊ မုံးကိုး၊ အုပ်စု (၆)မှ အနည်းဆုံး အိမ်(၁၂)လုံး ကို တပ်မ (၁၁) နှင့် (၉၉)မှ စစ်သားများက မီးရှို့ခဲ့ကြသည်။ အိမ်ပိုင်ရှင်များမှာ (၁) ဦးဟောင်ခေါင်း (၂) ဦးဟောင်ဖောင်း (၃) ဒေါ်နန်းထန် (၄)



[36]ဥပဒေအထောက်အကူပြုကွန်ရက်စစ်ရာဇဝတ်မှုအထောက်အထားများစုဆောင်းရေးအဖွဲ့ (WCECG-LAN) မှကောက်ယူထားသောထွက်ဆိုချက်

[37]ဥပဒေအထောက်အကူပြုကွန်ရက်စစ်ရာဇဝတ်မှုအထောက်အထားများစုဆောင်းရေးအဖွဲ့ (WCECG-LAN) မှကောက်ယူထားသောထွက်ဆိုချက်

ဦးဇောင်းခေါင် (၅) ဦးဆူးအေး (၆) ဦးလိုမန်း (၇) ဦးဆောင်းအေး (၈) ဦးဆူးဆက် (၉) ဦးရန်ချိုင်း (၁၀) ဦးဆောက်ဂျင်း (၁၁) ဦမီးတုန်ခနင့် (၁၂) ဦးဇောင်းဒေါင် တို့ဖြစ်ကြသည်။[38]

၂၀၁၆ ခုနှစ် နိုဝင်ဘာ(၂၃)ရက်က မုံးကိုးတွင် မြန်မာစစ်သား ၂၀ ခန့်က အိမ်များနှင့် နွားတင်းကုပ်များကို မီးရှို့ ခဲ့ကြသည်။ မြန်မာစစ်သားများက ကိုးကန့် မြောက်ပိုင်းမဟာမိတ်တပ်ဖွဲ့များ၏ လက်နက်များ သို့မဟုတ် ကျည်ဆံများ ဝှက်ထား နိုင်သည်ဟု ယူဆခဲ့ကြသည်။ အိမ်တလုံးနှင့် နွားတင်းကုပ် (၅)ခု မီးလောင်သွား သည်။[39]

(၃) ဆန္ဒအလျောက်သတ်ဖြတ်ခြင်းနှင့် ဆန္ဒအလျောက်နာကျင်ခံစားမှု သို့မဟုတ် ခန္ဓာကိုယ်ကို အပြင်းအထန် ဒဏ်ရာရစေရန် သို့မဟုတ် ကျန်းမာရေး ထိခိုက် စေရန် လုပ်ဆောင်ခြင်း။

၂၀၁၆ ခုနှစ် နိုဝင်ဘာလ ၂၂ ရက် နေ့ နံနက်(၂)နာရီနှင့် (၃)နာရီ ကြားတွင် မုံးကိုးဗျူဟာကုန်း မှ ပစ်လိုက်သော ကျည်ဆံကြောင့် မုံးကိုးရပ်ကွက် (၆) တွင် နေထိုင်သူ ဟောင်းကောင်သေဆုံးခဲ့သည်။[40]

(၄) တိုက်ပွဲများတွင်တိုက်ရိုက်ပါဝင်ခြင်းမရှိသော အရပ်သားများကို သို့မဟုတ် အရပ်သား တစ်ဦးချင်းစီကို တမင်ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်ရန်ညွှန်ကြားခြင်း။

၂၀၁၆ ခုနှစ် ဒီဇင်ဘာလ (၄) ရက် နံနက် ၉ နာရီ ခန့်တွင် မုံးကိုးဒေသ အတွင်း တိုက်ပွဲများ ပြန်လည်ဖြစ်ပွားခဲ့သည်။ လေယာဉ်ဖြင့်ဗုံးကြဲတိုက်ခိုက်မှုကြောင့် ဒေါ်အိလွယ်၏ သားဖြစ်သူအသက် (၁၂) နှစ် အရွယ် ကျောင်းသား အောင်စန်းသည် လေယာဉ် ဗုံးကျရောက်ပေါက်ကွဲသည့် နေရာတွင်ပင် သေဆုံးသွားခဲ့သည်။[41]

---

[38]ဥပဒေအထောက်အကူပြုကွန်ရက်စစ်ရာဇဝတ်မှုအထောက်အထားများစုဆောင်းရေးအဖွဲ့ (WCECG-LAN) မှကောက်ယူထားသောထွက်ဆိုချက်

[39]ဥပဒေအထောက်အကူပြုကွန်ရက်စစ်ရာဇဝတ်မှုအထောက်အထားများစုဆောင်းရေးအဖွဲ့ (WCECG-LAN) မှကောက်ယူထားသောထွက်ဆိုချက်

[40]ဥပဒေအထောက်အကူပြုကွန်ရက်စစ်ရာဇဝတ်မှုအထောက်အထားများစုဆောင်းရေးအဖွဲ့ (WCECG-LAN) မှကောက်ယူထားသောထွက်ဆိုချက်

[41]ဥပဒေအထောက်အကူပြုကွန်ရက်စစ်ရာဇဝတ်မှုအထောက်အထားများစုဆောင်းရေးအဖွဲ့ (WCECG-LAN) မှကောက်ယူထားသောထွက်ဆိုချက်

၂၀၁၆ ခုနှစ် ဒီဇင်ဘာ (၅) ရက်နေ့ နံနက် ၁၁ နာရီခန့်တွင် မြန်မာစစ်တပ်က နမ့်ဟာရွာပေါ်တွင်ပုံးကျဲချ ခဲ့သည်။ ဦးအာဟင်၏သား အိုက်ခမ်းအောင်မှာ သူတို့အိမ်အနီး ကျရောက် ပေါက်ကွဲသောပုံးများကြောင့် ပြင်းထန်စွာ ဒဏ်ရာရရှိခဲ့သည်။[42]

၂၀၁၆ ခုနှစ် နိုဝင်ဘာလ (၂၀) ရက်နေ့ နံနက်တွင် ကိုးကန့် မြောက်ပိုင်း မဟာမိတ်တပ်ဖွဲ့များနှင့် မြန်မာ့တပ်မတော်တို့ တိုက်ပွဲစတင်ဖြစ်ပွားခဲ့သည်။ တိုက်ပွဲအတွင်း မုံးကိုးမြို့နယ် မန်ကန်ကျေးရွာမှ ဒေါ်ဒရှိုနန်လီမှာ နံနက်၂ နာရီခွဲခန့်တွင် မော်တာကျည်ထိမှန်ဒဏ်ရာ ရခဲ့သည်။ သူ၏သား ဖြစ်သူမာဖန် (၇နှစ်) နှင့် သမီးနှစ်ဦး ဖြစ်သောလရှီဘောက်ဆန် (၈နှစ်) နှင့် ထန်ဒင်မ် (၁၂နှစ်) တို့လည်း ဒဏ်ရာ ရရှိခဲ့ကြသည်။[43] သူတို့၏ အိမ်နီးချင်း နှစ်ဦးဖြစ်သော တန်ဘောင်လွမ်နန် (၃၃နှစ်) နှင့် လဆီတူးလွမ် (၃၈နှစ်) တို့မှာ သေနတ် ဒဏ်ရာများ ထိမှန်ရရှိခဲ့ကြပြီး နောက်ပိုင်းတွင် ထိုဒဏ်ရာများကြောင့် သေဆုံးခဲ့သည်။ သူတို့အား ကူညီရန် နောက်တနေ့နံနက် ၈ နာရီခန့်တွင် ဓမ္မဆရာမောင်းလာသော ကားကို သေနတ်ဖြင့် ပစ်ခံရသော်လည်း ကံကောင်းစွာပင် မည်သူမျှ ထိခိုက်ဒဏ်ရာ ရခြင်းမရှိခဲ့ပါ။[44]

၂၀၁၆ ခုနှစ် ဒီဇင်ဘာ (၅) ရက်နေ့တွင် မြန်မာ့တပ်မတော်က မန်ကန် ကျေးရွာကို လေကြောင်းတိုက်ခိုက်မှု ရဟတ်ယာဉ်ဖြင့် ပုံးကြဲတိုက်ခိုက်ပြီး မြေပြင်မှ သေနတ်များဖြင့် တိုက်ခိုက်ခဲ့သည်။ ဦးချန်ပေါင်း (၆၀နှစ်)၊ ဦး ဒေါင်ယောင်၊ ဦးဒေါင်ချန်း နှင့် သူ၏ဇနီး (အမည်မသိ) တို့မှာလေကြောင်းမှ ပုံးကြဲတိုက်ခိုက်မှု ကြောင့် သေဆုံး ခဲ့ကြသည်။[45]

---

[42]ဥပဒေအထောက်အကူပြုကွန်ရက်စစ်ရာဇဝတ်မှုအထောက်အထားများစုဆောင်းရေးအဖွဲ့ (WCECG-LAN) မှကောက်ယူထားသောထွက်ဆိုချက်

[43]ဥပဒေအထောက်အကူပြုကွန်ရက်စစ်ရာဇဝတ်မှုအထောက်အထားများစုဆောင်းရေးအဖွဲ့ (WCECG-LAN) မှကောက်ယူထားသောထွက်ဆိုချက်

[44]ဥပဒေအထောက်အကူပြုကွန်ရက်စစ်ရာဇဝတ်မှုအထောက်အထားများစုဆောင်းရေးအဖွဲ့ (WCECG-LAN) မှကောက်ယူထားသောထွက်ဆိုချက်

[45]ဥပဒေအထောက်အကူပြုကွန်ရက်စစ်ရာဇဝတ်မှုအထောက်အထားများစုဆောင်းရေးအဖွဲ့ (WCECG-LAN) မှကောက်ယူထားသော ထွက်ဆိုချက်

(၅) ဘာသာရေးနှင့်ပညာရေးအတွက် ရည်ရွယ်ထားရှိသော အဆောက်အဦး များကို တမင်ရည်ရွယ်ချက်ရှိရှိဖြင့် တိုက်ခိုက်စေရန်ညွှန်ကြားခြင်း။

၂၀၁၆ ခုနှစ် ဒီဇင်ဘာ (၃) ရက် နံနက် ၁၁ နာရီခွဲခန့် တွင် မုံးကိုးမြို့ရှိ ရှိမင်ကက်သလစ်ဘုရားကျောင်း ဗုံးကြဲတိုက်ခိုက်မှုကြောင့် ပျက်စီးသွားခဲ့သည်။ ယင်းဘုရားကျောင်းတွင် ဘာသာဝင်ဦးရေ (၃၆၇)ဦး ရှိသည်။ မိသားစု (၁၅၀)ခန့်က ဝတ်ပြုဆုတောင်းရန်အသုံး ပြုကြသည်။ ဘုရားကျောင်း အပြင် အစိုးရ အထက်တန်း ကျောင်းသည်လည်း ထိုနေ့ဗုံးကြဲ တိုက်ခိုက်မှုကြောင့် ပျက်စီးသွားခဲ့ရသည်။ ကျောင်းတွင် ဆရာ/ဆရာမ (၂၀)ဦး ရှိပြီး ကျောင်းသား (၅၅၆)ဦး တက်ရောက် သင်ကြားနေသော ကျောင်းဖြစ်သည်။



ထိခိုက်ပျက်စီးသွားခဲ့ရသော အထက်တန်းကျောင်း



(၆) အတင်းအဓမ္မခေါ်ဆောင်မှုကြောင့်ပျောက်ဆုံးခြင်း။

၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၄ ရက် နေ့တွင် ပန်ဆိုင်းမြို့နယ် ခလိုင်ရွာမှ ဦးဘာမြာတာ (ခ) ဆီတိုင် (မှတ်ပုံတင်အမှတ ်ပီအက်စ်အေ- ၀၀၀၇၅)သည် ခလိုင်ရွာမှ မန်ကောင်းရွာသို့ သွားရာခရီးလမ်းတွင် ပျောက်ဆုံးသွားခဲ့သည်။ မြန်မာစစ်တပ် ကသူနှင့်အတူ အခြားရွာသား သုံးဦးကိုလည်း ခေါ်ဆောင်သွားခဲ့ရာ တစ်ဦးမှာ ဦးလဖိုင်ဂမ် ဖြစ်သည်။ ထိုနေ့တွင် ဦးဘာမြာတားမှာ ဖမ်းဆီးခြင်း ခံရသည်ဟု ယုံကြည်ရပြီး စစ်ကူနှင့် ရိက္ခာများပါသောကုန်တင်ကား (၈၀) မှာ မုံးကိုးသို့ သွားခဲ့ကြသည်။ ထိုနေ့ကတိုက်ပွဲ ဖြစ်ပွားမှုမရှိပါ။ ဦးထွန်းကျော်ဟု ခေါ်သော မျက်မြင်သက်သေတစ်ဦးက ဖမ်းဆီးသည့် ဖြစ်ရပ်ကိုမြင် လိုက်သည်။[46] ကြူကုတ် ပန်ဆိုင်းမြို့နယ်၊ မေခွန်ကျေးရွာအုပ်စု ခလင်းရွာမှ ဦးလဖိုင်ဂမ် (၂၉နှစ်) သည် ၂၀၁၆ ခုနှစ် ဒီဇင်ဘာ (၄) ရက်တွင် မြန်မာ့တပ်မတော်၏ ဖမ်းဆီးခြင်းကိုခံရသည်။ ၂၀၁၆ ခုနှစ် ဒီဇင်ဘာ (၅) ရက်နေ့ တွင် ဖိုင်ကောင်းကျေး ရွာအုပ်ချုပ်ရေးမှူး ဦးဇော်ခမ်းက ဦးလဖိုင်ဂမ်၏ ဇနီးဖြစ်သူ ဒေါ်ခေါင်ထွယ်ကို မြန်မာ တပ်မတော်အရာရှိ အောင်အောင်ကျော် နှင့်စကားပြောနိုင်ရန်စီစဉ်ပေးခဲ့သည်။ အရာရှိ အောင်အောင်ကျော် က (၃ ၊ ၄) ရက်ကြာလျှင် လွှတ်ပေးမည်ဟုပြောခဲ့သည်။ ၂၀၁၆ခုနှစ် ဒီဇင်ဘာ ၉ ရက် တွင် သူ့ဇနီးဖြစ်သူသည် အခြားရွာလူကြီးများနှင့်အတူ စစ်တပ် အရာရှိအားတွေ့ဆုံပြီး အခြေအနေကို ထပ်မံမေးမြန်း စုံစမ်းခဲ့သည်။ စစ်တပ်အရာရှိက "သူက မြန်မာစစ်သားများနှင့်စကားပြောသည်ကို သူပုန်များက တွေ့ရှိခဲ့ခြင်းကြောင့် သူ့ကို သူပုန်များက ဖမ်းဆီးသွားခြင်းဖြစ်သည်" ဟု ပြန်လည် ပြင်ဆင် ဖြေကြားခဲ့သည်။ ဒေါ်ခေါန်ထွယ်သည် မိတ်ဆွေများ၏ အကူအညီဖြင့် ဖိုင်ကောင်းတွင်ရှိသောစစ်တပ် အရာရှိကို ထပ်မံမေးမြန်းခဲ့သည်။ သူမက ဦးလဖိုင်ဂမ်၏ အမည်နှင့်မှတ်ပုံတင်နံပါတ်တို့ကို စစ်တပ်အရာ ရှိအားပေးခဲ့ သည်။ နောက်နေ့တွင် အရာရှိက နာမည်ကို ထပ်မံမေးမြန်းပြီး ဦးလဖိုင်ဂမ်ကို နောက်ရက်ဖြစ်သည့် ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၁၈ ရက်နေ့ တွင် လွှတ်ပေးမည် ဖြစ်ကြောင်းပြောခဲ့သည်။ ယင်းသို့ဆက်သွယ်မှုများ ရှိခဲ့သော်လည်း ဒီဇင်ဘာ ၁၈ ရက် နေ့တွင် ဦးလဖိုင်ဂမ်သည် လွှတ်မြောက် လာခြင်းမရှိပါ။ ဦးလဖိုင်ဂမ် လွှတ်မြောက်လာရေး အတွက် ဇနီးဖြစ်သူ ဒေါ်ခေါန်ထွယ်သည် အစွမ်းကုန် ကြိုးစားရင်း တဖြေးဖြေး အချိန်ကြာလာသည်နှင့် အမျှ သူမအတွက် ကြိုးပမ်းဆောင်ရွက်ကူညီ

[46]ဥပဒေအထောက်အကူပြုကွန်ရက်စစ်ရာဇဝတ်မှုအထောက်အထားများစုဆောင်းရေးအဖွဲ့ (WCECG-LAN) မှကောက်ယူထားသော ထွက်ဆိုချက်

ပေးနေသော မိတ်ဆွေများသည်လည်း နောက်ထပ် မည်သူမျှပင် ထပ်မံကြိုးပမ်းပေးနိုင်ခြင်း မရှိနိုင်ခဲ့ကြတော့ဘဲ ယနေ့ချိန်ထိ ပျောက်ဆုံးနေသည်။[47]

---

[47]ဥပဒေအထောက်အကူပြုကွန်ရက်စစ်ရာဇဝတ်မှုအထောက်အထားများစုဆောင်းရေးအဖွဲ့ (WCECG-LAN) မှကောက်ယူထားသောထွက်ဆိုချက်

## အခန်း (၅)
## လွတ်လပ်သောအဆင့်အတန်းရှိခဲ့သည့် ကရင်နီပြည်၊ သဘာဝသယံဇာတများ ခေါင်းပုံဖြတ်မှုနှင့် စစ်ရာဇဝတ်ပြစ်မှု

### လွတ်လပ်သောအဆင့်အတန်းရှိခဲ့သည့် ကရင်နီပြည်

ကရင်နီပြည်သည်[48] ထူးခြားသော နောက်ခံ သမိုင်းကြောင်းရှိသည်။ ကရင်နီပြည်၏ လွတ်လပ်ရေးကို မြန်မာဘုရင်များကရော၊ မြန်မာပြည်ကို ၎င်း၏ အင်ပါယာအတွင်းသို့ သွတ်သွင်းခဲ့သော ဗြိတိသျှ ကိုလိုနီများ ကပါ အသိအမှတ်ပြုထားသည်။ နောက်ပိုင်းတွင် ကရင်နီပြည်၏ လွတ်လပ်မှုကို ထိုစဉ်က နယ်စပ်ဒေသများ၏ ခေါင်းဆောင်များနှင့် ဗမာပြည်ကိုယ်စားပြု ဗိုလ်ချုပ်အောင်ဆန်းတို့ ၁၉၄၇ ခုနှစ်တွင် သဘောတူ ချုပ်ဆိုခဲ့သော ပင်လုံစာချုပ်ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ရေးဆွဲထားသည့် ၁၉၄၇ ခုနှစ် ဖွဲ့စည်း ပုံအခြေခံ ဥပဒေတွင်လည်း သွယ်ဝိုက်ညွှန်း ဆိုထားသည်။ ၁၉၄၇ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေကို ဖွဲ့စည်းပုံညီလာခံ ခေါ်ယူ၍ အတည်ပြုခဲ့ ခြင်းဖြစ်သည်။ ထိုဖွဲ့စည်းပုံ အခြေခံဥပဒေအခန်း ၁။ ပုဒ်မ ၂ တွင် အောက် ပါအတိုင်း ပြဋ္ဌာန်းထားသည်။

> ပုဒ်မ ၂။ (က) ယခင်က မြန်မာပြည်ဘုရင်ခံမှတဆင့်၊ ဗြိတိသျှ ဘုရင်မင်းမြတ်စီရင်အုပ်ချုပ်တော် မူခဲ့သောနယ်မြေအားလုံးနှင့် (ခ) ကရင်နီနယ်များ ပါဝင်ကြသည့် မြန်မာနိုင်ငံတနိုင်ငံလုံးသည်၊ ပြည်ထောင်စု မြန်မာနိုင်ငံတွင် ပါဝင်ရမည်။

၎င်းအရဆိုလျှင် ကရင်နီပြည်များသည် ၁၉၄၇ ခုနှစ် ဖွဲ့စည်းပုံမပေါ်ပေါက်မီက မြန်မာနိုင်ငံ၏ အစိတ်အပိုင်း တရပ် မဟုတ်ဘဲ သီးခြားလွတ်လပ်သော နိုင်ငံဖြစ်၏။ ၁၉၆၂ ခုနှစ်တွင် ဗိုလ်ချုပ်နေဝင်း အာဏာသိမ်း၍ ၁၉၄၇ ခုနှစ် ဖွဲ့စည်းပုံကို ဖျက်သိမ်းလိုက်သည်။ သို့ဖြစ်၍ ၎င်းအချိန်ကတည်းကပင် ကရင်နီပြည်သည် ၎င်း၏လွတ်လပ်ရေးကို ပြန်လည်ရရှိခဲ့ပြီးဖြစ်ကြောင်း မှတ်ယူ ရပေလိမ့်မည်။

ကရင်နီပြည်၏ သဘာဝသယံဇာတများမှာ ကျွန်းသစ်၊ ရေ နှင့် တန်စတင်၊ သံဖြူ စသည့်တွင်းထွက် များအပြင် စိုက်ပျိုးရေးအတွက် မရှိမဖြစ် မြေယာများလည်း အပါအဝင်ဖြစ်သည်။ ထို့ကြောင့်ပင် သစ်တောပြုန်းတီးမှု၊ ရေအားလျှပ်စစ်

[48] ကယားပြည်နယ်ဟုလည်း ခေါ်တွင်ပါသည်။

ထုတ်လုပ်မှုအတွက် ရေကာတာများဆောက်လုပ်ခြင်းနှင့် သတ္တုတူးဖော်ရေး လုပ်ငန်းများကြောင့် ဖြစ်ပေါ်ခဲ့ရသော သဘာဝသယံဇာတ ပျက်စီးဆုံးရှုံးမှုများမှာ မြန်မာစစ်အုပ်စု အစဉ်အဆက် မတရား စီမံခန့်ခွဲမှုကြောင့် ဖြစ်ပေါ်လာရသော ဤပြည်နယ်၏ အဓိက ပြဿနာများပင်ဖြစ်သည်။

သစ်တောပြုန်းတီးမှုမှာ အကြောင်းရင်းများစွာရှိ၏။ သို့သော် သစ်တောပြုန်းတီးမှု၏ အဓိကကျသော အကြောင်းရင်း တခုမှာ ဗဟို (သို့) ပြည်ထောင်စုအစိုးရက ၂၀၀၈ ဖွဲ့စည်းပုံကို ကျောထောက်နောက်ခံပြု၍ ပြဌာန်းထားသည့် တည်ဆဲဥပဒေများအရ ကျင့်သုံးလုပ်ဆောင်နေသော သစ်ထုတ်လုပ်ရေး လုပ်ငန်းများ ကြောင့် ဖြစ်သည်။[49] ထို့အပြင် တရားမဝင် ပြုလုပ်နေသော အကြီးစားနှင့် အသေးစားသစ်ထုတ်လုပ်ရေး လုပ်ငန်းများနှင့် ဒေသခံများ၏ ရေရှည် ထိန်းသိမ်းမှုမရှိသော သစ်တောအသုံးပြုမှုများ ကြောင့်လည်း ဤသဘာဝယံဇာတမှာ ယုတ်လျော့ လာရခြင်းဖြစ်သည်။ ဤသည်မှာ ကျေးလက်ဒေသများတွင် သောက်သုံးရေအတွက် မရှိမဖြစ် လိုအပ်သော သဘာဝမြေအောက်ရေ ပျက်စီးဆုံးရှုံးမှုကိုဖြစ်စေသည့် အလွန် အန္တရာယ်ကြီးသော သဘာဝပတ်ဝန်းကျင်ဆိုင်ရာ နောက်ဆက်တွဲ ဆိုးကျိုး ကို ဖြစ် ပေါ်စေသည်။[50]

လောပိတဟုလူသိများသော ဘီလူးချောင်းရေအားလျှပ်စစ် ထုတ်လုပ်ရေး စက်ရုံကို ၁၉၅၄ ခုနှစ် စစ်လျော် ကြေးသဘောတူညီချက်ဖြင့် ဂျပန်နိုင်ငံမှ ငွေကြေး အကူအညီဖြင့် မူလက ဆောက်လုပ်ခဲ့ခြင်း ဖြစ်သည်။ ၎င်းကို ၁၉၈၀ နှစ်ကုန်ပိုင်းတွင် ပြန်လည်ပြုပြင် မွမ်းမံခဲ့ပြီး ၁၉၉၂ ခုနှစ်တွင် အစိတ်အပိုင်းအချို့ ထပ်မံတပ်ဆင်ခဲ့သည်။ ဂျပန်နိုင်ငံတကာပူးပေါင်း ဆောင်ရွက်ရေးအေဂျင်စီ (JICA) ၏စီမံချက်ဖြင့် ၂၀၁၆ ခုနှစ်တွင် အသစ်မွမ်းမံပြင်ဆင်မှု များပြုလုပ်ပြီးစီးခဲ့သည်။ ၎င်းကို မြန်မာ့လျှပ်စစ်စွမ်းအင် ဓါတ်အားလုပ်ငန်း[51] မှ ကြီးကြပ်လုပ်ဆောင်ကာ တပြည်လုံးသို့ လျှပ်စစ်ဓါတ်အား ဖြန့်ဝေမှုကို ပြုလုပ်နေပါသည်။

---

[49] ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား(၁) စာပိုဒ် ၆ (စ)

[50] အပြည်ပြည်ဆိုင်ရာ အစိုးရမဟုတ်သည့်အဖွဲ့အစည်းများနှင့် ပြည်တွင်းအစိုးရ မဟုတ်သည့် အဖွဲ့အစည်းများ။ ကယားပြည်နယ် လူမှုစီးပွားလေ့ လာရေးစာတမ်း ၂၀၁၃။ စာမျက်နှာ ၅၄ မှ ၅၆။ https://data2.unhcr.org/en/documents/download/50137 . Accessed March 3, 2018.

[51] https://www.jica.go.jp/myanmar/english/office/topics/press140628.html . Accessed March 3, 2018.

ရေကာတာဆောက်လုပ်ခြင်းနှင့် စွမ်းအင်စက်ရုံ တည်ဆောက်ခြင်း လုပ်ငန်းများမှာ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများအပါအဝင် လူ့အခွင့်အရေး ချိုးဖောက်မှုများ၊ သတ်ဖြတ်မှုများ၊ အတင်းအဓမ္မလုပ်အားပေး ခိုင်းစေမှုများကို တိုးတက်ဖြစ်ပေါ်စေသည့် အကြောင်းရင်းများဖြစ်နေလေ့ရှိသည်။ အကြောင်းမှာ ၎င်းလုပ်ငန်းများနှင့်အတူ မြန်မာစစ်တပ်တိုးချဲ့ချထားမှုက တပါတည်းပါရှိလာ၍ ဖြစ်သည်။ ရေအားလျှပ်စစ်စက်ရုံနှင့် ၎င်း၏ ဓါတ်အားလိုင်းများကို တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များတိုက်ခိုက်ခြင်းမှ ကာကွယ်နိုင်ရန် မြန်မာ စစ်တပ်မှ မြေမြှုပ်မိုင်း အလုံး ၁၂၀၀၀ ကျော်ကိုချထားခဲ့သည်ဟုသိရသည်။

၂၀၁၀ ခုနှစ်တွင် တရုတ်နိုင်ငံ၊ ယူနန်ပြည်နယ်အခြေစိုက် Datang (Yunnan) United Hydro-power Developing Co. Ltd. နှင့် မြန်မာအစိုးရတို့ ချုပ်ဆိုသော နားလည်မှုစာချွန်လွှာ သဘောတူညီချက်အရ ကရင်နီပြည် (ကယားပြည်နယ်) ရွာသစ် ရေကာတာဆောက်လုပ်ရေး စီမံချက်ကို ထပ်မံ အကောင် အထည် ဖော်ခဲ့သည်။ ၁၉၉၆ ခုနှစ်မှ စတင်၍ ဒေသတွင်း စစ်ဆင်ရေးဆောင်ရွက်မှုများကြောင့် ကျေးရွာပေါင်း ၂၁၂ ရွာနှင့်ဒေသခံပြည်သူ ၃၇၀၀၀ ကျော်မှာ အတင်းအဓမ္မနေရာပြောင်းရွှေ့ခံခဲ့ရသည်။ ဒေသတခုလုံး လုံခြုံရေး အကြောင်းပြချက်ဖြင့် စစ်တပ်စခန်းများ တည်ဆောက်ခဲ့ပြီး အရပ်သားများနှင့် အရပ်ဖက်အဖွဲ့ အစည်းများကို လုံးဝ ဝင်ထွက်ခွင့် ပိတ်ပင်ထားခဲ့သည်။

သတ္တုမိုင်းတူးဖော်ရေး လုပ်ငန်းသည်လည်း ဤပြည်နယ်ထဲတွင် သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီး ဆုံးရှုံးမှုများဖြစ်ရခြင်း၏ အကြောင်းရင်းဖြစ်သလို တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် မြန်မာစစ်တပ်တို့ လက်နက်ကိုင် ပဋိပက္ခဖြစ်ရခြင်း အကြောင်းရင်းခံတခုလည်းဖြစ်သည်။ မော်ချီးသတ္တု မိုင်းတွင်းသည် ၁၉၃၀ခုနှစ် များတွင် ကမ္ဘာပေါ်ရှိ တန်စတင်သတ္တုမိုင်းများတွင် အရေးပါဆုံးတခု ဖြစ်ခဲ့သည်။ ယနေ့ကာလတွင် ၎င်းသတ္တု မိုင်းတွင်းကို အမှတ်(၂) သတ္တုတွင်းဝန်ကြီးဌာနနှင့် စစ်တပ်ပိုင် မြန်မာ့စီးပွားရေး ဦးပိုင်လီမိတက်တို့ ပူးတွဲ ထိန်းချုပ်ထားသည်။ ဤ သတ္တုမိုင်းတွင်းကြောင့် ပတ်ဝန်းကျင်ဒေသများတွင် မကြာခဏ မြေပြိုမှုများနှင့်လည်း ကြုံတွေ့ နေရသည်။[52] လက်ရှိတွင် နိုင်ငံတကာသတ္တုမိုင်း ကုမ္ပဏီများပါဝင်လျက် မိုင်းဇရိယာတိုး ချဲ့ရန် ပြင်ဆင်နေမှုများမှာ နိုင်ငံရေးတက်ကြွလှုပ်ရှားသူများနှင့် သဘာဝပတ်ဝန်းကျင်ထိမ်းသိမ်းရေးအဖွဲ့များ၏ ဆန့်ကျင်မှုနှင့် ရင်ဆိုင်နေ ရသည်။[53] [54]

---

[52] http://karennisdc.org/karenni-state/ . Accessed March 3, 2018

[53] ၎င်း

[54] မာတင်ဗွိုင်း အက်စ ရေးသားသော ဩစတြေးလျ သတ္တုမိုင်းကုမ္ပဏီ ကယားပြည်နယ်တွင်ပြုလုပ်သော ဓါတ်သတ္တုရှာဖွေရေးလေ့လာပွဲမှ နှုတ်ထွက် ခေါင်းစဉ်ပါ

မြေယာပိုင်ဆိုင်ခွင့် အခွင့်အရေးမှာ ရေရှည်ခံစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုပုံစံနှင့် သဘာဝသယံဇာတများ စီမံခန့်ခွဲမှု အတွက် အခြေခံအကျဆုံး အချက်တချက်ဖြစ်ကြောင်း သက်သေပြလျှက်ရှိသည်။ သက်ဆိုင်ရာ ပြည်နယ်များ ကိုယ်တိုင် မြေလွတ်၊ မြေရိုင်းများ စီမံခန့်ခွဲမှု အခြေခံမှနေ၍ ဒေသခံဌာနေတိုင်းရင်းသား လူမျိုး များက မြေယာစုပေါင်း ပိုင်ဆိုင်ခွင့်နှင့် စုပေါင်းအသုံးချခွင့်တို့ကို အမိက ရရှိသင့်သည်။ လက်တွေ့မှာ ယင်းနှင့် ဆန့်ကျင်လျက် ဗဟိုအစိုးရက ကိုင်တွယ်ဆောင်ရွက်သော ဖွံ့ဖြိုးရေး မဟာစီမံ ကိန်းကြီးများက ဒေသခံများ၏ မြေယာပိုင်ဆိုင်အသုံးချခွင့် အခွင့်အရေးများကို များစွာ ထိခိုက်နေကြောင်း ဖြစ်ပွားလျက်ရှိသည့် ( မရေမတွက် နိုင်သော) မြေယာ ပြဿနာ များတွင် တွေ့နေရသည်။[55]

၁၉၇၄ နှင့် ၂၀၀၈ ဖွဲ့စည်းပုံအရသော်၎င်း၊ ဖွဲ့စည်းပုံမဲ့ အုပ်ချုပ်ခဲ့စဉ်ကသော်၎င်း၊ ရွေးကောက်ပွဲနှင့် တက်လာသည်ဖြစ်စေ၊ ရွေးကောက်ပွဲမဲ့အာဏာသိမ်းအစိုးရဖြစ်စေ မြန်မာစစ်အစိုးရ အဆက်ဆက်သည် အချုပ်အခြာအာဏာကို နိုင်ငံတော်ကသာ ပိုင်စိုးသည်ဟူသော ဥပဒေသအရ တိုင်းရင်းသားပြည်နယ်များနှင့် ဌာနေတိုင်းရင်းသား လူမျိုးများ၏ အထက်ဖော်ပြပါ မြေယာပိုင်ခွင့် အခွင့်အရေးများကို မျက်ကွယ်ပြုခြင်းဆန်၍ ဗဟိုချုပ်ကိုင်မှု တင်းကျပ်စွာဖြင့် ကျင့်သုံးအုပ်ချုပ်လာခဲ့သည်။ ဤအခြေခံကျလှသော ပြဿနာကြီးကို လူအများစုအချုပ်အခြာပိုင်ခွင့်နှင့် ပြည်နယ်အချုပ်အခြာပိုင်ခွင့် ဥပဒေသ များအပါအဝင် အခြားသော မူဝါဒများကို တိုင်းရင်းသားပြည်နယ်များက ကျင့်သုံးခွင့် ရှိသည့် စစ်မှန်သောဖက်ဒရယ်ပြည်ထောင်စုကို တည်ထောင် နိုင်မှသာ ဖြေရှင်း နိုင်ပေလိမ့်မည်။ ကရင်နီပြည်သည်လည်း သမိုင်းကြောင်းအရ လွတ်လပ်သော နိုင်ငံဖြစ်ခဲ့ သည့်အတွက် ဤကဲ့သို့ကျင့်သုံးနိုင်ခွင့်ရှိသည်ကို သံသယဖြစ် စရာမလိုပေ။ ၎င်းအချိန် ရောက်မှ သာလျှင် တရားဥပဒေစိုးမိုးရေးမှာ အသက်ဝင်လာပြီး သဘာဝသယံဇာတများကို

ဧရာဝတီမဂ္ဂဇင်းသတင်း။ ၂၀၁၇ ခုနှစ် ဧပြီလ ၈ ရက်။
https://www.irrawaddy.com/news/burma/australian-mining-firm-abandons-exploration-bid-contested-karenni-statearea.
html . Accessed March 3, 2018.

[55] အပြည်ပြည်ဆိုင်ရာ အစိုးရမဟုတ်သည့်အဖွဲ့အစည်းများနှင့်
ပြည်တွင်းအစိုးရမဟုတ်သည့်အဖွဲ့အစည်းများ။ ကယားပြည်နယ် လူမှုစီးပွားလေ့လာရေးစာတမ်း
၂၀၁၃။ စာမျ
က်နှာ ၅၆ မှ ၅၇။ https://data2.unhcr.org/en/documents/download/50137 . Accessed
March 3, 2018.

သာနာညီမျှမှုရှိစွာ ဝေမျှသုံးစွဲခွင့် အမှန်တကယ်ရရှိလာကာ စစ်မှန်သောပြည်တွင်း ငြိမ်းချမ်းရေးလည်း ရရှိလာပေမည်။

အခြားသောမှုခင်းများအပါအဝင် အထက်ဖော်ပြပါ မြေယာပိုင်ဆိုင်ခွင့် အခွင့်အရေးကို ပြင်းထန်ဆိုးရွားစွာ ချိုးဖောက်ခဲ့သောမှုခင်းအဖြစ် အောက်ပါ မှုခင်းကို လေ့လာနိုင်သည်။ မြန်မာအစိုးရ အာဏာပိုင်များနှင့် မြန်မာ စစ်တပ်ခေါင်းဆောင်များသည် အမြင့်ဆုံးလူ့အခွင့်အရေး ချိုးဖောက်မှုများ ဖြစ်သော စစ်ရာဇဝတ်ပြစ်မှုကြီး များကို ယနေ့ထက်ထိတိုင် တခုပြီးတခု ကျူးလွန်လျက်ရှိ ကြောင်း တွေ့မြင်နိုင်သည်။

## ကရင်နီ စစ်ရာဇဝတ်မှု၏နောက်ခံ ဖြစ်စဉ်

ကရင်နီပြည်ပိုင်ဆိုင်သော သဘာဝသယံဇာတများကို ပေါ်ပေါ်ထင်ထင် ခေါင်းပုံဖြတ်အမြတ် ထုတ်မှု နှင့်အတူ ကရင်နီအမျိုးသား တိုးတက်ရေး ပါတီအဖွဲ့ဝင် ကရင်နီစစ်သား ၃ ဦးနှင့် ကရင်နီကျေးရွာသား တဦးအား မြန်မာစစ်တပ်မှ ဥပဒေမဲ့ ဖမ်းဆီးမှုနှင့် တရားစီရင်ရေးစနစ်ပြင်ပတွင် ဥပဒေမဲ့ သတ်ဖြတ်ခဲ့သည်။ ကရင်နီ အမျိုးသားတိုးတက်ရေးပါတီနှင့် မြန်မာစစ်အစိုးရ ခေါင်းဆောင်များအကြား ပြည်နယ်အဆင့်နှင့် ပြည်ထောင်စု အဆင့် နှစ်ခုစလုံးတွင် အပစ်အခတ်ရပ်စဲရေး သဘော တူညီချက် လက်မှတ် ရေးထိုးထားသည့်ကြားမှ နေ၍ စစ်ရာဇဝတ်ပြစ်မှုကြီး ပေါ်ထွက် လာခဲ့သည်။

၂၀၁၇ ခုနှစ် ဒီဇင်ဘာလ (၂၀) ရက်နေ့တွင် လွိုင်ကော်၊ ရှားဒေါ ကားလမ်းမကြီးပေါ်ရှိ ကရင်နီ အမျိုးသားတိုးတက်ရေးပါတီ၏ ၇ မိုင် စစ်ဆေးရေးဂိတ်တွင် မြန်မာစစ်တပ်က ၄င်း လူ ၄ ဦးကို သတ်ဖြတ်သွား ခြင်းဖြစ်သည်။

၄င်းစစ်ဆေးရေးဂိတ်စခန်းမှာ မူးယစ်ဆေးဝါးသယ်ယူမှုနှင့် တရားမဝင် သစ်မှောင်ခိုလုပ်ငန်းများကို ကာကွယ် တားဆီးရန်ဖွင့်လှစ်ထားခြင်းဖြစ်သည်။ အခင်း ဖြစ်ပွားသည့်နေ့က အဆိုပါဂိတ်တွင် ကရင်နီစစ်သား ၄ ဦး တာဝန်ကျနေပြီး ရွာသားတဦးမှာ ၄င်းတို့ထံ အလည်အပတ်ရောက်ရှိ နေခိုက်ဖြစ်သည်။ ဒီဇင်ဘာ လ (၁၉) ရက်နေ့ ညနေ ၅ နာရီ ခန့်တွင် တရားမဝင် သစ်များသယ်ဆောင်လာသည့် စစ်ထရပ်ကား ၂၁ စီးပါဝင်သော မြန်မာစစ်တပ် ယာဉ်တန်းအား အဆိုပါ တာဝန်ကျ ကရင်နီစစ်သား ၄ ဦးမှ ရပ်တန့် စစ်ဆေးခဲ့သည်။ ဤကဲ့သို့ စစ်ဆေးရာတွင် စစ်ကား ၃-၄စီးမှာ ဂိတ်ကိုဖြတ်ကျော်သွားပြီးဖြစ်သည်။ ကျန် စစ်ကားများကို စစ်ဆေးရာ အဖိုးတန်

သစ်မာမျိုးစုံကို[56] အပေါ်ယံမှ ထင်းများနှင့်ဖုံးအုပ်ပြီး သယ်ဆောင် လာကြောင်းတွေ့ရှိရသည်။ မြန်မာစစ်တပ်အနေနှင့် ရှေ့တန်းတပ်စခန်းများသို့ ရိက္ခာပို့ပြီး အပြန်နှင့် တပ်များတာဝန် အချိန်း အပြောင်း လုပ်ချိန်များတွင် ဤကဲ့သို့တရားမဝင် သစ်ခိုးထုတ်မှုများကို မကြာခဏပြုလုပ်လေ့ရှိသည်။[57]

တာဝန်ရှိ ကရင်နီစစ်သားနှင့် ထိုဂိတ်စခန်းတာဝန်ခံဖြစ်သော ခူးမောင်လာက တာဝန်ရှိစစ်တပ် အရာ ရှိကို မည်သူ့ခွင့်ပြုချက်ဖြင့် ယခုကဲ့ သို့တရားမဝင်သစ်များကို သယ်ယူလာကြောင်း တာဝန်အရ မေးမြန်းခဲ့သည်။ မြန်မာ စစ်တပ်အရာရှိက ဒေသဆိုင်ရာ ကွပ်ကဲမှုစစ်ဌာနချုပ် (လွိုင်ကော်) [ဒကစ(လွိုင်ကော်)] မှ ခွင့်ပြုချက်နှင့် လုပ်ကြောင်း ဖြေကြားသည်။ ကရင်နီ စစ်သားများက ၎င်းတို့အား ဤကိစ္စအကြောင်းကြား ထားခြင်း မရှိကြောင်း စောဒက တက်ခဲ့သော်လည်း ကားတန်းကို သွားခွင့်ပြုခဲ့သည်။

မြန်မာစစ်တပ်အနေနှင့် ၎င်းတို့ သစ်ခိုးထုတ်ခြင်းကို ကရင်နီစစ်သား များမှ မိသွားခြင်း အတွက် စိတ်မသက်မသာ မလုံမလဲဖြစ်သွားပုံရသည်။ ၎င်းအချက်ကပင် မျက်မြင်သက်သေဖြစ်သော ကရင်နီစစ် သားများကို သတ်ဖြတ်၍ စစ်ရာဇဝတ်ပြစ်မှုကြီးကျူးလွန်ဖြစ်အောင် တွန်းပို့ပုံ ရသည်။ ကရင်နီ အမျိုးသားတိုး တက်ရေးပါတီအနေနှင့် နောက်နောင် ဤကဲ့သို့ တားဆီး ပိတ်ပင်မှုမျိုးဆက်လက် မပြု လုပ်ရဲအောင် ခြိမ်းခြောက်ထားရမည်ဟု မှတ်ယူခဲ့ ဟန်ရှိသည်။ ဤကဲ့သို့လုပ်ပြထားမှပင် ကရင်နီ အမျိုးသား တိုးတက်ရေး ပါတီ သာမက အခြားသော နယ်မြေ ခြင်းဆက်စပ်နေသည့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်း များ၏ တားဆီးနှောင့်ယှက်မှုမရှိဘဲ သစ်အပါအဝင် အခြားသော သဘာဝသယံဇာတများကို ၎င်းတို့ စိတ်ကြိုက် ဆက်လက် ခေါင်းပုံဖြတ် ထုတ်ယူခွင့်ရရှိနေမည်ဟုလည်း မြန်မာစစ်တပ်က ထင်မှတ်ထားပုံ ရသည်။ ၎င်းအချက်မှာ ဤကဲ့သို့စက်ဆုပ်ရွံရှာဖွယ် စစ်ရာဇဝတ်မှုကို ကျူးလွန်စေသော အချက်တချက်ဖြစ်သည်။

အခြားတချက်မှာ တနိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူညီချက်(NCA) လက်မှတ်ရေး ထိုးခြင်း ဆိုင်ရာ နောက်ခံ အခြေ အနေနှင့် ဆိုင်သည်။ စစ်ရာဇဝတ်ပြစ်မှုများ တမှုပြီးတမှုပေါ်ပေါက်လာသည့်အချိန်မှာ မြန်မာစစ်

[56] မြန်မာစစ်တပ်မှ သယ်ယူလာသော အဓိက သစ်အမျိုးအစားမှာ ပိတောက်ဖြစ်သည်။ (ရုက္ခဗေဒအမည် Pterocarpus macrocarpus ရှိသည့် အဖိုးတန် သစ်မာ အမျိုးအစားဖြစ်သည်)

[57] ကရင်နီအမျိုးသားတိုးတက်ရေးပါတီ တွဲဖက်အတွင်းရေးမှူး (၂) ခွန်ဒဲနီရယ် မှ ကယား(ကရင်နီ)ပြည်နယ် အစိုးရအဖွဲ့ ဝန်ကြီးချုပ်သို့ ပေးပို့သော ၂၀၁၇ ခုနှစ် ဒီဇင်ဘာလ ၂၆ ရက် ရက်စွဲပါ စာမှ ကောက်နုတ်ချက်။

ခေါင်းဆောင်များက တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များ၏ အဓိက တပ်ပေါင်း စုဖြစ်ပြီး ကရင်နီအမျိုးသား တိုးတက်ရေးပါတီ (KNPP) က ပါဝင် ဦးဆောင်မှုပေးနေသော တိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီ (UNFC) က (NCA)အားလက်မှတ်ထိုးလာ စေရန် တိုက်တွန်း၊ နားချ၊ ဖိအားပေးမှု အထွင်၌ အထိပ်သို့ ရောက်နေချိန်[58] နှင့်တိုက်ဆိုင် နေသည်။ ၄င်းအချက် ကြောင့်ပင်လျှင် KNPP ကို ဤကဲ့သို့ အကြမ်းဖက်ခြိမ်းခြောက်မှု ပြုခဲ့ခြင်း ဖြစ်သည်။

နောက်တနေ့ဖြစ်သော ဒီဇင်ဘာလ ၂၀ ရက်နေ့ မနက် ၆ နာရီခန့်တွင် အင်အား ၅၀-၆၀ခန့်ရှိ မြန် မာစစ် တပ်များ ကရင်နီဂိတ်စခန်းသို့ လာရောက် ဝိုင်းဝန်း ထားခဲ့သည်။ ထိုအချိန်တွင် တာဝန်ကျ ကရင်နီ စစ်သား ၄ ဦးအပြင် အရပ်သား တဦးလည်း ရှိနေခဲ့သည်။

မြန်မာစစ်တပ်ကို လုံးဝခုခံမှုမပြုဘဲ ကရင်နီစစ်သားများက ၄င်း ဂိတ်စခန်း မှ ကိုက် ၂၀၀ ခန့်ဝေးသော နေရာသို့ ဆုတ်ခွာပေး ခဲ့သည်။ တချိန်တည်း ဆိုသလိုပင် ခူးမောင်လာမှ ၄င်း အထက်အရာရှိဖြစ်သူ KNPP ဆယ်သွယ်ရေး ရုံးတာဝန်ခံ ခူးလျာဦးထံ တယ်လီဖုန်းဖြင့် မည်သို့ ဆက်လက် ဆောင်ရွက်ရ မည်နည်းဟု ဆက်သွယ်သတင်း ပို့ခဲ့သည်။ KNPP ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်တဦးနှင့် ပြည်ထဲရေးဝန်ကြီးလည်း ဖြစ်သူ ခူထဲဘူး၏ ညွှန်ကြားချက်အရ ခူးလျာဦးမှ အင်အားသုံးခုခံခြင်းမပြုရန်၊ ပြဿနာ တစုံတရာဖြစ်စရာ အကြောင်း မရှိ၍ နံနက်စာချက်ပြုပ်ပြင်ဆင်ရန်၊ ၄င်း တို့လာရန် ညွှန်ကြားခဲ့သည်။ ဤကဲ့သို့ ပြုလုပ်ခဲ့ခြင်းမှာ KNPP အနေနှင့် ပြည်နယ် အဆင့်နှင့် ပြည်ထောင်စုအဆင့် နှစ်ဆင့်စလုံးတွင် မြန်မာစစ်တပ်နှင့် နှစ်ဘက် သဘောတူ အပစ်အခတ်ရပ်စဲရေးသဘောတူညီချက် လက်မှတ်ရေး ထိုးထားပြီး ဖြစ်သောကြောင့်ပင်။

ညွှန်ကြားချက်အရ ကရင်နီစစ်သားများမှာ အင်အားသုံး တုန့်ပြန်ခြင်း မပြုဘဲ ၄င်းတို့ ဂိတ်စခန်းသို့ ပြန်လာ၊ ယူနီဖောင်းများချွတ်၍ နံနက်စာ ချက်ပြုပ်ပြင်ဆင်ခဲ့သည်။ ထို့နောက် မြန်မာစစ်တပ်တပ်မှူးများက ကရင်နီ စစ်သား များအား ၄င်းတို့ သေနတ်နှင့် ခဲယမ်းမီးကျောက်များ လွှဲပြောင်း ပေးရန် ပြောခဲ့သည်။ ကရင်နီ စစ်သားများကလည်း အေကေ-၄၇ ရိုင်ဖယ်နှစ်လက်နှင့် အမ်-၂၂ ရိုင်ဖယ်တလက်တို့ကို ခဲယမ်းများနှင့်အတူ

---

[58] ကရင်နီအမျိုးသားတိုးတက်ရေးပါတီ၊ ကရင်နီ အစိုးရအဖွဲ့ တရားရေးဝန်ကြီး ခူးတောရယ် ပြောကြားချက်။ "ဤစစ်ရာဇဝတ်ပြစ်မှု ကိုကျူး လွန်ပြီးနောက်ပိုင်းတွင် ကရင်နီ အမျိုးသားတိုးတက်ရေးပါတီအနေနှင့် ပူးတွဲ စုံစမ်းစစ်ဆေးရေးကော်မတီဖွဲ့ရန် ကယားပြည်နယ် အစိုးရအဖွဲ့ ဝန်ကြီးချုပ် သို့ ၂၀၁၇ ဒီဇင်ဘာလ ၂၆ ရက်နေ့ ရက်စွဲဖြင့် အကြောင်းကြားစာပေးပို့ခဲ့သည်။ သို့သော် မြန်မာစစ်တပ်ခေါင်းဆောင်များက တဖက်သတ် စုံစမ်းစစ်ဆေးရေးကော်မတီဖွဲ့ ပြီး KNPP အနေနှင့် ပထမဦးဆုံး NCA ကိုသာ လက်မှတ်ရေးထိုးရမည်ဟု အကြောင်းပြန်ခဲ့သည်။

အသာတကြည်ပေး အပ်ခဲ့သည်။ ထို့နောက် မြန်မာစစ်သားများက ကရင်နီစစ်သားများကို ယူနီဖောင်းများ ပြန်လည်ဝတ်ဆင်ခိုင်းကာ မှတ်တမ်းတင် ဓါတ်ပုံရိုက်ယူရန် အတွက်ဟုဆိုကာ ခုံတန်းလျားပေါ်တွင် ထိုင်ခိုင်း ခဲ့သည်။ ကင်မရာ (သို့) ဖုန်း ကိုင်ဆောင်ထားခြင်း မတွေ့ သည့်တိုင် ကရင်နီစစ်သားများက မြန်မာစစ်သားများ အမိန့်ပေးသည့်အတိုင်း ကောင်းမွန်စွာလိုက်နာ ဆောင်ရွက်ခဲ့သည်။



**ဖမ်းဆီးပစ်သတ်ခံရသော ကရင်နီစစ်သား (၃) ဦးနှင့် အရပ်သား (၁) ဦး အလောင်း ပုံ။**

ငှင်းတို့ကို ထိုင်ခိုင်းသော ခုံတန်းလျားမှာ တိုနေပြီး ကရင်နီစစ်သား ၄ ဦးနှင့်အရပ်သားတဦးအားလုံး ထိုင် ရန်နေရာမဆံ့ ဖြစ်ခဲ့သည်။ ထို့ကြောင့် ခူးမောရယ်၊ ခူးကွဲရယ်၊ ခူးမာတီးယာ နှင့် ခူးမိုဒယ်တို့မှာ ခုံတန်းလျားပေါ် တွင်ထိုင်ပြီး ခူးမောင်လာမှာ ခုံတန်းဘေးမြေကြီးပေါ်တွင်ထိုင်ပေးခဲ့ပါသည်။ ငှင်းအချိန်တွင် သေနတ်ကိုယ်စီ ကိုင်ထားသော မြန်မာစစ်သား ၅ ဦး ငှင်းတို့ရှေ့တွင်ရပ်လျက် ရှိနေခဲ့ပါသည်။ ငှင်းတို့ထဲမှ စစ်သားတယောက်က ကယန်း ဘာသာစကားဖြင့် စိတ်မကောင်းပါဘူးကွာ ဟု

ပြီးတွားပြောဆိုခဲ့သည်။ ထို့ နောက် ရုတ်တရက် ၄င်းစစ်သားက သူ့ရိုင်ဖယ်သေနတ်၏ လုံခြုံရေးခလုပ်ကို အော်တိုမစ်တစ် နေရာသို့ ဖွင့်၍ ကရင်နီစစ်သားများနှင့် အရပ်သား တဦးကို စတင်ပစ်ခတ်ပါတော့သည်။ နောက်ထပ် မြန်မာစစ်သား နှစ်ဦးက လည်း ပစ်ခတ်သည်။




ကရင်နီစစ်သားနှစ်ဦးနှင့် အရပ်သားတဦးမှာ နေရာတွင်ပင် ပွဲခြင်းပြီး သေဆုံးသွားသည်။ နောက် ကရင်နီ စစ်သားတဦးဖြစ်သူ ခူးမောရယ်မှာမူ ဒဏ်ရာရပြီး ထွက်ပြေးလွတ်မြောက်ရန် ကြိုးစားခဲ့ပါသည်။ မြေကြီးပေါ်တွင် ထိုင်နေသော ခူးမောင်လာမှာမူ မည်သည့်ဒဏ်ရာမှ ရရှိခြင်းမရှိဘဲ အခင်းဖြစ်ပွားရာ နေရာမှ ထွက်ပြေး လွတ်မြောက် ခဲ့ပါသည်။ မြန်မာ စစ်သားများမှာ ဒဏ်ရာဖြင့်ထွက်ပြေးသော ခူးမောရယ်နောက်သို့ ကိုက်၂၀၀ မျှလိုက်လံပြီး ၄င်းကို မသေမချင်း ပစ်သတ်ခဲ့သည်။

**ကရင်နီစစ်ရာဇဝတ်မှုအပေါ် ဥပဒေအကြောင်းအရသုံးသပ်ခြင်း။**

အသတ်ခံရသူပုဂ္ဂိုလ် လေးဦးအနက် အဓိကအားဖြင့် ကရင်နီစစ်သား သုံးဦးအား လက်နက်များချစေပြီးမှသာ မြန်မာစစ်တပ်က ရည်ရွယ်ချက် ရှိရှိနှင့် သတ်ခဲ့ကြောင်း ဤဖြစ်ရပ်က ရှင်းလင်းစွာ ဖော်ပြလျက်ရှိသည်။ ယင်းမှာ သက်သေ ထင်ရှားစွာ စစ်ရာဇဝတ်မှု ကျူးလွန်ရာရောက်သည်။ အောက်ဖော်ပြပါ ပြဋ္ဌာန်းချက်ကို ချိုးဖောက်သောကြောင့် ဖြစ်သည်။[59]

"အပြည်ပြည်ဆိုင်ရာလက္ခဏာမဆောင်သည့် လက်နက်ကိုင်ပဋိပက္ခဖြစ်ရာတွင် ၁၉၄၉ခုနှစ်၊ ဩဂုတ်လ(၁၂)ရက်နေ့ပါ ဂျီနီဗာသဘောတူညီချက် (၄) ရပ်နှင့်သက်ဆိုင်သည့် ပုဒ်မ (၃) ကိုပြင်း ထန်စွာ ချိုးဖောက်ခြင်းများဖြစ်သည်။ ဖျားနာနေသော၊ ထိခိုက်ဒဏ်ရာ ရနေသော၊ ဖမ်းဆီးချုပ်နှောင်ခြင်း ခံနေရသော (သို့မဟုတ်) အခြား အကြောင်းကြောင့် စစ်မတိုက်နိုင်တော့သော လက်နက် ချပြီးသည့် လက်နက်ကိုင် တပ်ဖွဲ့ဝင်များ အပါအဝင် တိုက်ပွဲများတွင် တက်ကြွစွာ ပါဝင် တိုက်ခိုက်ခြင်း မရှိသူများကို ဆန့်ကျင်၍ အောက်ဖော်ပြပါ မည်သည့် ပြစ်မှုကိုမဆို ကျူးလွန်ခြင်း။

(၁) အထူးသဖြင့် အားလုံးသောလူသတ်မှုကျူးလွန်ခြင်းများ၊ ကိုယ်လက်အင်္ဂါ ဖြတ်တောက်ခြင်း၊ ရက်စက် ကြမ်းကြုတ်စွာပြုမူ ဆက်ဆံခြင်း၊ နှိပ်စက် ညှဉ်းပမ်းခြင်းများဖြင့် လူနှင့်အသက် အန္တရာယ် ကို ထိခိုက်စေခြင်း။

(၂) အထူးသဖြင့် လူ့ဂုဏ်သိက္ခာကိုထိပါးစေသော၊ အဆင့်အတန်း ကျဆင်းသော အပြုအမူများဖြင့် တစ်စုံတစ်ဦး၏ ကိုယ်ပိုင်ဂုဏ်သိက္ခာကို ကျူးလွန်ခြင်း။

(၃) ဓားစာခံများကိုထိန်းသိမ်းခြင်း။

(၄) မရှိမဖြစ်အရေးပါသည်ဟု ယေဘုယျလက်ခံထားသည့် အားလုံး သော စီရင်ပိုင်ခွင့်အာမခံချက် များပေးနိုင်သည့် ပုံမှန်ဖွဲ့စည်း ထားသော တရားရုံးမှ စီရင်ချက်ချထားခြင်းမရှိသေးပဲ သေဒဏ် ၊ ပြစ်ဒဏ်များ ချမှတ် အတည်ပြု ခြင်းနှင့် စီရင်ချက်များကို အကောင်အထည် ဖော် ဆောင်ရွက်ခြင်း။"

[59] နိုင်ငံတကာပြစ်မှုဆိုင်ရာတရားရုံးရောမဥပဒေပုဒ်မ ၈ (၂) (ဂ)

ကရင်နီစစ်သားများအား ၎င်းတို့၏ ယူနီဖောင်းများ ပြန်လည် ဝတ်ဆင်ရန် အမိန့်ပေးခြင်းအားဖြင့် ပြစ်မှုကို ပြင်ဆင်မှုရှိရှိကျူးလွန်ခဲ့သည်။ ဤ နည်းအားဖြင့် မြန်မာစစ်တပ်၏ သက်ဆိုင်ရာတပ်မှူးသည် ဤ လူသတ်မှုကြီး အတွက် အကြောင်းပြချက် ဖြစ်စေရန် ဖန်တီးခဲ့သည်။ ယင်းမှာနောက်ပိုင်းတွင် မြန်မာစစ် အာဏာပိုင်များက ကရင်နီစစ်သားများမှာ တိုက်ပွဲအတွင်းကျဆုံး သွားကြခြင်းဖြစ်ကြောင်း ပြောကြားခဲ့ခြင်း ကိုထောက်ရှုပြီး အတည် ပြုနိုင်သည်။ သတ်ဖြတ်ခံလိုက်ရသောကရင်နီစစ်သားများ၏ အလောင်းကို ကရင်နီ အမျိုးသား တိုးတက်ရေးပါတီသို့ လွှဲပြောင်းပေး ခဲ့ခြင်းမပြု။ လွိုင်ကော်ရှိ ၎င်းတို့၏ စစ်စခန်းသို့ သယ်ယူ သွားခဲ့ ကြပြီး မီးရှို့ခဲ့ကြသည်။ ယင်းကို ကြည့်ခြင်းဖြင့် မြန်မာစစ်ခေါင်းဆောင်များသည် ဖြစ်ရပ်မှန်ကို ဖုံးကွယ်ရန် ကြိုးစားခဲ့ကြကြောင်း ထင်ရှားသည်။

ဤမှုခင်းဖြစ်ရပ်သည် နိုင်ငံတကာမဟုတ်သော လက်နက်ကိုင် ပဋိပက္ခ အတွင်း နိုင်ငံတကာဓလေ့ ထုံးတမ်းဆိုင်ရာ လူသားချင်းစာနာထောက်ထားသည့် ဥပဒေအောက်တွင် အသက်ကိုအကြမ်းဖက်ခြင်း သို့မဟုတ် သတ်ဖြတ်မှု များစွာကို ကျူးလွန်ခြင်းမှုခင်းတစ်ရပ်ဖြစ်ကြောင်း သက်သေထင်ရှားသည်။ လူ့အခွင့် အရေးဥပဒေတွင် လက်နက်ကိုင် ပဋိပက္ခအတွင်းအသက်ရှင်သန်ခွင့်ကို စိတ်ထင်တိုင်း ရုပ်သိမ်းခြင်းအား တားမြစ်သည်။ လက်နက်ကိုင် ပဋိပက္ခ အတွင်း တိုက်ပွဲ၌ တက်ကြွစွာပါဝင်သူများကိုသာ ပစ်မှတ်ထားပြီး သတ်ဖြတ် နိုင်သည်။ ကရင်နီ အမျိုးသားတိုးတက်ရေး ပါတီအပါအဝင် တိုင်းရင်းသား လက်နက်ကိုင် တော်လှန်ရေး အဖွဲ့အစည်းများသည် ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံ ဥပဒေကိုများသိ ပယ်ချခဲ့ကြသည်။ အကျိုးဆက် အနေဖြင့် ၎င်းတို့သည် ယင်းဖွဲ့စည်းပုံ အခြေခံ ဥပဒေအောက်တွင်ဖြစ်စေ၊ ယင်း၏ဥပဒေဘောင်အောက် တွင်ဖြစ်စေ ကျရောက် ခြင်းမရှိ။ ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ ၂၉၃ (ခ)နှင့် ၃၄၃ တို့နှင့်အညီ ဖွဲ့စည်း တည်ထောင်ထားသော စစ်ဘက်ဆိုင်ရာတရားရုံး၏ စီရင်ပိုင်ခွင့်အာဏာ အောက်တွင်လည်း ကျရောက် ခြင်းမရှိ။ ယင်းစစ်ဘက် ဆိုင်ရာ တရားရုံးများကို မြန်မာစစ်ခေါင်းဆောင်များက တည်ထောင် ထားရှိသည်။ စစ်ဘက်ဆိုင်ရာ တရား စီရင်ရေးတွင် အယူခံစီရင်ပိုင်ခွင့်အာဏာကို တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်က ကျင့်သုံးသည်။ ထို့ကြောင့် အဆိုပါ တရားရုံးများတွင် ကရင်နီ စစ်သားသုံးဦး နှင့် အရပ်သားတစ်ဦးအား သတ်ဖြတ်ခဲ့ကြသည့် မြန်မာ စစ်တပ်မှ စစ်ဘက်ဆိုင်ရာ ပုဂ္ဂိုလ်များအား တရားစွဲဆိုတင်ပို့ပါမူ မည်သည့် အခါတွင်မျှ တရားမျှတမှုရနိုင်ဖွယ်မရှိပါ။

## ဤစစ်ရာဇဝတ်မှုတွင် တာဝန်ရှိမှုကိုရှာဖွေခြင်း

ဤစစ်ရာဇဝတ်မှုနှင့် စပ်လျဉ်း၍ ပြစ်မှုကျူးလွန်ခဲ့ကြသူများ၊ ဤပြစ်မှုကြီးအားဖုံးကွယ်ခဲ့ကြသူများ၊ အကြီးအကဲ အနေအထားအရ တာဝန်ရှိမှုကို ဥပက္ခာပြုခဲ့ကြသူများ၏ တာဝန်ရှိမှုကိုရှာဖွေရပါမည်။ သတ် ဖြတ်ခံသွားကြ သူများအား အကာအကွယ်မဲ့သည့် အခြေအနေအောက်သို့ ကျရောက်စေခဲ့ ကြသူများ၏ တာဝန်ရှိမှုလည်း အပါအဝင်ဖြစ်သည်။

(၁) မြေပြင်ပေါ်တွင် ပြစ်မှုကျူးလွန်ခဲ့သော မြန်မာစစ်တပ်၏ အရာရှိများဖြစ်သည့် ဒေသကွပ်ကဲမှု စစ်ဌာနချုပ် (ဒကစ) လွိုင်ကော်မှ စစ်ဦးစီးပထမတန်း ဗိုလ်မှူးကြီးမျိုးမင်းကြီးနှင့် စစ်ဘက်ရေးရာလုံခြုံရေးဌာန (စရဖ) မှ ဗိုလ်ကြီးသက်စိုး တို့သည် တာဝန်အရှိဆုံးပုဂ္ဂိုလ်တို့ဖြစ်သည်။

(၂) စစ်ဘက်ဆိုင်ရာအဖွဲ့အစည်းအနေဖြင့် ကရင်နီ(ကယား) ပြည်နယ်တွင် မြန်မာစစ်တပ်၏ လွိုင်ကော်ရှိ (ဒကစ)သည် တာဝန်အရှိဆုံးဖြစ်သည်။ ထိပ်ဆုံးအဆင့်တွင် မြန်မာစစ်တပ်၏ ကာကွယ်ရေးဦးစီးချုပ်ရုံးကို ကြီးကြပ် ကွပ်ကဲလျက်ရှိသော ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်တွင် အလားတူ တာဝန် ရှိသည်။ (ဒကစ) သည် ယင်းမှုခင်းကို ကျူးလွန်ရာတွင် သာမက ယင်းမှုခင်းကိုဖုံးကွယ်ခြင်းတို့အတွက်လည်း အဓိကတာဝန်ရှိသည်။

(၃) အစိုးရပိုင်းဆိုင်ရာအနေဖြင့် ကရင်နီ(ကယား) ပြည်နယ် ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုသည် တာဝန် အရှိဆုံး ပုဂ္ဂိုလ်ဖြစ်သည်။ တချိန်တည်းတွင် အမျိုးသား ကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၌ သမ္မတဟောင်း ဦးထင်ကျော်နှင့် နိုင်ငံတော် တိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့သည် အကြီးအကဲ အနေအထားအရ တာဝန်ရှိမှုတွင် အကြုံးဝင်သည်။ လက်ရှိသမ္မတ ဦးဝင်းမြင့်သည် ယခင်သမ္မတဟောင်း ဦးထင်ကျော်၏ တာဝန် ရှိမှုကို ဆက်ခံလိုက်ပြီးဖြစ်သည်။

(၄) ပြစ်မှုကျူးလွန်သူများရှုထောင့်မှနေ၍ သုံးသပ်ပါမည်။ ကာကွယ်ရေး ဦးစီးချုပ်ရုံးသည် ၂၀၁၀ ခုနှစ်၊ နိုဝင်ဘာ(၄)ရက်နေ့တွင် ထုတ်ပြန်ခဲ့သော ပြင်ဆင်ချက် ဥပဒေအပါအဝင် ၁၉၅၉ ခုနှစ် တပ်မတော်အက်ဥပဒေ ကို အသုံးချပိုင်ခွင့်မရှိ။ အဘယ်ကြောင့်ဆိုသော် ယင်းဥပဒေ၌ စစ်ရာဇဝတ်မှုနှင့် စပ်လျဉ်းသော ပြဋ္ဌာန်းချက် တစုံတရာမျှ မပါရှိသော ကြောင့်ဖြစ်သည်။ တပ်မတော် နည်းဥပဒေအပိုဒ် ၁၇၆ (၁) အရ ဖွဲ့စည်းခွင့်ရှိသော စုံစမ်း

စစ်ဆေးရေး ခုံရုံးများတွင်လည်း ဤစစ်ရာဇဝတ်မှုကြီးနှင့် စပ်လျဥ်း၍ သက်သေခံ ချက်များကိုစုဆောင်းရန် သော်လည်းကောင်း၊ စုံစမ်းစစ်ဆေးရန် သော် လည်းကောင်း အခွင့်အာဏာမရှိ။

(၅) ပြစ်မှုကျူးလွန်ခံရသူများ ရှုထောင့်မှနေ၍လည်းသုံးသပ်ပါမည်။ ကရင်နီအမျိုးသားတိုးတက်ရေးပါတီသည် အမှန်တရားကို ဖော်ထုတ်ရန်၊ ပြစ်မှုကျူးလွန် သူများကို အရေးယူတရားစွဲဆိုရန်၊ ကျဆုံးကွယ်လွန်သွားသူများ ၏ ကျန်ရစ်သူ မိသားစုများအတွက် ထိုက်သင့်သော လျော်ကြေးငွေများရရှိစေရန် နှင့် တရားမျှတမှု ရှာဖွေရန် အမြင့်ဆုံးတာဝန်ရှိသည်။ ယင်းအတွက် ပါတီအနေဖြင့် ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၂၆ ရက်နေ့တွင် သတ္တိရှိစွာ ထုတ်ပြန်ခဲ့သော ကြေငြာချက်ကို အခိုင်အမာကိုင်စွဲ ထားသင့်ပါသည်။ ယင်းတွင် နှစ်ဘက်မှ စေလွှတ်သော ကိုယ်စားလှယ်များဖြင့် စုံစမ်းစစ် ဆေးရေးအဖွဲ့ကိုဖွဲ့စည်းရန် လည်းကောင်း၊ ယင်းမှတွေ့ရှိချက်များကို အခြေခံ လျက် နိုင်ငံတကာ ဥပဒေ ပညာရှင်များဖြင့် ပါဝင်ဖွဲ့စည်းသည့် ခုံရုံးက အရေးယူ၊ တရားစွဲဆိုစစ်ဆေး ကာ ပြစ်ဒဏ်များ ချမှတ်သွားရန်သော်လည်းကောင်း တောင်းဆိုထားသည်။ ကရင်နီ အမျိုးသားတိုးတက်ရေးပါတီတွင် တနိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးစာချုပ်ကို လက်မှတ်ရေးထိုးရန် ရည်ရွယ်ချက် တစုံတရာ ရှိသည် ဆိုလျှင်၊ အဆိုပါ ရည်ရွယ်ချက်သည် ဤစစ်ရာဇဝတ်မှုခင်းကြီး နှင့် စပ်လျဥ်း၍ တရားမျှတမှုကို ထိရောက်စွာ ရှာဖွေနိုင်ရေး ဆက်လက်ဆောက်ရွက်ရာ၌ အဟန့်အတားမဖြစ်သင့်ပါ။ အဆိုပါ ရည်ရွယ်ချက်ရှိသည်ဆိုပါမူ အနည်းဆုံး အားဖြင့် တနိုင်ငံလုံးပစ်ခတ် တိုက်ခိုက်မှုရပ်စဲရေးစာချုပ်လက်မှတ် မထိုးမီ ဤတရားမျှတမှု ရှာဖွေရေးဖြစ်စဉ်ကို ပြည့်ပြည့်ဝဝအဆုံးသတ်ပြီးဖြစ်သင့် ပါသည်။ အနည်းဆုံးအားဖြင့် နိုင်ငံတကာနှင့် ပြည်တွင်းပေါင်းစပ် ဖွဲ့စည်းထားသောတရားရုံး(သို့မဟုတ်) နိုင်ငံတကာခုံရုံးက ပြစ်မှု ကျူးလွန်သူများအား စွဲဆိုစီရင်ဆုံးဖြတ်ပြီး နောက်ပိုင်းမှသာလျှင် ကရင်နီစစ်သည်များ၊ ကရင်နီ အမျိုးသားတိုးတက်ရေးပါတီခေါင်း ဆောင်များနှင့် ကရင်နီအမျိုးသားများအား ဆန့်ကျင်လျက် နောင်တွင် အလားတူ စစ်ရာဇဝတ်မှုကြီးကျူးလွန်မှုများ မဖြစ်စေရန် တားဆီးကာကွယ်ပြီး ဖြစ်ပါလိမ့်မည်။

(၆) အခြားသောလက်နက်ကိုင်အဖွဲ့အစည်းများအားလုံးသည်လည်း တိတ်ဆိတ်မနေသင့်ပါ။ ကရင်နီအမျိုးသား တိုးတက်ရေးပါတီက အထက်တွင် ဖော်ပြထားသည့် တောင်းဆိုချက်များ ပြည့်ဝသည်အထိ တရားမျှတမှု အတွက် ၎င်းနှင့် လက်တွဲ၍ တိုက်ပွဲဝင်သင့်ပါသည်။ သို့မှသာ စစ်မှန်သောငြိမ်းချမ်းမှု ရှာဖွေရေး ဖြစ်စဉ် ပေါ်ပေါက်တည်ရှိလာပါမည်။

(၇) ကရင်နီအမျိုးသားတိုးတက်ရေးပါတီနှင့်လက်တွဲလျက် ဤစစ်ရာဇဝတ်မှု ကြီးကို အရေးယူဆောင်ရွက်ရန် ကရင်နီ လူထုအသင်းအဖွဲ့များ၏ ကြိုးပမ်းမှု သည် အံ့သြဖွယ် ဖြစ်သည်။ မည်သို့သောအခြေအနေကိုရင်ဆိုင် ရသည် ဖြစ်စေ ယင်းကြိုးပမ်းမှုများသည် တိမ်မြုပ်ပျောက်ကွယ်မသွားသင့်ပါ။ အရှိန် အဟုန်ကို ထိန်းသိမ်းပြီး ထိရောက်စွာတိုးမြှင့် သင့်ပါသည်။

(၈) ပြည်တွင်းမှဖြစ်စေ၊ နိုင်ငံတကာမှဖြစ်စေ လူ့အခွင့်အရေးနှင့် ဥပဒေ စိုးမိုးရေးအတွက် ကြိုးပမ်းစွမ်းဆောင် လျက်ရှိကြသော အခြားသောလူထု အသင်းအဖွဲ့များနှင့် ဥပဒေ အဝန်းအဝိုင်းအားလုံးတို့သည်လည်း ဤတရားမျှတမှု ရှာဖွေရေး လုပ်ငန်းစဉ်ကို တနည်း မဟုတ်တနည်း ပံ့ပိုးကူညီသင့်ပါသည်။

(၉) အခြားတိုင်းရင်းသားပြည်နယ်များတွင် ဖြစ်ပွားလျက်ရှိသော စစ်ရာဇဝတ်မှု ကြီးများအပြင် ဤစစ်ရာ ဇဝတ်မှုကြီးနှင့် စပ်လျဉ်း၍လည်း အစိုးရအာဏာပိုင် များထံမှ သက်သေခံချက်များကို အများသိတောင်းခံခြင်းအားဖြင့် ကုလသမဂ္ဂ အချက်အလက် ရှာဖွေရေးမစ်ရှင် အနေဖြင့် တက်ကြွစွာလှုပ်ရှားသင့်ပါသည်။

## အခန်း (၆)
## တနိုင်းဒေသ၏စီးပွားရေးဆိုင်ရာဆက်နွယ်မှု

### ကိုယ်ပိုင်ပြဌာန်းခွင့်နှင့်စစ်ရာဇဝတ်မှုများ

စိုက်ပျိုးရေး၊ ရွှေတူးဖော်မှုနှင့်ပယင်းတူးဖော်မှုများသည် ကချင်ပြည်နယ် မြောက်ပိုင်း ဟူးကောင်း ချိုင့်ဝှမ်းဒေသအတွင်း တည်ရှိသော တနိုင်းမြို့နယ်၏၏ အဓိက စီးပွားရေး လုပ်ငန်းများဖြစ်သည်။ မြို့နယ်အတွင်း ဖြတ်သန်းသွားသည့် တစ်ခုတည်းသော လမ်းမကြီးမှာ အိန္ဒိယအရှေ့မြောက်ပိုင်းဒေသနှင့် ဆက်သွယ် ထားသည်။ ယင်းသည် အိန္ဒိယနှင့်တရုတ်နိုင်ငံအကြား အဓိက ဆက်သွယ်ရေး လမ်းကြောင်း ဖြစ်လာနိုင်သဖြင့် မြန်မာနိုင်ငံနှင့် အခြားသောဒေသဆိုင်ရာ အင်အားကြီးနိုင်ငံများအတွက် မဟာဗျူဟာနှင့် စီးပွားရေးအရ စပ်ဆိုင် နေပေသည်။

လီဒို သို့မဟုတ် စတီးဝဲလ်လမ်းမကြီးဟုလည်းခေါ်ဆိုကြသော လမ်းမကြီးကို ဒုတိယကမ္ဘာစစ် အတွင်းက တရုတ်နိုင်ငံကူးမင်မြို့နှင့် အိန္ဒိယနိုင်ငံ လီဒိုမြို့အကြား ဆက်သွယ် ဖောက်လုပ်ခဲ့သည်။ ယခုအချိန်တွင် တနိုင်းနှင့်အိန္ဒိယ ဆက်သွယ်ထားသော လမ်းပိုင်းသာမက အိန္ဒိယနိုင်ငံအတွင်းလမ်းပိုင်းများ သည် ပျက်စီးလျက်ရှိနေသည်။ သို့သော်လည်း တရုတ်နိုင်ငံက ဤလမ်းကြောင်းကို ပြန်လည်ဖွံ့ဖြိုးရန် စိတ်ဝင်စားမှုကို ပြသလျက်ရှိသည်။ ၂၀၁၀ ခုနှစ်တွင် တရုတ်ကုမ္ပဏီတခုဖြစ်သော ယူနန်ဆောက်လုပ်ရေး အင်ဂျင်နီယာ အုပ်စုနှင့် မြန်မာယုဇနကုမ္ပဏီတို့အကြားတွင် ၃၁၂ ကီလိုမီတာရှည်သော မြစ်ကြီးနားနှင့် ပန်ဆောင်အကြားလမ်းပိုင်းကို ပြန်လည်ဆောက်လုပ်ရန် နားလည်မှု စာချွန်လွှာ တရပ်ကို လက်မှတ်ရေးထိုးခဲ့ ကြသည်။ သို့ရာတွင် ရံပုံငွေအကန့်အသတ်နှင့် စစ်ဖြစ်နေသည့်အတွက် လုံခြုံရေးကိစ္စရပ်များကြောင့် စီမံကိန်းကို အမှန်တကယ် အကောင်အထည်ဖော်နိုင်မှုမှာ အနည်းငယ်သာတိုးတက်မှုရှိခဲ့သည်။[60]

ဤဒေသမှ နှစ်စဉ်အမှန်တကယ်တူးဖော်ရရှိသော ပယင်းတန်ဖိုးကို မသိရှိရ သော်လည်း အမေရိကန် ဒေါ်လာ ၁ ဘီလီယံခန့်ရှိမည်ဟု ခန့်မှန်း ထားသည်။[61]

---

[60] Dunn C. Ji I. Peng K. မြန်မာနိုင်ငံအတွင်း တရုတ်ရင်းနှီးမြှုပ်နှံမှုများ၊ ခြုံငုံလေ့လာချက်။ Global Environmental Institute. ၂၀၁၆၊

စာ-၄၀

[61] Financial Post. ကောလဟာလနှင့်သောင်းကျန်းမှုကို ရှောင်ရှားခြင်း။ မြန်မာ့ပယင်းရှာဖွေမှုသည် မတည်ငြိမ်သော မြန်မာနိုင်ငံ မြောက်ပိုင်းသို့ ရောက်ရှိခြင်း။ Financial Post. ၂၀၁၇ ခုနှစ် ဇန္နဝါရီ ၂၆ ရက်။ http://business.financialpost.com/commodities/mining/dodging-rumour-and-

ဤဒေသရှိရွှေတူးဖော်ရေးလုပ်ငန်းများမှ ရရှိသော ဝင်ငွေ နှင့် ပတ်သက်သည့် တိကျသော ကိန်းဂဏန်းများ ရရှိနိုင်ခြင်းမရှိပေ။ ကချင်ပြည်နယ် မြောက်ပိုင်း တနိုင်းမြို့နယ် ပယင်းတူးဖော်ရေးဧရိယာသည် မြို့နယ်အတွင်း အုပ်စု ၁၀စု အနက်မှ ခန့်မှန်းချေ အုပ်စု ၇ ခုပါဝင်သည်။ ၂၀၁၇ ခုနှစ် နှစ်လယ်အထိ လူပေါင်း၁သိန်း၅သောင်းခန့် ယင်းဧရိယာတွင် နေထိုင်ခဲ့ကြသည်။ ယင်းတို့ထဲမှ အများအပြားမှာ ရွှေ့ပြောင်းသွားလာသော ရွှေနှင့်ပယင်း တူးဖော်ရေး အလုပ်သမားများဖြစ်ကြပြီး ဧရာဝတီတိုင်း ဒေသကြီး သို့မဟုတ် ရခိုင်ပြည်နယ် ကဲ့သို့သော မြန်မာနိုင်ငံအခြားသောဒေသများမှ လာရောက် သူများ ဖြစ်သည်။ ရွှေပြောင်းအလုပ် သမားအရေအတွက် များပြားခြင်းသည် မူရင်းအမြဲတမ်း နေထိုင်သူ လူဦးရေ ၂၇,၂၀၀[62] သာရှိသော တနိုင်းမြို့နယ်၏ ဒေသခံ စီးပွားရေး အပေါ်သက်ရောက်မှု ကြီးမားသည်။ မော် (တူးဖော် ရေးလုပ်ကွက်) ၏ တစိတ်တပိုင်းကို မြန်မာစစ်တပ်က ဒေသထိန်း ချုပ်ရေးအတွက် စဉ်ဆက်မပြတ် စစ်ဆင်ရေး များ ပြုလုပ်ခဲ့သည့် ၂၀၁၇ ခုနှစ် ဖွန်လ အထိ ကချင်လွတ်လပ်ရေး တပ်မတော် (KIA)ကထိန်းချုပ် ထားခဲ့သည်။ KIA က မော်ကော်မတီ ကို ဖွဲ့စည်းထားခဲ့ပြီး အငယ်စား တူးဖော်ရေး လုပ်ငန်းများကို စီမံခန့်ခွဲခဲ့သည်။ သို့ရာတွင် မော်များတူးဖော်ရန်အတွက် အစိုးရက တရားဝင်ခွင့်ပြုချက်များချပေးခြင်းမျိုးမရှိခဲ့ပါ။[63]

ဖားကန့်နှင့်တနိုင်းမြို့နယ်များအတွင်း တည်ရှိသော ဟူးကောင်း ချိုင့်ဝှမ်း၏ စီးပွားရေးစပ်ဆိုင်မှုသည် ပြည်တွင်းစစ်၏ အခြေအမြစ်တစ်ခု ဖြစ်ကြောင်းကို သိရှိလာခဲ့ပြီး ဥပဒေစိုးမိုးမှုနှင့်ဖက်ဒရယ်စနစ်အားနည်းမှု၊ ဒေသခံ တိုင်းရင်းသားများ အပေါ်ကျူးလွန ခဲ့သော စစ်ရာဇဝတ်မှုမြောက်သည့် လူ့အခွင့်အရေး ကိစ္စ အများအပြားကို ဤဒေသတွင် ဖြေရှင်းရန်လိုအပ်လာ ခဲ့သည်။

၂၀၀၆ ခုနှစ် မှစ၍ ယုဇနကုမ္ပဏီသည် ဟူးကောင်းချိမ့်ဝှမ်းအတွင်း ကြံ နှင့် ပီလောပီနံများ စိုက်ပျိုးရန် အတွက် ကချင်ပြည်နယ်လယ်သမားများထံမှ မြေဧရိယာ

---

insurgency-the-hunt for-burmese-amber-goes-to-the-heart-of-myanmars-turbulent-north .

[62] UNDP-မြန်မာ၊ ဒေသခံ အုပ်ချုပ်မှု၏ နိုင်ငံတော်။ ကချင်ရှိ ရေစီးကြောင်းများ၊ UNDP. ၂၀၁၅၊ စာ-၃၁

[63] ရည်မွန်၊ ရတနာများက အောက် နှင့် အထက်မှ သတင်း ထိတွေ့ရာမှ တနိုင်းတွင် မတည်ငြိမ်မှု။ ဒီဗီဘီ (Democratic Voice of Burma). ၂၀၁၇ ခုနှစ် ဖွန် ၂၁ ရက်။. http://www.dvb.no/news/upheaval-tanai-treasures-message-converge/76150 . Accessed February 23, 2018.

ကေ၄သိန်း (၁,၆၀၀စတုရန်းကီလိုမီတာ) အထိကို သိမ်းယူခဲ့သည်။ တရားဝင်အမိန့်စာ ထုတ်ပြန်ခြင်းမရှိသော်လည်း[64] မြန်မာစစ်တပ် အာဏာပိုင် များက ယုဇန ကုမ္ပဏီကို ပထမတွင် စိုက်ခင်းဧက ၂သိန်းကျော် ချပေးခဲ့သည်။ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးဝင်းက ယင်းသည် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ[65] က ယုဇန ကုမ္ပဏီ[66] ပိုင်ရှင်ဦးဌေးမြင့်အား တိုက်ရိုက် ချပေးခဲ့ခြင်းဖြစ်ကြောင်း ပြောခဲ့သည်။ ဤဖြစ်ရပ်သည် ကိစ္စရပ် နှစ်ခုကို ရှင်းရှင်းလင်းလင်း ဖော်ထုတ်လျက် ရှိသည်။ ပထမမှာမြန်မာ စစ်အုပ်စုသည် ဥပဒေစိုးမိုးရေးကို လုံးဝ လျစ်လျူရှုထားခြင်းနှင့် ဒုတိယမှာ မြန်မာစစ်တပ် ခေါင်းဆောင်များ နှင့် စီးပွားရေးခရိုနီများအကြား အကျိုးတူစီးပွားများ ရှိနေခြင်း ဖြစ်သည်။

မြန်မာနိုင်ငံတွင် ၂၀၁၂ခုနှစ်လယ်ယာမြေဥပဒေသစ်ပြဌာန်းခဲ့ချိန်အထိလယ်ယာ မြေပြည်သူပိုင်သိမ်းခြင်းအက်ဥပဒေ ၁၉၅၃ သက်ဝင်တည်ရှိခဲ့သည်။ ယခင် ဥပဒေကို ဥပဒေသစ်ဖြင့် ၂၀၁၂ခုနှစ် မတ်လ ၃၀ရက်နေ့တွင် တရားဝင် ပယ်ဖျက် ခဲ့သည်။ ယခင်ဥပဒေအရ မြေယာလုပ်ကိုင်သူသည် ဥပဒေ၏ အခန်း၁၃ကိုချိုးဖောက်ပါက အစိုးရ အာဏာပိုင်များက ယင်းမြေယာများကို သိမ်းပိုက်ပိုင်ခွင့်ရှိသည်။ မြေသိမ်းခြင်းကို ၁၈၉၄ခုနှစ် မြေယာ သိမ်းယူခြင်း ဥပဒေဖြင့်လည်း လုပ်ဆောင်နိုင်သည်။ သို့ဖြစ်ရာ အစိုးရအာဏာပိုင်များက အများပြည်သူ အကျိုးစီးပွားအတွက် ဥပဒေတွင် ဖော်ပြ ထားသော အသေးစိတ် လုပ်ထုံး လုပ်နည်းများအရ မည်သည့်မြေကို မဆိုသိမ်းယူ ပိုင်ခွင့်ရှိသည်။

ယင်းဥပဒေနှစ်ရပ်တွင် ဖော်ပြထားသော အခြေအနေများမှအပ မည်သည့် အစိုးရအာဏာပိုင်ကမျှ ပြည်သူ များနှင့် လယ်သမားများပိုင်ဆိုင်သော မြေများကို သိမ်းယူခွင့်မရှိပေ။ ၂၀၀၆ခုနှစ်မှ ၂၀၁၀ခုနှစ်အတွင်း ဟူးကောင်း ချိုင့်ဝှမ်းရှိဒေသခံ

---

[64] တရားရုံးမှတ်တမ်းများ လေ့လာခြင်း။ ၂၀၁၀ ခုနှစ်တွင် ယာမြေ ဧက ၁,၀၃၈ ဧကကို လျော်ကြေးမပေးပဲ သိမ်းယူခဲ့သဖြင့်ဒေသခံ ရွာသားများက ယုဇန ကုမ္ပဏီအား တရား ဆွဲဆိုသည့်အခါ ယုဇနကုမ္ပဏီက တရား ရုံးတွင် ထွန်ယက်စိုက်ပျိုးထားသော ဒေသခံ တိုင်းရင်းသား လယ်သမားများ၏ မြေများကို သိမ်းယူရန် စစ်အစိုးရက ထုတ်ပေးထားသော မည်သည့် တရားဝင် စာရွက်စာတမ်းကိုမျှ တင်ပြနိုင်ခြင်းမရှိပါ။

[65] မြန်မာ့တပ်မတော်၏ ယခင် ကာကွယ်ရေးဦးစီးချုပ်နှင့် ထိုစဉ်က အုပ်ချုပ်သော စစ်အုပ်စုဖြစ်သည့် နိုင်ငံတော် ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ၏ ဥက္ကဌ၊

[66] ဒေါ်ဘောက်ဂျာနှင့် မေးမြန်းချက်၊ ၂၀၀၉ ခုနှစ် အောက်တိုဘာလတွင် တနိုင်းမြို့နယ် ခရီးစဉ်အတွင်း ဝါရာဇွတ် ရွာတွင် ဗိုလ်မှူးချုပ် စိုးဝင်းနှင့် တွေ့ဆုံခဲ့သော ဒေသခံ လယ်သမားများ၏ ခေါင်းဆောင်၊

တိုင်းရင်းသားလယ်သမားများ စိုက်ပျိုးထွန်ယက်နေသော လယ်ယာမြေများကို ယုဇန ကုမ္ပဏီကသိမ်း ယူခြင်းသည် သက်ဝင်နေသော ဥပဒေများကိုသိသာထင်ရှားစွာ ချိုးဖောက်ခြင်းဖြစ်သည်။ သူတို့၏ လယ်ယာ မြေများ ပြန်လည်ရရှိ ရေးအတွက် ဒေသခံပြည်သူများက အခြားနည်း လမ်းများဖြင့် ကြိုးပမ်း ခဲ့ကြသည့်အပြင် ၂၀၁၀ခုနှစ်တွင် ဒေသခံ လယ်သမား တစ်စုက ယုဇနကုမ္ပဏီကို တရားစွဲဆိုခဲ့ကြ သော်လည်း တရား ရုံးများမှာ မြန်မာစစ်တပ်ခေါင်းဆောင်များကို နာခံကြရ သောကြောင့် အမှုရှုံး ခဲ့ရသည်။ လယ်သမားများ၏ ရှုံးနိမ့်မှုရလဒ်အဖြစ် ၂၀၁၁ခုနှစ်တွင် KIO နှင့် မြန်မာ့တပ်မတော်အကြား တိုက်ပွဲများ ပြန်လည်ဖြစ်ပွားခဲ့သည့်အချိန်တွင်[67] မြန်မာ့တပ်မတော်ကိုခုခံ တိုက်ခိုက် နေသော KIA တပ်အတွင်းသို့ ဒေသခံ အရပ်သား ထောင်ပေါင်းများစွာ ဝင်ရောက် ခဲ့ကြသည်။

မြန်မာစစ်တပ်ခေါင်းဆောင်များနှင့် သူတို့၏စီးပွားရေးခရိုနီ များအကြား အကျိုး စီးပွားဆက်နွယ်မှုများက တိုင်းရင်းသား ပြည်နယ်များ အထူးသဖြင့် ကချင်ပြည်နယ်နှင့် ယင်းတွင်နေထိုင်ကြသော ပြည်သူများအပေါ် အနုတ် လက္ခဏာဆောင်သော သက်ရောက်မှုများ ဖြစ်ပေါ်စေပြီး ပြည်တွင်းစစ်ကို ကြီးထွားစေခဲ့သည်။ မြန်မာ့ တပ်မတော် က ပုံမှန်ပြုလုပ်လေ့ရှိသော "နယ်မြေရှင်းလင်းရေးစစ်ဆင်ရေးများ" ၏ရည်ရွယ်ချက်မှာ အဓိကအား ဖြင့် တိုင်းရင်းသား ပြည်နယ်များက ပိုင်ဆိုင်သော သဘာဝအရင်းအမြစ် များကို အမြတ်ထုတ်ရန်ဖြစ်ပြီး ၎င်းတို့၏ မြေများနှင့်ကုန်သွယ်ရေး လမ်းကြောင်းများကို ထိန်းချုပ်ရန်ဖြစ်သည်။ နောက်ပိုင်းတွင် ၎င်းတို့၏ စီးပွားရေး ခရိုနီများ သို့မဟုတ် နိုင်ငံခြားကုမ္ပဏီများကို နယ်မြေများလွှဲပြောင်း ပေးခဲ့ကြသည်။

နိုင်ငံတကာလူမှုနှင့် နိုင်ငံရေးအခွင့်အရေးများသဘောတူစာချုပ် (ICCPR) က အဓိကအားဖြင့် လူတစ်ဦးချင်းအခွင့်အရေးများကို မီးမောင်းထိုး ပြထားပြီး နိုင်ငံတကာ စီးပွားရေး၊ လူမှုရေးနှင့်ယဉ်ကျေးမှုအခွင့် အရေးများဆိုင်ရာ သဘောတူစာချုပ် (ICESCR) သည်စုပေါင်းအခွင့်အရေးများကို အဓိက ထုတ်ဖော်ထားသည်။ ယခုကိစ္စတွင် ICESCR ၏ ပုဒ်မ ၁ ကို ကြည့်ရှုရန် လိုအပ်သည်။ ယင်းတွင်အောက်ပါအတိုင်း ဖော်ပြ ထားသည်။

" ပြည်သူများအားလုံးတွင် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အခွင့်အရေး ရှိသည်။ ဤအခွင့်အရေးကို ကျင့်သုံးခြင်းအားဖြင့် သူတို့၏နိုင်ငံရေးအခြေအနေကို လွတ်လပ်စွာ သတ်မှတ်ပြဋ္ဌာန်း နိုင်ခွင့်ရှိပြီး သူတို့၏ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုများကို လွတ်လပ်စွာဖော်ဆောင် ပိုင်ခွင့် ရှိသည်။"

[67] KIO အရာရှိများနှင့် အင်တာဗျူး။

တိုင်းရင်းသား ပြည်သူများနှင့် တိုင်းရင်းသား လက်နက်ကိုင် တော်လှန်ရေး အဖွဲ့အစည်းများသည် အထူး သဖြင့် ဒေသခံဌာနေတိုင်းရင်းသား ပြည်သူများက မြေယာကို စုပေါင်းပိုင်ဆိုင်အသုံးပြုပိုင်ခွင့် အပါအဝင် ကိုယ်ပိုင် ပြဋ္ဌာန်းခွင့် ရရှိရေးအတွက် ရုန်းကန်လှုပ်ရှားလျက်ရှိသည်။ မြန်မာနိုင်ငံ၏ တိုင်းရင်းသားပြည်နယ် များတွင် ဒေသခံ တိုင်းရင်းသားလူများစုများသည် ဓလေ့ ထုံးတမ်းမြေယာအခွင့်အရေးများအား နှစ်ပေါင်း ရာနှင့်ချီ ၍ ကျင့်သုံးခံစား လျက်ရှိသည်။ ဓလေ့ထုံးတမ်းဥပဒေ များသည် လူတို့၏ ကျန်းမာရေးနှင့် အသက်ရှင်သန်ပိုင်ခွင့်ကို ထိခိုက်မှုမရှိပါက ပြဋ္ဌာန်းဥပဒေများက ယင်းတို့ အပေါ် လွှမ်းမိုးပိုင်ခွင့်မရှိ။ အကြောင်းမလှစွာပင် မြန်မာနိုင်ငံ၏ ဖြစ်ရပ်တွင် ဆန့်ကျင်ဘက် ဖြစ်ပေါ်လျက်ရှိနေသည်။ သို့ဖြစ်ရာ ဥပဒေစိုးမိုးရေးသည် ပျောက်ဆုံးနေပြီး လူ့အခွင့် အရေးရရှိရေးမှာ စိတ်ကူးယဉ်သက်သက်သာ ဖြစ်နေရသည်။

**တနိုင်း စစ်ရာဇဝတ်မှု - နောက်ခံဖြစ်ရပ် အကျဉ်း**

၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၂၈ ရက်မှ ဖေဖော်ဝါရီလ ၈ ရက်နေ့ အတွင်း ကချင်ပြည်နယ်၊ တနိုင်းမြို့နယ်အတွင်း မြန်မာ့တပ်မတော်နှင့် ကချင် လွတ်မြောက်ရေး တပ်မတော်တို့ အကြားဖြစ်ပွားသော လက်နက်ကိုင်ပဋိပက္ခ အတွင်း ရွှေနှင့်ပယင်း တူးဖော်ရေး အလုပ်သမား အများစုဖြစ်သော အရပ်သားများကို မြန်မာစစ်တပ်မှ တားဆီး ပိတ်ဆို့ထား ခဲ့ပါသည်။ ဤသို့ ပြုလုပ်ခြင်းဖြင့် မြန်မာစစ်တပ် အနေနှင့် အရပ်သားများ အပေါ် ဆိုးရွားစွာ ရက်စက်ကြမ်းကြုပ်မှုပြု၍ စစ်ရာဇဝတ်ပြစ်မှုများကို ဆက်တိုက် ကျူးလွန် ခဲ့ပါသည်။ ၄င်းဖြစ်ရပ်များနှင့်ပတ်သက်၍ နောက်ခံသမိုင်း အကျဉ်းမှာ ဤသို့ ဖြစ်၏။

တနိုင်းမြို့နယ်အတွင်းရှိ ရွှေနှင့်ပယင်းတူးဖော်ရေးလုပ်ကွက်များမှာ မြို့၏ အနောက်တောင်ဖက်တွင် တည်ရှိပါသည်။ ပယင်းလုပ်ကွက်မှာ အဖြောင့် တိုင်းလျှင် ခန့်မှန်းခြေ မြို့ နှင့် ၁၃ မိုင်(သို့မဟုတ်)၂၀ ကီလိုမီတာ မျှဝေးပါသည်။ တူးဖော်ရေး လုပ်ကွက် ဧရိယာ၏ အဓိက ဝင်ထွက်လမ်းမကြီးမှာ ယခင်က ရွှေတူးဖော်ရေး လုပ်သား များနေထိုင်ပြီး ယခုအခါလူမနေထိုင်တော့သည့် နမ်းကွမ်ရွှေမှော် မြောက်ဖက်သို့ ဦးတည်နေပါသည်။ ဆမတ် ဂိတ်စခန်းမှာ နမ်းကွမ်းရွှေမှော်၏ မြောက်ဖက်တမိုင်ခန့် အကွာတွင်ရှိသည်။ အရပ်သားများမှာ အဆိုပါ နမ်းကွမ်းရွှေမှော်နှင့် ဆမတ်ဂိတ် စခန်းအကြားနေရာတွင် ပိတ်ဆို့ တားဆီးခြင်း ခံခဲ့ရခြင်းဖြစ်ပါသည်။

မြန်မာစစ်တပ်က စစ်ဆင်ရေးမစတင်မီ ပယင်းလုပ်ကွက်အခြေအနေ တူးဖော် ရေးလုပ်သားများမှာ ကချင်လွတ်လပ်ရေးအဖွဲ့ ကေအိုင်အို ခွင့်ပြုချက်ဖြင့် ၄င်းတို့

ထိမ်းချုပ်မှုအောက်တွင် အလုပ်လုပ်နေခဲ့ခြင်း ဖြစ်ပါသည်။ ထွက်ရှိသော ပယင်းများအပေါ် ဈေးကွက်ပေါက်ဈေး၏ ၁၀ ရာခိုင်နှုန်းအား အခွန်အခ သဘော အနေဖြင့် ကေအိုင်အိုမှ ကောက်ခံပါသည်။ ၎င်းအပြင် မြေအသုံးပြုခြင်းဆိုင်ရာ စနစ်တရပ်လည်းရှိပါသည်။ ပယင်းနှင့်ရွှေလုပ်ကွက်လုပ်သားများအနေနှင့် မီတာ ၁၀၀၀ ပတ်လည်မြေဧရိယာ အသုံးပြုခအဖြစ် လိုင်စင် ကြေး အမေရိကန် ဒေါ်လာ ၄၀၀ ပေးဆောင်ရပါသည်။ မြန်မာစစ်တပ်၏ ရည်ရွယ်ချက်မှာ ၎င်းဧရိယာ ကို ထိန်းချုပ်ထားသော[68] ကချင်လွတ်မြောက်ရေး တပ်မတော် တပ်ရင်း ၁၄ ကို ဖယ်ရှားရန်၊ အနည်းဆုံးအနေနှင့် ၎င်းဧရိယာမှ မောင်းထုတ်၍ သဘာဝ သယံ ဇာတများကို အမြတ်ထုတ်ရန်၊ တနိုင်းကို ဖြတ်ကျော်တည်ရှိသည့် အိန္ဒိယနှင့် တရုတ် ပြည် ဆက်သွယ်ရာ လမ်းကြောင်းကို စိုးမိုးထားရန် နှင့် ၎င်းမြေဧရိယာ အသုံးချစီမံခန့်ခွဲ ပိုင်ခွင့်ကို စစ်တပ်နှင့် နီးစပ်သောခရိုနီ စီးပွားရေးလုပ်ငန်းရှင် ဦးဌေးမြင့်ပိုင်ဆိုင်သည့် ယုဇနကုမ္ပဏီ လက်ထဲသို့ ထိုးအပ်ရန် ဖြစ်ပါသည်။ ပယင်းနှင့်ရွှေလုပ်ကွက်လုပ်သားများအနေနှင့် ခွင့်ပြုမြေအတွင်းမှ သစ်ပင်များကို ခုတ်ထွင်ရှင်းလင်း၍ မီတာ ၃၀ မှ ၁၀၀ အနက်ရှိသော မြေအောက်မိုင်းတွင်းဆောက်လုပ်ရာတွင် လိုအပ်သော ထုတ်၊ ဒိုင်း၊ မြားများအဖြစ် အသုံးပြုကြပါ သည်။

၂၀၁၈ခုနှစ် ဇွန်လ ၅ ရက်နေ့တွင် ရွှေနှင့် ပယင်းလုပ်ကွက်လုပ်သားများ အနေနှင့် ပြစ်မှုဆိုင်ရာ အရေးယူခံရမှုများမှ ကင်းလွတ်လိုလျှင် ဤ ဧရိယာထဲမှ ထွက်ခွာကြရန် မြန်မာစစ်တပ်က ရဟတ်ယာဉ်များ အသုံးပြု၍ စာများကြဲချခဲ့ပါသည်။ ဤကဲ့သို့ စစ်ရာဇဝတ်မှုမျိုးကို ဂျီနီဗာကွန်ဗင်းရှင်းအရ တားမြစ်ထားပါသည်။

နောက်ဆက်တွဲ သဘောတူညီချက် (၂)၊ ပုဒ်မ ၁၇ အရ ရွှေ့ပြောင်း အရပ်သားများကို အကာအကွယ်ပေးရန် နှင့် စာပိုဒ် ၂ တွင် "အရပ်သားများကို ပဋိပက္ခနှင့် ဆက်နွယ်နေသည့်အကြောင်းပြချက်များဖြင့် ၎င်းတို့ နေထိုင်ရာဒေသ အတွင်းမှ မောင်းမထုတ်ရ" ဟု ပြဌာန်းထားသည်။

"လက်ကမ်းကြေညာချက်တွေ ချတယ်ဆိုတာ အမှန်ပါပဲ။ မြန်မာစစ်တပ် မြောက်ပိုင်းတိုင်း တိုင်းမှူးရှင်း ပြချက်အရနဲ့ လက်ကမ်းကြေညာထဲမှာ ရေးသား

[68] Hkun Lat, Vrieze P. In Conflict-Hit Northern Myanmar, Miners Dig For Million-Year-Old Amber. Unearth Myanmar Project. http:// unearthmyanmar.com/en/story/conflict-hit-northern-myanmar . Accessed March 13, 2018

ထားချက်တွေအရဆိုရင်တော့ ခုလိုအခြေအနေမျိုး ဆက်ဖြစ်နေမယ်ဆိုရင် အစိုးရက ဘာအခွန်မှရမှာမဟုတ်တဲ့အပြင် သဘာဝသယံဇာတတွေလဲ အများကြီး ပျက်စီးလိမ့်မယ်။ အဲလိုလုပ်တာ ဥပဒေနဲ့ ကိုက်ညီတဲ့အပြင် အစိုးရရဲ့ အမြင်နဲ့လည်းတထပ်တည်းကျတယ်" ဟု အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် တနိုင်းမြို့နယ်လွှတ်တော်အမတ် ဦးဇော်ဝင်းက လွဲမှားစွာပြောကြားခဲ့ပါသည်။[69]

အင်န်အယ်လ်ဒီ အမတ်တယောက်အဖြစ် ဦးဇော်ဝင်းအနေနှင့် ဤကဲ့သို့ လူမိုက်အားပေး လွဲမှားစွာ ပြောကြားခြင်းသည် အရပ်သား တနိုင်းရွှေနှင့်ပယင်း တူးဖော်ရေးလုပ်သားများအပေါ် ဆန့်ကျင်ချိုးဖောက်ခဲ့သည့် စစ်ရာဇဝတ်ပြစ်မှု မြောက်သော စက်ဆုပ်ရွံရှာဖွယ် ပြစ်မှုကျူးလွန်မှုများအတွက် မြန်မာစစ်တပ်ကို တရားဝင် အသိမှတ်ပြုရာရောက်သည်။ နိုင်ငံရေးအရ အားပေးထောက်ခံရာ ရောက်ပါသည်။ ဤကိစ္စအတွက် ဦးဇော်ဝင်း အနေနှင့် တာဝန်ယူ၊ တာဝန်ခံရ ပေလိမ့်မည်။

နိုင်ငံတော်ဘတ်ဂျက် မဆုံးရှုံးစေရန်နှင့် သဘာဝသယံဇာတများ ဆုံးရှုံးမှုကို တားဆီးရန် ဤကဲ့သို့ လုပ်ငန်းလုပ်ဆောင်ခြင်းများကို ဥပဒေနှင့်အညီ လုပ်ဆောင်ရန် လိုအပ်သည်ဟု ဦးဇော်ဝင်းနှင့် အလားတူ အင်န်အယ်လ်ဒီ အမတ်တယောက်ဖြစ်သည့် ဦးလင်းလင်းဦးကလည်း လွှတ်တော်သို့ အဆို ပြုတင်ပြခဲ့သည်။[70] ဦးလင်းလင်းဦး သည်လည်း ဤကိစ္စအတွက် တာဝန်ယူ၊ တာဝန်ခံရပေလိမ့်မည်။

သဘာဝသယံဇာတများနှင့် ပတ်သက်၍ ဦးဇော်ဝင်းနှင့် ဦးလင်းလင်းဦးတို့ နှစ်ဦးလုံး၏တင်ပြချက်များမှာ ဥပဒေရှုထောင့်၊ အစိုးရရှုထောင့် နှစ်မျိုးလုံးအရ လွဲမှား နေပါသည်။ တိုင်းပြည်တိုင်းတွင် ဖွဲ့စည်းပုံအခြေခံ ဥပဒေမှာ အမြင့်ဆုံးအချုပ်အခြာဥပဒေ ဖြစ်ပေသည်။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံ ဥပဒေအရ ကျောက်မျက် ရတနာများ၊ သဘာဝတွင်းထွက်များ၊ သတ္တုမိုင်းများ ထုတ်ယူခြင်း၊ မိုင်းလုပ်သားများ၏လုံခြုံရေးကို အကာအကွယ်ပေးရေး၊ သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခြင်း အခွင့်အာဏာများကို ပြည်ထောင်စုအစိုးရအဆင့်သို့ လွှဲအပ်ထားပါသည်။ တိုင်းရင်းသား ပြည်နယ်များသို့ လွှဲအပ်ထားခြင်းမရှိပါ။[71]

---

[69] https://www.rfa.org/burmese/news/tanine-gold-mine-06062017070544.html

[70] https://www.rfa.org/burmese/news/illegal-gold-policed-parliament-08142017070557.html

[71] Item 6, Schedule One, Union Legislative List of the 2008 Constitution

ကချင်ပြည်နယ်တခုလုံးနှင့်သက်ဆိုင်၍ အစိုးရ၏တိုက်ရိုက်ထိန်းချုပ် စီမံခန့်ခွဲမှု အောက်တွင်ရှိနေသော ဖားကန့်မြို့နယ်တွင်းရှိ အစိုးရနှင့် အပေါင်းပါ ခရိုနီကုမ္ပဏီများ လုပ်ကိုင်နေသည့် ကျောက်မျက်ရတနာများတူးဖော်ခြင်း လုပ်ငန်းများတွင်ပင် သဘာဝ ပတ်ဝန်းကျင်ပျက်စီးမှုနှင့် သယံဇာတ ပြုန်းတီးမှုများ အကြီးအကျယ် ဖြစ်ပေါ်လျက် ရှိနေပေသည်။ ဟူးကောင်း ချိုင့်ဝှမ်းဒေသ တနိုင်းမြို့နယ်တွင် ဦးဌေးမြင့်ပိုင်ဆိုင်သော ယုဇန ကုမ္ပဏီမှ လုပ်ဆောင်နေသော လုပ်ငန်းများတွင်လည်း အလားတူ ပြဿနာများ ဖြစ်ပွားလျက်ရှိသည်။ မြန်မာစစ်တပ်အနေနှင့် သဘာဝသယံဇာ တထုတ်လုပ်မှု လုပ်ငန်း များမှ အဓိကရရှိသော ငွေရေးကြေးရေး အရင်းအမြစ်များကို အသုံးချ၍[72] ၎င်း၏ စစ်အင်အားကို တဆင့်ပြီးတဆင့် တိုးချဲ့နေချိန်တွင် ကချင်ပြည်နယ် တွင်းရှိ လူမျိုးစုံ တိုင်းရင်းသားလူထုကြီးမှာ ဆင်းရဲတွင်း နက်သထက်နက် နေရသည်။ အလားတူ အခြေအနေ မျိုးကို အခြားတိုင်းရင်းသားပြည်နယ် အများအပြားတွင် ကြုံတွေ့ နေရသည်။ သို့ဖြစ်၍သာ ပြည်တွင်းစစ်မီးဆက်လက် တောက်လောင်နေရသည်။ ကေအိုင်အို အပါအဝင် တိုင်းရင်းသားတော်လှန်ရေး အဖွဲ့အစည်းများအနေနှင့်လည်း ၎င်းတို့ပြည်နယ်ရှိ သဘာဝသယံဇာတများကို ၎င်းတို့ကိုယ်တိုင် စီခံခန့် ခွဲပိုင်ခွင့်အပါအဝင် ကိုယ်ပိုင်ပြဌာန်း ခွင့် အခွင့်အရေးများ အတွက် ဆက်လက်တိုက်ပွဲဝင်နေရခြင်းဖြစ်သည်။ ကံမကောင်း အကြောင်း မလှစွာပင် ပြည်တွင်းစစ်ဖြစ်ပွားရခြင်းအကြောင်းရင်းခံပြဿနာများကို ဖြေရှင်း ရန် ကြိုးစားရမည့်အစား မြန်မာစစ်တပ်၏လုပ်ရပ်ကို ထောက်ခံခဲ့သော ဦးဇော်ဝင်း၏ မိုက်မဲသောလုပ်ရပ်ကြောင့် ထောင်ချီသော အရပ်သားများမှာ အတောမသတ်သော လူမဆန်သည့်ရက်စက် ကြမ်းကြုတ်မှုများကို ခါးစည်း ခံနေရပေပြီ။

အရပ်သားလူထုနှင့် ကေအိုင်အေကို ထိုးစစ်ဆင်ရန် မြန်မာစစ်တပ်က ပြင်ဆင် ခြင်းနှင့် စတင်ခြင်း တွင်မြန်မာစစ်တပ်သည် လေကြောင်းတိုက်ခိုက်မှု များနှင့် မြေပြင် စစ်ဆင်ရေးများကို ၂၀၁၇ နိုဝင်ဘာလတွင် စတင်ခဲ့သည်။ သို့ရာတွင် ကနဦးပုံးကြဲ တိုက်ခိုက်မှုများမှာ အထိအခိုက်မရှိလှပါ။ အဆောက်အဦး အချို့ ပျက်စီးမှုသာရှိခဲ့သည်။ ၂၀၁၈ ခုနှစ် ဇန်နဝါရီလတွင် မြန်မာစစ်တပ်သည် တပ်မ ၃ ခု အသုံးပြု၍ ပယင်းတူး

---

[72] In accordance with the 2011 Special Fund Law, Commander-in-Chief of the Myanmar Army is authorized to spend special fund without necessity to submit its expenditure for auditing.

တူးဖော်ရေးလုပ်ကွက်များ ရှိရာဒေသကို အရပ် ၃ မျက်နှာမှ ချီတက်တိုက်ခိုက်ခဲ့သည်။ ထို့ကြောင့် ကေအိုင်အေ တပ်များမှာ အဝိုင်းခံထားရသကဲ့သို့ ဖြစ်ခဲ့သည်။

၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၂၆ ရက်နေ့တွင်မြန်မာစစ်တပ်၏ လေကြောင်းတိုက်ခိုက်မှုများ၊ ပုံးကြဲမှုများနှင့် မြေပြင်ရင်ဆိုင်တိုက်ပွဲများကို အရှိန်မြှင့်လုပ်ဆောင်ခဲ့သောကြောင့် တိုက်ပွဲကြားတွင် ပိတ်မိနေသော အရပ်သား များကို ကူညီကယ်ထုတ်ရန် အပူတပြင်းလိုအပ်လာခဲ့သည်။ ပိတ်မိနေသော အရပ်သားများမှာ မြန်မာ၊ ကချင်၊ ရခိုင်၊ ရှမ်း၊ လီဆူ နှင့် နာဂ လူမျိုးစုံ ပယင်းလုပ်ကွက်အလုပ်သမားများဖြစ်ကြသည်။ ၄င်းအပြင် မြန်မာစစ်တပ် နှင့် မြန်မာစစ်တပ်မှ ဖွဲ့စည်းထိန်းချုပ်ထားသော လဆန်အောင်ဝါ၏ ပြည်သူ့စစ်တပ်ဖွဲ့များမှ ပစ်ခတ်သော လက်နက်ကြီးငယ်၊ မော်တာစိန်ပြောင်းများဒဏ်နှင့် လေကြောင်းမှ ပုံးကြဲခြင်းဒဏ်တို့ကို ခံစားခဲ့ရသော ပတ်ဝန်းကျင် အနီးအနား ရွာများမှ ထွက်ပြေးတိမ်းရှောင်လာသော ဒေသခံများလည်းပါဝင်သည်။

ကေအိုင်အေတပ်ဖွဲ့များ လုံးဝမရှိသော ပယင်းလုပ်ကွက်လုပ်သားများ နေထိုင်ရာ ယာယီအိမ်တန်းများ အပါအဝင် မြေပြင်ရှိအဆောက်အဦးမှန်သမျှ ခွဲခြားခြင်းမရှိဘဲ မြန်မာစစ်တပ်မှ မဲမဲမြင်သမျှ အားလုံးကို သိမ်းကျုံး၍ လက်နက်ကြီးများဖြင့် ကြိမ်ဖန်များစွာ ပစ်ခတ်တိုက်ခိုက်ခဲ့ပါသည်။ အရပ်သား များအားလုံး ဒေသတွင်းမှ ထွက်ခွာသွားစေရန် ရည်ရွယ်ချက်ရှိရှိဖြင့် လူနေ အိမ်ခြေများနှင့် အခြားအဆောက်အဦးများ ကိုသာမက ကြိမ်ဖန်များစွာပင် လူသူမရှိသော တောအုပ်များထဲသို့ပင် လက်နက်ကြီးများဖြင့် တမင် ပစ်ခတ်မှုများ ပြုလုပ်ခဲ့ကြပါသည်။ ထိုးစစ်ဆင်မှုများတွင် ခြေလျင်တပ်ရင်း ၂၉၇ အပါအဝင် တပ်မ ၁၀၁ မှ တပ်ရင်းများ နှင့် ခွန္တီးအခြေစိုက် စစ်ဗျူဟာ လက်အောက်ခံ တပ်ရင်းများပါဝင်ပါသည်။[73]ဇန်နဝါရီလ ၂၆ ရက် နေ့လည်ပိုင်းတွင် အရပ်သားများစုဝေးလျှက်ရှိသော မိုင်းဇရိယာအလည် တည့်တည့်ရှိ ပယင်းလုပ်ကွက်ကို လေကြောင်းမှ ဦးတည်တိုက်ခိုက် ခဲ့သောကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများ ပိုမိုဖြစ်ပေါ်စေခဲ့ပါသည်။ ၂ ဦး သေဆုံး၍ ၄ ဦး ပြင်းထန်စွာ ဒဏ်ရာရရှိသည်အထိ ဖြစ်ခဲ့ရသည်။ ထို့အပြင် အရပ်သား အဆောက်အဦးများ ဖျက်ဆီးခံခဲ့ရသည်။ ဤသို့ဖြင့် အရပ်သားများမှာ ၄င်းဒေသကိုစွန့်ခွာခဲ့ကြရသည်။ ပယင်းနှင့်ရွှေလုပ်ကွက်ဒေသမှ အရပ်သားနှင့် လုပ်ကွက်လုပ်သားများကို ကူညီကယ်ဆယ်ရေးအစီအစဉ်အား ဇန်နဝါရီလ (၂၇) ရက်နေ့တွင် ကေအိုင်အေ အရာရှိများနှင့် ပြုလုပ်သောအစည်းအဝေးတွင် ဆက်လက်ဖြစ်ပွားနေသော မြေပြင်တိုက် ပွဲများကြောင့် ကေအိုင်အေ တပ်ဖွဲ့များအနေနှင့်

[73] http://www.kachinlandnews.com/?p=28170

အရပ်သားများကို ဆက်လက်ကာကွယ်ပေးနိုင်ခြင်း မရှိတော့ သဖြင့်ဒေသ တွင်းမှ ထွက်ခွာသင့်ပြီဖြစ်ကြောင်း အရပ်သားများကို အသိပေး ပြောကြားခဲ့သည်။ ထိုအချိန်တွင် ဘာသာရေး ကော်မတီများမှ ပြုစုထားသော စာရင်းများအရ အရပ်သားလူဦးရေ ၃,၂၇၀ ရှိကြောင်းသိရှိရသည်။[74] ကယ်ဆယ်ရေးလုပ်ငန်းများကိုလည်း ထိုကော်မတီမှပင် ဆုံးဖြတ်၊ ဦးဆောင် ပြုလုပ်ပေးခဲ့ခြင်းဖြစ်သည်။ ထိုညနေပိုင်းမှာပင် အရပ်သား အများ အပြားမှ ပယင်းမော်မှ စတင်ထွက်ခွာခဲ့ပြီး တနာရီ အကွာအဝေးခန့်တွင် ရှိသော နမ်းကွမ်း ရွှေမော်တွင် ညအိပ်ခဲ့ကြသည်။

ဇန်နဝါရီလ ၂၈ ရက်နေ့တွင် အရပ်သားများမှာ ပယင်းမော် ကယ်ဆယ်ရေး လုပ်ငန်းစတင်ရန်အတွက် တနေရာတွင် စုဝေးခဲ့ကြသည်။ ၎င်းစုရပ်နေရာကို ဦးတည် ကာ နေ့လည် ၃ နာရီခန့်မှစတင်၍ မြန်မာစစ်တပ် က လက်နက်ကြီးများဖြင့် ပစ်ခတ် တိုက်ခိုက်ခြင်းအားဖြင့် အရပ်သားများအနေနှင့် ကြောက်လန့်တကြား ရတနာမြေမှ ချက်ခြင်းစွန့်ခွာစေခဲ့ပါသည်။ ဤသို့ဖြင့် အရပ်သား ၃၀၀၀ ကျော်ခန့်မှာ အလံဖြူများကို ကိုင်ဆောင်လျက် မြောက်ဖက် ယွန်းယွန်း လေ့ဆိပ်ငယ်တခုရှိရာ တနိုင်းချောင်းနဘေးရှိ ပေါက်ဝရွာသို့ ထွက်ခွာ လာခဲ့ကြပါသည်။ ၎င်းရွာမှတဆင့် လှေစီးလျှင် တနိုင်းမြို့ သို့ရောက်နိုင်သည်။ ကယ်ထုတ်လာသော အရပ်သားများမှာ နမ်းကွမ်းရွှေမော်ကိုဖြတ်၍ ကေအိုင်အေ အကောက်ခွန်ဂိတ်စခန်းရှိ ပေါက်ဝ အနီးသို့ ရောက်ရှိလာကြပါသည်။ မြန်မာ စစ်တပ်၏ ပေါက်ဝဂိတ်စခန်းတွင် ကျူးလွန်ခဲ့သော စစ်ရာဇဝတ်မှုကြီးတွင် တဖက်တလမ်းမှ ကျောင်းစားရိတ် ရရှိရန် ထိုဂိတ်၌ ကူညီလုပ်ကိုင်ပေးနေသော ကျောင်းသား ၂ ဦး[75] အပါအဝင်အရပ်သား ၆ ဦး နှင့် ကေအိုင်အေစစ်သား ၂ ဦးတို့ကို[76]

---

[74] Statement made by one of the leaders of the religious committee, the main civilian body representing miners in Pa Yin Maw area and alsostatements of other witnesses who personally experienced in this incident.

[75] Nhkum Sut Ring Tu Awng အင်ခွန်ဆွတ်ရိန်တူးအောင်နှင့်
Myi Tung Sau Ting မိတုံဆောမ်တိန့်

[76] Jum La Ra ဂျမ် လရော၊
Labang Seng Li Awng လဘန် ဆိုင်းလီအောင်၊
Shan Lay ရှမ်းလေး၊
(unknown) အမည်မသိ ၊
Myi Tung Sau Ting မိတုံဆောမ်တိန့်
Nhkum Sut Ring tu Awng အင်ခွန်ဆွတ်ရိန်တူးအောင်

သုံ့ပန်းအဖြစ် အရှင်ဖမ်းဆီးပြီးနောက် သတ်ဖြတ်ကာ အလောင်းကို ခွန်ဂိတ်ကို သိမ်းပိုက်ထားလိုက်သည်။[77]




ပေါက်ဝ အကောက်ခွန်ဂိတ် (ပုံ)

တိုင်းရင်းသားအချင်းချင်း အမုန်းပွားရေးကို ဖန်တီးသည့်အနေနှင့် မြန်မာစစ်တပ် အရာရှိများသည် ကေအိုင်အေ စစ်သားများနှင့် ကချင် အရပ်သားများကို သတ်ဖြတ်ရန် လီဆူးပြည်သူ့စစ်များကို အမိန့်ပေးစေခိုင်း ခဲ့ပါသည်။[78] ၎င်းအဖြစ်အပျက်မှာ ပယင်းမော်မှ ထွက်ခွာလာသော လူ ၃၀၀၀ ကျော် ဆမတ်ဂိတ်အနီးသို့ မရောက်မီ တရက်အလို ဇန်နဝါရီ (၂၇) ရက်နေ့ မနက်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ဤသည်မှာ စစ်ရာဇဝတ်မှုမြောက်ပြီး စစ်သုံ့ပန်းများကို မသတ်ဖြတ်ရဟု တားမြစ်ထားသည့် ဂျီနီဗာကွန်းဗင်းရှင်းကို အတိအလင်းကျူးလွန် ဖောက်ဖျက်ခြင်းဖြစ်သည်။[79]

[77] The statement of an eye witnesses, interviewed by the LAN's War Crimes Evidence Collection Group.

[78] Ditto


[79] Geneva Convention relative to the Treatment of Prisoners of War of 12 August 1949

ကယ်ထုတ်လာသော အရပ်သားများမရောက်မီ မော်တော်ဆိုင်ကယ်ဖြင့် ရောက်ရှိလာသူ နှစ်ဦး မှာလည်း လက်လုပ်မိုင်းတလုံး (Improvised Explosive Device IED) ပေါက်ကွဲမှုကြောင့် သေဆုံးခဲ့ရသည်။ ရောက်ရှိလာသော အရပ်သားများသည် ထိုနေရတွင် ညအိပ်ရပ်နားခဲ့သည်။ နောက်တနေ့ ဇန်နဝါရီလ (၂၉) ရက်နေ့တွင် အရပ်သားကိုယ်စားလှယ်နှစ်ဦးက မြန်မာစစ်တပ်ကို သွားရောက် တွေ့ဆုံညှိနှိုင်း ဆွေးနွေးအပြီး ဆမတ်ဂိတ်မှ အမျိုးသမီးနှင့်ကလေး အယောက် ၇၀၀ ခန့်၊ ဒဏ်ရာ ရထားသူများနှင့် သက်ကြီးရွယ်အို ၅၀ ခန့် တို့အား တနိုင်းမြို့ဆီသို့ ဦးတည်ရာ ပေါက်ဝရွာသို့ ထွက်ခွာခွင့်ပြုခဲ့သည်။ ဘာသာရေးခေါင်းဆောင်တဦး အပါအဝင် ထိုအချိန် လွတ်မြောက်လာသူများမှတဆင့် တနိုင်ဒေသခံများ ၊ နိုင်ငံရေးသမားများနှင့် စာနယ်ဇင်း သမားများသည် ဖြစ်ပေါ်နေခဲ့သော အခြေအနေများကို သတင်း ရရှိခဲ့ခြင်းဖြစ်သည်။

**မြန်မာစစ်တပ်မှ အရပ်သားများအားလူသားဒိုင်းသဖွယ် အသုံးပြုခြင်း**

မြန်မာစစ်တပ်၏ အရပ်သားများအား တားဆီးပိတ်ပင်ထားခဲ့သော နေရာသည် စမတ်စခန်းဟုခေါ်သော ကေအိုင်အေ၏ စခန်းဟောင်းဖြစ်သည်။ မြန်မာစစ်တပ်မှတ် တိုက်ခိုက်သိမ်းပိုက်ထားသောနေရာဖြစ်သည်။ ထိုနေရာသည် မြန်မာစစ်တပ်နှင့် ကေအိုင်အေတပ်များကြားတွင် တည်ရှိသည်။ သို့ဖြစ်၍ မြန်မာစစ်တပ်သည် ၎င်းတို့အား ကေအိုင်အေတပ်များ၏ တန်ပြန်တိုက်ခိုက်မှု မပြုလုပ်နိုင်ရန် အရပ်သားများကို အတား အဆီး အဖြစ် အသုံးပြုခဲ့သည်။ ၎င်းမှာ မြန်မာစစ်တပ်အနေနှင့် လူသားဒိုင်းသဖွယ် အသုံး ပြုခဲ့သည်ဟု ယူဆနိုင် ပေသည်။


TAWAN STREAM
တဝမ်ချောင်း
LA MON
Makaw
မကောဘ
လမုန်
TANAI STREAM
တနိုင်းချောင်း
ပေါက်ဝ
PAUK WA
ZAYYARTHIRI MONASTERY
ဇေယျာသီရိကျောင်းတိုက်
Danai
တနိုင်
KIA POST
ဆမတ်
SAMAT
NAN KWAN GOLD MINE
AMBER MINE
Walawbum
GOLD MINE
GOLD MINE
Google




ပိတ်ဆို့ခြင်းခံထားရသောနေရာပြ (ပုံ)

မြန်မာစစ်ခေါင်းဆောင်များက ၄င်းတို့စစ်တပ်ထိန်းချုပ်ထားရာ ဒေသနှင့် ကေအိုင်အေတပ်များ ထိန်းချုပ် ထားရာနယ်မြေအား စည်းခြားထားသည့် အသက် အန္တရာယ်ရှိသောမြေမြှုပ်မိုင်းများထောင်ထားရာ ဇရိယာ အတွင်း သို့လည်း အရပ်သား များအား ပြန်လည်ဆုတ်ခိုင်းခဲ့သေးသည်။ တနိုင်းမြို့ သို့ရောက်နိုင်သည့် ၄င်းတောလမ်း ကို မိုင်းခွန်လမ်း ဟုခေါ်ကြသည်။ ၄င်းမှာ တနိုင်းမြို့သို့ရောက်ရှိနိုင်သော အတိုဆုံး ဖြတ်လမ်း ဖြစ်သော်လည်း လက်နက်ကိုင်ပဋိပက္ခများကြောင့် လွန်ခဲ့သည့်နှစ်ပေါင်း များစွာကတည်းက အသုံးမပြုဘဲ ထားသည့် လမ်းဟောင်းတခုဖြစ်သည်။ ထိုမိုင်းခွန်လမ်း တလျှောက်တွင် မြေမြှုပ်မိုင်းများရှိကြောင်း အရပ်သား အတော်များများက သိထား ကြသည်။ ထို့ကြောင့် မြန်မာစစ်တပ်က မြေမြှုပ်မိုင်းများကို ရှင်းလင်းရန်နှင့် ကေအိုင်အေ တပ်များ၏ တန်ပြန်တိုက်ခိုက်ခြင်းမှ တားဆီးရန် ၄င်းတို့ကို မြန်မာစစ်တပ်က အသုံးချခဲ့ သည်ဟု အရပ်သားများက နားလည် ထားခဲ့ကြသည်။ ထို့ကြောင့် ၄င်းလမ်းတွင် မြေမြှုပ်မိုင်းများကို နင်းမိနိုင်သည့် အန္တရာယ်ရှိမှန်းသိသော်လည်း[80] မြန်မာစစ် ခေါင်းဆောင်များကို မလွန်ဆန်ဝံ့ သဖြင့် လိုက်နာခဲ့ရသည်။ ကံဆိုးစွာပင် အရပ်သား အများစုမှာ မြန်မာစစ်တပ်က ၄င်းတို့ကို သွားခိုင်းသောဤလမ်းတွင် မြေမြှုပ်မိုင်းများ ထောင်ထားသည်ကို မသိရှိကြပေ။ သို့ဖြစ်၍ အမြန်ဆုံးတနိုင်းမြို့ သို့ရောက်လိုဇောဖြင့် ၄င်း မိုင်းခွန်လမ်း အတိုင်း အရဲစွန့်၍ သွားခဲ့ကြခြင်းဖြစ်သည်။

[80] Interview of victim witness by the WCECG



ပိတ်ဆို့ခံအရပ်သားများပုံ

မြန်မာစစ်တပ်ခေါင်းဆောင်များက ၄င်းဇရိယာမှာ ရှင်းလင်းပြီး ဖြစ်ကြောင်းနှင့် ကေအိုင်အေတပ်များ မရှိတော့ကြောင်း လူထုကိုကိုလှည့်စား ခဲ့ခြင်းဖြစ်သည်။ ဤလမ်းကြောင်းမှာ ရှင်းလင်းပြီးသားအမှန်ဖြစ်ပါက ထိုလမ်းကြောင်းအတိုင်း လူထုကို ၄င်းတို့ကိုယ်တိုင် ဦးဆောင်၍ တနိုင်းမြို့ထိ ပို့ဆောင်ရန် မြန်မာစစ်တပ်တွင် တာဝန်ရှိသည် မဟုတ်ပါလား။ ကံဆိုးမိုးမှောင် ကျစွာ ဤကဲ့သို့ မဖြစ်ခဲ့ပါ။ မြန်မာစစ်တပ်က အရပ်သားများအား ဆမတ်ဂိတ်မှ ပေါက်ဝရွာသို့ ပုံမှန်လမ်းကြောင်း အသုံးပြု၍သွားခွင့်မပြုခဲ့သလို ပေါက်ဝမှ တနိုင်းသို့ လှေများဖြင့် ထွက်ခွာရန်လည်း ခွင့်မပြုခဲ့ပါ။ အရပ်သားများအား နောက်ပြန်လှည့်စေပြီး အန္တရာယ်များသော မိုင်းခွန်လမ်းအတိုင်း သွားစေ ခဲ့သည်။ ဤသို့ပြုခြင်း အားဖြင့် မြန်မာစစ်တပ်အနေနှင့် အရပ်သားများအား မြေမြှုပ်မိုင်းကွင်း ထဲသို့ ဖြတ်လျှောက်ခိုင်းခဲ့ကာ ဥပဒေချိုးဖောက် လှည့်စားခဲ့ခြင်း ဖြစ်သည်။ ဤသည်မှာ မြန်မာစစ်တပ်မှ စစ်ရာဇဝတ်မှုကျူးလွန်ကြောင်း ခိုင်မာသော အထောက်အထား တခုပင်ဖြစ်သည်။

ကံအားလျော်စွာပင် အရပ်သားများမှာ လမ်းတဝက်၌ ကေအိုင်အေ စစ်သားများနှင့်တွေ့ကာ မြေမြှုပ်မိုင်းများမြှုပ်နှံထားကြောင်း အသိပေးပြီး လာရာလမ်းအတိုင် နောက်ပြန်လှည့်စေခဲ့သည်။ ထို့ကြောင့် အရပ်သားများသည် မူလနေရာ ဆမတ်ဂိတ်အနီးသို့ ပြန်ဆုတ်ခဲ့သည်။ အကယ်၍ မြန်မာစစ်တပ် တားဆီးပိတ်ပင်ထားသော ဆမတ်ဂိတ်ကိုဖြတ်သွားသောလမ်းသည် ပေါက်ဝ ရွာအထိ မြေမြှုပ်မိုင်းများ ကင်းရှင်းသောလမ်းဖြစ်သည်။



**ပိတ်ဆို့ခံအရပ်သားများပုံ**

ကံဆိုးစွာပင် ဆမတ်ဂိတ်ရှိ မြန်မာစစ်တပ်သည် အရပ်သားများအား ပေါက်ဝ ရွာသို့ အန္တရာယ် ကင်းသောလမ်းမှ သွားခွင့်မပြုဘဲနေခဲ့ပြန်သည်။ ထို့ကြောင့်ပင် အရပ်သားများမှာ နမ်းကွမ်းရွှေမှော်နှင့် ဆမတ်ဂိတ်ကြားရှိ လမ်းကြောင်းပေါ်တွင် (၁၁) ရက်ခန့်ကြာအောင် ပိတ်မိနေခဲ့ရခြင်းဖြစ်သည်။ ၄င်းနေရာမှာ အရပ်သားများ ဇန်နဝါရီ (၂၈) ရက်နေ့မှ စတင် ပိတ်ဆို့ထား ခံခဲ့ရသည့် နေရာပင်ဖြစ်သည်။ ဖေဖော်ဝါရီလ(၈) ရက်နေ့တွင် နောက်ဆုံး အသုတ် အရပ်သားများလွတ်လာသည့်အချိန်ထိ မြန်မာစစ်တပ်သည် နေစဉ်လူ ၂၀၀နှုန်းခန့် ကိုသာ သွားခွင့်ပြုခဲ့ခြင်းဖြစ်သည်။[81] ထိုအချိန်မှ မြန်မာစစ်တပ်သည် လူထုအား ဆမတ်ဂိတ်မှ ပေါက်ဝသို့ ပုံမှန်လမ်းကြောင်းအတိုင်း သွားခွင့်ပြုခဲ့ခြင်း ဖြစ်သည်။

[81] Statements of victims witnesses, interviewed and collected by WCECG of LAN Soe Thu Aung. All amber miners trapped in Kachin conflict escape. Mizzima. February 8, 2018. http://www.mizzima.com/news-domestic/all-amber-minerstrapped-kachin-conflict-escape . Accessed March 13, 2018

**မြန်မာစစ်တပ်၏ ခြိမ်းခြောက်မှု၊ ပျောက်ဆုံးစေမှု၊ လူမဆန်စွာပြုမှု နှင့် ခွဲခြားဆက်ဆံမှုများ**

ဇန်နဝါရီလ (၂၈) ရက်နေ့တွင် မြန်မာစစ်တပ်သည် လက်နက်မဲ့ အရပ်သားများကို တွေ့လျှင်တွေ့ခြင်း သေနတ်များဖြင့် ချိန်ရွယ်၍ ခြိမ်းခြောက် အော်ဟစ်မှုများ ပြုလုပ်ခဲ့သည်။"လက်ရှိနေရာမှာပဲ တိတ်တိတ်ဆိတ်ဆိတ် ရပ်နေကြ၊ ဒါ စစ်ဖြစ်နေတဲ့ဇုန်၊ အမိန့်မနာခံရင်ပစ်သတ်ခံရမယ်" စသဖြင့် ခြိမ်းခြောက်ခဲ့သည်။ ပရိုတိုကော အမှတ်(၁) ပုဒ်မ ၄၆ အရ အရပ်သားများအား လေးစားစွာကာကွယ်စောင့်ရှောက်မှု ပေးရမည့် အစား (၄)ကြိမ်မြောက် ဂျီနီဗာကွန်ဗင်းရှင်းကို ချိုးဖောက်ခဲ့ခြင်းဖြစ်သည်။

အရပ်သားများသည် တားဆီးပိတ်ဆို့ထားခံရသောနေရာမှ မလွှတ် မြောက်ခင် မြန်မာစစ်တပ်စခန်းဝင်း အတွင်းသို့ ခေါ်ဆောင်သွားခြင်းခံရသော ကချင်နှင့် ရခိုင်လူမျိုး တချို့မှာ ထိုအချိန်ကတည်းကပင် လုံးဝ ပျောက်ဆုံးသွား ခဲ့သည်။[82] တချိန်ထဲမှာပင် ကေအိုင်အေတပ်ဖွဲ့ဝင်ဖြစ်သည်ဟု သံသယ ဖြစ်ခံရသော အရပ်သား အချို့ကို မြန်မာ စစ်တပ်အရာရှိများက ခြိမ်းခြောက် စစ်ဆေးခဲ့သည်။ ၎င်းသံသယရှိသူများကို အဝတ် ဗလာဖြင့် လမ်းလျှောက် စေခြင်းဖြင့် လူမဆန်စွာခြိမ်းခြောက်ဆက်ဆံခဲ့သည်။ ၅ ယောက် တတွဲခွဲ၍ ညှဉ်းပမ်းနှိပ်စက် စစ်ဆေးခဲ့သည်။ မြန်မာစစ်တပ် တပ်ဖွဲ့ဝင်များသည် အမျိုး သမီးများအား စစ်ဆေးရှာဖွေရာတွင် ခန္ဓာကိုယ်များ ကို အချိန်ကြာမြင့်စွာ စမ်းသပ် ကိုင်တွယ်၊ စစ်ဆေးခြင်းဖြင့်လိင်ပိုင်းဆိုင်ရာ မဖွယ်မရာပြုမူမှုများကို ပြုကျင့် ခဲ့သည်။

ထို့အပြင် ရွှေနှင့်ပယင်းတူးဖော်ရေးလုပ်သားများ တားဆီးပိတ်ဆို့ ခံထားရစဉ် မြန်မာစစ်တပ်သည် ၎င်းတို့ ပိုင်ဆိုင်သော ပယင်းများ၊ မိုဘိုင်းဖုန်းများ၊ မော်တော် ဆိုင်ကယ်များ၊ လည်ဆွဲကြိုးများ၊ ပိုက်ဆံများနှင့် အခြား အသုံးအဆောင်ပစ္စည်းများကို မတရားသိမ်းယူခဲ့သည်။ ဤကဲ့သို့ ဓားပြတိုက်သကဲ့သို့ သိမ်းယူမှုများမှာ တိုင်းရင်းသား နယ်မြေများတွင် ပြုလုပ်သော စစ်ဆင်ရေးများအတွင်း မြန်မာစစ်တပ်များအနေဖြင့် ပုံမှန် ပြုကျင့်မြဲ ဖြစ်သည့် လုယက်မှုမြောက်သော ပြစ်မှုများဖြစ်သည်။

စစ်မက်ဖြစ်ပွားနေသော တိုင်းပြည်တွင်နေထိုင် လင့်ကစား လူတယောက် အနေနှင့် မိသားစုနှင့် စာပေးစာယူ ပြုရန်၊ ဆက်သွယ်ရန်၊ သတင်းအပေးအယူပြုလုပ်ရန် မည်သည့်အဟန့်အတားမျှ မပြုလုပ်ရန်မှာ စစ်မက်ဖက်ပြိုင်နေ သူ အားလုံး လိုက်နာ

---

[82]Interview of victim witnesses by the WCECG

စောင့်ထိန်းရမည့် ကျင့်ဝတ်ဖြစ်သည်။[83] ပိတ်ဆို့ခံ အရပ်သားများထံမှ မိုဘိုင်းဖုန်းများသိမ်းယူခြင်း မှာ ၎င်းတို့၏ မိသားစုနှင့် ဆက်သွယ်ရန် အခွင့်အရေးကို မြန်မာစစ်တပ်က ပြောင်ပြောင်တင်းတင်းချိုးဖောက်ခြင်းဖြစ်သည်။

## ညှဉ်းပမ်းနှိပ်စက်ခြင်း

ပိတ်ဆို့ခံ အရပ်သားများသည် စားနပ်ရိက္ခာအထောက်အပံ့များ လုံးဝမရရှိခဲ့သည့်အပြင် ချက်ပြုတ်ခွင့် လည်းမပေးခဲ့ပေ။ ထို့ကြောင့် ၎င်းတို့ အနေနှင့် ပတ်ဝန်းကျင်အနီးအနားတွင် ရှာဖွေတွေ့ရှိခဲ့သည့် ငှက်ပျော ရိုင်းဖူးများကိုသာ ရှာဖွေစားသောက်ခဲ့ရသည်။ သောက်သုံးရေလုံးဝ မရှိ သဖြင့်လည်း ပိတ်ဆို့ခံ အရပ်သားများမှာ ကျန်းမာရေးထိခိုက်မှု ဆိုးရွားစွာ ခံစားခဲ့ကြရသည်။ ဤသည်မှာလည်း ဂျီနီဗာ သဘောတူညီချက်ကကို ဖောက်ဖျက်ခြင်း ဖြစ်သည်။[84] ရံဖန်ရံခါ ပိတ်ဆို့ခံ အရပ်သားများကို စကားလုံးဝမပြောဆိုဘဲ ၎င်းတို့ ရှေ့မှောက် တွင် နာရီပေါင်းများစွာ မတ်တပ်ရပ်ခိုင်းခြင်းဖြင့်လည်း မြန်မာစစ်တပ်မှ ညှဉ်းပမ်းခဲ့သည်။ ထို့အပြင် ၎င်းတို့ကို အချိန်များစွာ ဒူးထောက်ခိုင်းထားခြင်းဖြင့်လည်း ရုပ်ပိုင်းဆိုင်ရာခံစားထိခိုက်မှု ရှိအောင် ညှဉ်းဆဲခဲ့သည်။ အရပ်သားများအနေနှင့် အင်န်အယ်လ်ဒီ အစိုးရနှင့် မြန်မာစစ်တပ်ထံမှ လူသားခြင်းဆိုင်ရာ အကူအညီ လုံးဝ ရရှိခြင်းမရှိဘဲ ကားလမ်းပေါ်တွင်သာ နေ့နေ့ညည နေခဲ့ရသဖြင့် နေ့အခါ ပူပြင်းသောနေဒဏ်နှင့် ညအချိန်တွင် ချမ်းစိမ့်မှုဒဏ်ကို ခါးစည်းခံစားခဲ့ကြရသည်။ ဤသည်မှာလည်း ညှဉ်းပမ်းမှု နှိပ်စက်မှုမြောက်သော အပြုအမူပင်။

နိုင်ငံတကာဥပဒေအရ ညှဉ်းပမ်းနှိပ်စက်မှုမှာ လူသားဖြစ်တည်မှုကို ဆန့်ကျင်သော ဆိုးရွားပြင်းထန်သည့် ပြစ်မှုကြီးတခုဖြစ်သည်။ ၎င်းတားမြစ် ချက်မှာ ရှေးမဆွကပင် ချက်ခြင်းလိုက်နာရမည့် ဥပဒေဖြစ်ပြီး ကမ္ဘာပေါ်ရှိ မည်သည့် နိုင်ငံမဆို ၎င်းဥပဒေ၏

[83] Commentary on the Geneva Convention of 12, August 1949; published under the general editorship of Jean S. PICTET . Doctor of Laws Directorfor General Affairs of the International Committee of the Red Cross: Geneva Convention: Relative to the Protection of Civilian Persons in Time of War.

[84] ART. 55. -To the fullest extent of the means available to it, the Occupying Power has the duty of ensuring the food and medical supplies of thepopulation; it should, in particular, bring in the necessary foodstuffs, medical stores and other articles if the resources of the occupied territoryare inadequate.

လေးနက်မှုကို အသိအမှတ်ပြုကာ ချိုးဖောက်ကျူးလွန်သူ များအား အပြစ်ပေးအရေး ယူခြင်းမှ ကင်းလွတ်ခွင့်ပြု မထားပေ။ ညှဉ်းပမ်းနှိပ်စက်မှုကို ဂျီနီဗာသဘောတူညီချက် ပုဒ်မ ၃ အပါအဝင် နိုင်ငံတကာလူသားချင်းဆိုင်ရာဥပဒေနှင့် အဓိကကျသော လူ့အခွင့်အရေး ဥပဒေများ၊ ကြေညာစာတမ်းများတွင် ထည့်သွင်းတားမြစ်ထားသည်။

သို့ဖြစ်ရာ မြန်မာစစ်တပ်အနေနှင့် ညှဉ်းပမ်းနှိပ်စက်မှုမျိုးစုံကို တစိုက်မတ်မတ် ထပ်ပြန်တလဲလဲ ကျူးလွန် နေသည်ဆိုခြင်းမှာ သံသယဖြစ်စရာ မရှိပါ။ နောက်ဆက်တွဲ သေဆုံးမှုများ၊ အစပျောက်မှုများကို ဖြစ်ပေါ်စေသည့် မြန်မာစစ်တပ်နှင့်လုံခြုံရေး တပ်ဖွဲ့များကျူးလွန်ခဲ့သော ပိတ်ဆို့ထိန်းချုပ်ထားမှု များမှာ သိသာ ထင်ရှားလွန်းသည့် ညှဉ်းပမ်းနှိပ်စက်မှုများပင် ဖြစ်သည်။

## လူသားချင်းစာနာသောအခွင့်အလမ်းများကို ငြင်းပယ်ခြင်း နှင့် NLD အစိုးရ ၏ တာဝန်ရှိမှု

၂၀၁၇ ဇွန်လ ၉ ရက်နေ့တွင် ကနေဒါရောက် မြန်မာနိုင်ငံသား တဦး၏ မေးခွန်းကို ဖြေကြားရာတွင် နိုင်ငံတော် အတိုင်ပင်ခံပုဂ္ဂိုလ်က ၄င်းအနေနှင့် တနိုင်းမြို့ နယ်ရှိ ပယင်းနှင့်ရွှေမှော်များရှိ တူးဖော်ရေး လုပ်သားများ နစ်နာခံစားချက်များအကြောင်း သတင်းမရသေးကြောင်းနှင့် ၄င်းတို့ကို ထိုဒေသထဲမှ မည်သူက ထွက်ခွာရန် အမိန့် ပေးခဲ့သည်ဆိုခြင်းအပါအဝင် အခြားကိစ္စများကို ဆက်လက်စုံစမ်းသွားမည်ဟု ပြောကြား ခဲ့သည်။[85] ဤဖြစ်ရပ်မှာ ၂၀၁၇ ဇွန်လ ၁၅ ရက်နေ့ နောက်ဆုံး ထား၍ မြန်မာစစ်တပ်မှ ရွှေနှင့်ပယင်း တူးဖော်ရေးလုပ်သားများကို ဒေသတွင်းမှ ထွက်ခွာရန် ရာဇဝတ်မှု မြောက်သည့် ခြိမ်းခြောက်စာများကို ရဟတ်ယာဉ်မှ ကြဲချပြီးနောက် ဖြစ်ပေါ်ခဲ့ ခြင်းဖြစ်သည်။

ကံဆိုးမိုးမှောင်ကျစွာပင် မြန်မာစစ်တပ်က စစ်ရာဇဝတ်ပြစ်မှု တသီတတန်း ကြီးကို ကျူးလွန်ပြီးခဲ့သည့် ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ (၈) ရက်နေ့အထိ သမ္မတ ဦးထင်ကျော်နှင့် နိုင်ငံတော်အတိုင်ပင်ခံ ဒေါ်အောင်ဆန်း စုကြည် ခေါင်းဆောင်သည့် အစိုးရအနေဖြင့် အင္ဂရာယ်ဇုန်အတွင်းမှ အသက်ရှင်သန်ခွင့်၊ လွတ်လပ်ခွင့် နှင့် လုံခြုံမှုအခွင့်အရေးများ ခြိမ်းခြောက်ခံနေရသော အရပ်သားများအား ချက်ခြင်းကူညီ ကယ်ဆယ်ရန် ထိရောက်သော မည်သည့်ပြည်ထောင်စုအဆင့်၊ ပြည်နယ်အဆင့်အရေးယူ ဆောင်ရွက်မှုမျှ မပြုခဲ့။ ထို့အပြင် စစ်ရာဇဝတ်ပြစ်မှု ကျူးလွန်ခံရသော ဒုက္ခသည်များကို မည်သည့် လူသားချင်းစာနာမှု အထောက်အပံ့ အကူ အညီမျှ မပြုလုပ်ပေးခဲ့ပေ။

---

[85] https://www.rfa.org/burmese/news/dassk-canada-06102017071542.html

ဤဆိုးရွားလှသည့် အဖြစ်အပျက်ကို အကြောင်းပြု၍ မြန်မာစစ်တပ်မှ စစ်ရာဇဝတ်မှု ချိုးဖောက်ကျူးလွန်သူများကို ယနေ့အချိန်ထိ ဥပဒေကြောင်းအရ အပြစ်ပေးအရေးယူခြင်း မရှိသေးသော ဒေါ်အောင်ဆန်းစုကြည်ဦးဆောင်သည့် အင်န်အယ်ဒီ အစိုးရသည် နိုင်ငံတကာ ဥပဒေ စံချိန်စံညွှန်းဖြစ်သော အထက်လူကြီးအမိန့်ပေးတာဝန်ရှိမှု သဘော တရားအရ တာဝန်ခံရပေတော့မည်။

ဝန်ကြီးချုပ်ဒေါက်တာခက်အောင် ဦးဆောင်သော အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်လွှမ်းမိုးထားသော ကချင်ပြည် နယ် အစိုးရအနေနှင့်လည်း မြန်မာ စစ်တပ်က အရပ်သား ၄၀၀၀ ခန့်အား ၄င်းဒေသအတွင်း တားဆီးပိတ်ဆို့ ထားခဲ့သည့်သတင်းကို အနည်းဆုံး၄င်းတို့ပါတီမှ အမတ်ဦးဇော်ဝင်းနှင့် ဦးလင်းလင်းဦးတို့ သတင်းပေးချက်အရ မလွဲမသွေသိနေမည် ဖြစ်သည်။

အကယ်၍ ၄င်းတို့ အင်န်အယ်လ်ဒီအစိုးရကိုယ်တိုင် လူသားချင်း စာနာမှုဆိုင်ရာ အကူအညီများ မပေးနိုင် သည့်တိုင် ကချင်နှစ်ခြင်းအသင်းတော်၊ ငြိမ်းချမ်းရေး ညှိနှိုင်းဆောင်ရွက်မှုအဖွဲ့၊ မျိုးရာဇင်လွှန်း အစရှိသည့် လူမှုရေး၊ ဘာသာရေးအသင်း အဖွဲ့များ၏ ကူညီကယ်ဆယ်ရန်ကြိုးစားအားထုတ်မှုများကို အထောက်အကူပြုပေး သင့်သည်။ ကံဆိုးစွာပင် ဤသို့မဖြစ်ခဲ့ပါ။ မြန်မာ စစ်တပ်သည် စစ်ရာဇဝတ်ပြစ်မှုများ ကျူးလွန်သည့် အဓိကအဖွဲ့အစည်း ဖြစ်သည်။ ၄င်းအပြင် အမျိုးသားဒီမိုကရေစီ အဖွဲ့ ချုပ်ဦးဆောင်သော အစိုးရသည်လည်းကောင်း ပြည်နယ်နှင့် ပြည်ထောင်စုအဆင့် ဥပဒေပြု လွှတ်တော်များ အနေနှင့်လည်းကောင်း ၄င်းတို့၏တာဝန်ရှိမှုကိုပါ တာဝန်ခံရ ပေလိမ့်မည်။ အဘယ့်ကြောင့် ဆိုသော် အရပ် သား ၄၀၀၀ ခန့်၏ နစ်နာခံစားရမှု များသက်သာ စေရေးအတွက် မည်သို့သော ထိရောက်သည့် လုပ်ဆောင်မှုမျိုးကိုမျှ နိုင်ငံတော်အနေဖြင့် ပြုလုပ်မပေးခဲ့သည့်အပြင် ကျူးလွန် ဖောက်ဖျက်သူ မြန်မာစစ်တပ် ကိုလည်း တည်ဆဲဥပဒေအရ မည်သို့မျှ ယခုထက်ထိ အရေးယူဆောင်ရွက်ခြင်း မရှိခဲ့ပေ။ နိုင်ငံတော်အဖွဲ့အစည်း အားလုံးအနေနှင့် စစ်ရာဇဝတ်မှုများအတွက် လူမိုက်အားပေး များပင် ဖြစ်နေခဲ့ ပေသည်။

နောက်ဆုံးဖော်ပြခဲ့သည့်အတိုင်း ပိတ်ဆို့ခံအရပ်သားများ၏ ဆင်းရဲ ဒုက္ခများမှာ အရပ်ဖက် အဖွဲ့အစည်းများအပါအဝင် လူသားချင်းစာနာမှုဆိုင်ရာ အကူအညီပေးမှုများကို မြန်မာစစ်တပ်၏ တားဆီးပိတ်ပင်မှုများကြောင့် ပိုမိုဆိုးဝါး ခဲ့ရသည်။ စစ်ဖက်နှင့် အရပ်ဖက်အာဏာပိုင်အဖွဲ့အစည်းများ၏ လူသားချင်း ဆိုင်ရာအကူအညီပေးရန် နှောင့်နှေးမှု၊ တားဆီးပိတ်ဆို့မှုများမှာ တိုင်းရင်းသား ဒေသများတွင် ဖြစ်ပွားနေသော

ပဋိပက္ခများအတွင်း အစဉ်အမြဲမြင်တွေ့နေကြ ပုံမှန်ကိစ္စရပ် တခုကဲ့သို့ပင်ဖြစ်နေ ပေတော့သည်။

**ဂျီနီဗာသဘောတူညီချက်ရှုထောင့်မှ ဥပဒေကြောင်းအရသုံးသပ်ချက်အကျဉ်း။**

မော်တော်ဆိုင်ကယ်များ၊ ကုန်တင်လော်ရီကားများအသုံးမပြုရန် မြန်မာ စစ်တပ်မှ တားဆီးပိတ်ပင်ထား သောကြောင့် လွတ်မြောက်လာသော အရပ်သားများမှာ တနိုင်းချောင်းဘေးလှေဆိပ်ရှိရာ ပေါက်ဝရွာသို့ (၁၀) ကီလိုမီတာခန့်ခရီးကို ခြေလျင်လမ်းလျှောက်၍ လာခဲ့ရသည်။ ထိုမှတဆင့် လှေများဖြင့် တနိုင်းမြို့သို့ လာခဲ့ရသည်။ သက်ကြီးရွယ်အိုများအပါအဝင် အရပ်သားပြည်သူများမှာ ကြာမြင့်စွာ ပိတ်ဆို့ချုပ်နှောင်ခံထားရသောကြောင့် အားအင်ကုန်ခန်းနေရသည့်အပြင် ဤကဲ့သို့ ခရီးဝေး ခြေလျင်လမ်းလျှောက်ရခြင်းကြောင့် ရေနစ်သူ ဝါးကူ၍ထိုးသလိုအဖြစ်မျိုးကြုံခဲ့ရသည်။ ရက်သတ္တ ၃ ပတ်မျှကြာအောင် အစာရေစာပြတ်လပ်မှုနှင့် လူမဆန်စွာ ညှဉ်းပမ်းခံရမှုများ ခါးစည်းခံခဲ့ရသော ပိတ်မိအရပ်သားများမှာ ဖေဖော်ဝါရီလ (၈) ရက်နေ့ရောက် မှပင် တနိုင်းမြို့သို့ ဆိုက်ရောက်လာခဲ့ကြသည်။

မြန်မာနိုင်ငံအနေဖြင့် အများသဘောတူလိုက်နာရမည့် ဂျီနီဗာ သဘောတူညီချက်ပါ ပုဒ်မ- ၃ အပြင်၊ အပိုဒ် (၄)၊ ပုဒ်မ- ၂၃ တွင်ပြဌာန်းချက်အရ စစ်ဘေးဒဏ်သင့်အရပ်သားများအတွက် လူမှုဖူလုံရေးခံစားခွင့် ဖြစ်သော အစားအစာနှင့် အခြားလိုအပ်ချက်များလွတ်လပ်စွာရယူပိုင်ခွင့်ကို စောင့်ထိန်း လိုက်နာရန်တာဝန် အပြည့်အဝရှိသည်။ ကုလသမဂ္ဂလူမှုရေး ပူးပေါင်း ဆောင်ရွက်မှုရုံးမှ ၂၀၁၈ ဖေဖော်ဝါရီလ (၂) ရက်နေ့ထုတ်ပြန်သော တနိုင်းမြို့နယ်နှင့် ဝိုင်းမော်မြို့ နယ်ရှိ အရပ်သားများအတွက် လုံခြုံရေးအစီရင် ခံစာတွင် တနိုင်းဒေသအတွင်း လူမှုရေးဆက်သွယ်ဆောင်ရွက်မှုများကို ကြီးမားစွာ ချုပ်ခြယ်တားဆီးမှု ပြုလုပ်ခဲ့သည်ဟု ပါရှိပါသည်။[86]

ထို့အတူ ဤကဲ့သို့လူသားချင်းစာနာမှုအကြပ်အတည်းများအတွက် မေတ္တာရပ်ခံမှုများလည်း အများအပြား ပေါ်ထွက်လာခဲ့သည်။ ဥပမာအားဖြင့် အမေရိကားနိုင်ငံရောက် ကချင်မဟာမိတ်အဖွဲ့၏ ဇန်နဝါရီလ (၂၆) ရက် ထုတ်ပြန်ချက်နှင့် ကချင်နှင့်အရပ်ဖက်လူ့အဖွဲ့အစည်းများ၏ မဟာဗျူဟာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့၏ ဇန်နဝါရီလ (၂၈) ရက် ကြေညာချက်။ ဖေဖော်ဝါရီလ (၅) ရက်နေ့တွင် ကချင်ပြည်နယ် မြို့တော်

[86] UN OCHA. Myanmar: OCHA Humanitarian Update on the Situation in Kachin State, 2 February 2018. https://reliefweb.int/report/myanmar/myanmarocha-humanitarian-update-situation-kachin-state-2-february-2018 . Accessed March 13, 2018

မြစ်ကြီးနားမြို့တွင် ထောင်ချီသောပြည်သူများမှ ရန်ပြုဖက်ပြိုင်မှုများအမြန်ဆုံး ရပ်ဆိုင်းရန် တောင်းဆို ဆန္ဒပြခဲ့ကြသည်။ ထို့အပြင် ကက်သလစ်၊ နှစ်ခြင်းနှင့် အင်္ဂလိကန် ခရစ်ယာန်အသင်းတော်များစုပေါင်း၍ တနိုင်းတိုက်ပွဲများအတွင်း ပိတ်မိနေသော အရပ်သားများကို အမြန်ဆုံးကူညီ ကယ်ထုတ်ပေးရန် မြောက်ပိုင်းတိုင်း၊ စစ်တိုင်းမှူးထံသို့ မေတ္တာရပ်ခံစာပေးပို့ခဲ့သည်။[87] လွှတ်တော်အမတ်များ၊ ပြည်သူများနှင့် နိုင်ငံတကာနှင့် ပြည်တွင်း အဖွဲ့အစည်းများ၏ တောင်းဆိုမှုများနှင့် ပတ်သက်၍ မြန်မာစစ်ဖက်၊ အရပ်ဖက် အာဏာပိုင်များမှ သိသာသော တုန့်ပြန်အရေးယူဆောင်ရွက်မှုများ တစုံတရာ ပြုလုပ်ပေးခဲ့ခြင်းမရှိပေ။

ခြုံငုံသုံးသပ်ရလျှင် အသက်ရှင်နေထိုင်မှုနှင့် လုံခြုံရေးကို လုံးဝ အရေးမထားဘဲ စစ်မက်ဖြစ်ပွားနေသော ဒေသတွင်းမှ အရပ်သားများကို ကယ်ထုတ်ရန် နှောင့်နှေး၊ တားဆီးပိတ်ပင်မှုများမှာ နိုင်ငံတကာဥပဒေကို ချိုးဖောက်ရာ ရောက်ပါသည်။ ထို့အပြင် ၎င်းမှာစစ်ရာဇဝတ်မှုများအနက် တခုသာဖြစ်သည်။

ပထမဦးဆုံး ဥပဒေကြောင်းအရစဉ်းစားချက်မှာ နိုင်ငံတိုင်းသည် မည်သည့် အခြေအနေမျိုးတွင်မဆို ၎င်း၏စစ်တပ်အပါအဝင် လူသားအဖြစ် အသက်ရှင် ရပ်တည်ခွင့်ကို အကာအကွယ်ပေးရမည် ဆိုသည့် လူ့အခွင့်အရေး ဥပဒေပြဋ္ဌာန်းချက်ပင်ဖြစ်သည်။ ထို့အပြင် ယခုဖြစ်စဉ်တွင် ဂျီနီဗာ သဘောတူညီချက်၏ အဓိက အချက်ဖြစ်သည့် စစ်မက်ဖက်ပြိုင်မှုများတွင် မပါဝင်သောလူတိုင်း လူပီသစွာကောင်းမွန်စွာ ဆက်ဆံခံပိုင်ခွင့် အခွင့်အရေးကို ချိုးဖောက်ခြင်းဖြစ်သည်။ ဤ အခွင့်အရေးမှာ နိုင်ငံတကာမဟုတ်သော လက်နက်ကိုင် ပဋိပက္ခဆိုင်ရာ ဂျီနီဗာသဘောတူညီချက် ပုဒ်မ- ၃ ၏ အခြေခံ အကျဆုံး အချက်ပင်ဖြစ်သည်။

မြန်မာနိုင်ငံသည် ဤသဘောတူညီချက်အားလုံးကို လက်မှတ် ရေးထိုးထားသော နိုင်ငံဖြစ်သည့် အားလျော်စွာ နိုင်ငံ့အာဏာပိုင် ယန္တရားများ ကိုယ်တိုင် ရာဇဝတ်ပြစ်မှုများကို လစ်လျူမရှုသင့်သည့်နည်းတူ ကျူးလွန် ဖောက်ဖျက်သူများကိုလည်း အရေးယူခြင်းမှ ကင်းလွတ်ခွင့်မပြုသင့်ပါ။ ယခုဖြစ်စဉ်တွင် လူ့အခွင့်အရေးနှင့် လူသားချင်းစာနာထောက်ထားမှု ဆိုင်ရာဥပဒေများ၏ အခြေခံအကျဆုံး မူ (၂) ချက်ကို ရည်ရွယ်ချက်ရှိရှိ ပြောင်ပြောင်တင်းတင်း ချိုးဖောက်ခြင်းမှာ ပေါ်လွင်သည့်အပြင် အဓိကကျသော စစ်

[87] Zaw J. Civilians trapped as Myanmar military fights Kachin rebels. UCA News. February 5, 2018. https://www.ucanews.com/news/civilians-trapped-asmyanmar-military-fights-kachin-rebels/81442 . Accessed March 13, 2018

ရာဇဝတ်ပြစ်မှုကြီးများကို အပြည်ပြည်ဆိုင်ရာ တရားစီရင်ပိုင်ခွင့်နယ်ပယ် အခြေခံပေါ်မှ စဉ်းစားပြီး ကျူးလွန်ဖောက်ဖျက်သော စစ်ဖက်နှင့် အရပ်ဖက် ခေါင်းဆောင်များကို နိုင်ငံတကာ (သို့) နိုင်ငံတော်အဆင့် တရားရုံးများတွင် တရားစွဲဆိုမှုနှင့် တရားရင်ဆိုင် စေရန်မှာ အရေးတကာ့ အရေးအကြီးဆုံး အချက်ပင်ဖြစ်သည်။

ထို့အပြင် တနိုင်းဖြစ်စဉ်တွင် အရပ်သားများကို မြန်မာစစ်တပ်က ပိတ်ပင် တားဆီးခြင်းမှာ ညှဉ်းပမ်းနှိပ်စက်မှုမြောက်သည်။ သတင်း အချက်အလက်ရယူ ခြင်းအလို့ငှာ တာဝန်ရှိသူများက ၎င်းတို့လုပ်ပိုင်ခွင့်အရ အရပ်သားများကို ပြင်းထန်စွာ နာကျင်ခံစားစေမှု ဖြစ်စေခဲ့ပါသည်။ မြန်မာ နိုင်ငံသည် "ညှဉ်းပမ်းနှိပ်စက်မှု နှင့် အခြား သော ရက်စက်သည့်၊ လူမဆန်သည့်၊ နှိမ့်ချသည့် ဆက်ဆံမှုများ (သို့)အပြစ်ပေးမှု များဆိုင်ရာ သဘောတူညီချက် စာချုပ်" ကို လက်မှတ်ရေးထိုး ထားခြင်းမရှိသော်လည်း (၎င်းစာချုပ်ကို လက်မှတ်ရေး ထိုးမထားသည့် နိုင်ငံ ၂၇ နိုင်ငံရှိသည်) ၎င်း စာချုပ်ပါ သဘောတူညီချက်များမှာ နိုင်ငံတကာဥပဒေအရ မဖြစ်မနေချက်ခြင်းလိုက်နာ စောင့်ထိန်း ရမည့် နှုန်းစံသတ်မှတ်ချက်များဖြစ်သဖြင့် မြန်မာစစ် ခေါင်းဆောင်များအား ၎င်းစံ သတ်မှတ်ချက်များကို လေးစားလိုက်နာခြင်းမှ ကင်းလွတ်ခွင့် မပေးသင့်ပါ။

ထို့အပြင် ဂျီနီဗာသဘောတူညီချက် အပိုဒ် (၄) ပုဒ်မ- ၂၇ အရ အမျိုးသမီးများကို ဂုဏ်သိက္ခာအရ ဆန့်ကျင်တိုက်ခိုက်ခြင်းမှ ကင်းလွတ်ခွင့် ပေးရမည်ဟု ပါရှိသည်။ မြန်မာစစ်တပ်မှာ ဤအချက်အရလည်း နိုင်ငံတကာ ဥပဒေကို ချိုးဖောက် ကျူးလွန်နေပြန်သည်။

မြန်မာလက်နက်ကိုင်တပ်များသည် ကချင်ပြည်နယ်တွင်သာမက အခြားသော ပဋိပက္ခဖြစ်ပွားနေသောနေ ရာတိုင်းတွင်ပြုလုပ်သည့် စစ်ဆင်ရေး တိုင်းတွင် အရပ်သား များနှင့် အရပ်ဖက်အဆောက်အဦးများကို ဦးတည်ပစ်မှတ် ထားလေ့ရှိခဲ့သည်။ စစ်ရေး ပစ်မှတ်နှင့်အရပ်သားလူထုတို့ကိုမခွဲခြားဘဲ၊ ရည်ရွယ်ချက်ရှိရှိ၊ အကြိမ်ကြိမ်အခါခါ လေကြောင်းမှ တိုက်ခိုက်မှုနှင့် လက်နက်ကြီးများဖြင့်တိုက်ခိုက်မှုများကို ပြုလုပ်ခဲ့သည်။

ရည်ရွယ်ချက်ရှိရှိ အရပ်သားများကို ဦးတည်တိုက်ခိုက်ခြင်းမှာ နိုင်ငံတကာ ပြစ်မှုဆိုင်ရာတရားရုံးများ၏ စီရင်ပိုင်ခွင့်နယ်ပယ်ထဲတွင် အတိအကျ ကျရောက်လျက် ရှိသည်။ နိုင်ငံတကာဥပဒေများအရ နိုင်ငံတကာ စစ်ရာဇဝတ်မှုများနှင့် လူသားဖြစ်မှုကို ဆန့်ကျင်သောရာဇဝတ်မှုများ အတွက် အဓိကတာဝန် အရှိဆုံးပုဂ္ဂိုလ်မှာ အမိန့် ပေးသောစစ်ခေါင်းဆောင်နှင့် ၎င်းအထက်မှ တာဝန်ရှိသော အရပ်ဖက်ခေါင်းဆောင် ပင်ဖြစ်သည်။ နိုင်ငံတကာ လူသားချင်းစာနာထောက် ထားမှုဆိုင်ရာဥပဒေများကို ချိုး

ဖောက်မှုအတွက် သက်ဆိုင်သူမှာ ရာဇဝတ်ကြောင်းအရ တားဆီးပိတ်ပင်ရန်နှင့် အရေးယူရန် ပျက်ကွက်မှုအတွက် စစ်ဖက်ဆိုင်ရာအမြင့်ဆုံး တိုက်ရိုက်တာဝန်ရှိသူနှင့် အစိုးရ အဖွဲ့အတွင်းမှ ၎င်းအထက်တာဝန်ရှိသူဖြစ်သည်။ ထို့အပြင် ရာဇဝတ် ပြစ်မှုများ အကြောင်း သိရှိနိုင်စွမ်းရှိသော အထက်ရာထူးနေရာတွင်ရှိနေသည့် အချက်ကပင် အမိန့် ပေးသူ (သို့) အထက်တာဝန်ရှိသူအနေဖြင့် ၎င်းပြစ်မှုများအတွက် လုံးဝနှင့်တိုက်ရိုက် တာဝန်ရှိမှုအတွက် လုံ လောက်သော အချက်ပင်ဖြစ်သည်။

အထက်ဖော်ပြပါ စက်ဆုပ်ရွံရှာဖွယ် ရာဇဝတ်မှုများ၏အရေးအတွက်မှာ အလွန် တရာ မြင့်မားလှပြီး လွန်ခဲ့သည့်အနှစ် ၃၀ လုံးလုံး မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ လူ့အခွင့်အရေး အထူးကိုယ်စားလှယ်များ၏ အစီရင်ခံစာများနှင့် ကုလသမဂ္ဂ အစည်းဝေး ဆုံးဖြတ်ချက်များတွင် အစဉ်တစိုက်ဖော်ပြခဲ့ပြီး ဖြစ်သည်။[88] မြန်မာစစ်ခေါင်းဆောင်များနှင့် နိုင်ငံ တော် အဖွဲ့အစည်းများက ဤအရေးယူဆောင်ရွက်ချက်များကို မျက်ကွယ်ပြု ခဲ့ကြ သဖြင့် ဤရာဇဝတ်မ ကြီးများမှာ တဖြည်းဖြည်းပြင်းထန်ဆိုးဝါးသော အခြေအနေ သို့ ရောက် ခဲ့ရသည်။ သို့ဖြစ်၍ ကုလသမဂ္ဂနှင့် နိုင်ငံတကာမိသားစု၏ တိကျထိရောက် သော ပိုမိုအရေးယူဆောင်ရွက်မှုများ လုံးဝလိုအပ်နေသော အခြေအနေသို့ရောက်ရှိ နေပေပြီ။

## ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ သုံးသပ်ချက်အကျဉ်း

ဒေါ်အောင်ဆန်းစုကြည်ဦးဆောင်သော အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ်အစိုးရ အနေနှင့် အမှန်တကယ် မဟုတ်ဘဲ ရုပ်ပြအပေါ်ယံအာဏာ ရရှိလာသောအချိန်မှစ၍ တိုင်းရင်းသားပြည်နယ်များရှိ တိုင်းရင်းသား လူမျိုးစုများနှင့် တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့များကို ဆန့်ကျင် ပြုလုပ်နေသည့် မြန်မာစစ်တပ်၏ လူမဆန်သော စစ်ရေးတိုက်ခိုက်မှုများအတွက် တကြိမ်တခါမျှ ကြေညာချက်ထုတ်ပြန် တားဆီးခဲ့ဖူးခြင်းမရှိပေ။ အကြောင်းမှာ ဤသို့လုပ် ဆောင်နိုင်ရန် ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေအောက်တွင် တားဆီးပိတ်ပင်ထားသောကြောင့်ဖြစ်သည်။ ထိုနည်း၎င်းပင် မြန်မာစစ်တပ်နှင့် စစ်တပ်ကာကွယ်ရေး ဦးစီးချုပ်၏ ထောက်ခံမှုမပါဘဲ လက်ရှိနှင့် နောင်လာ လတ္တံ့သော မည်သည့် အစိုးရမျှ ၎င်းတို့ဘာသာ ရပ် တည်နိုင်မည် မဟုတ်ချေ။ သို့ဖြစ်၍ မည်သို့ပင် ပြည်သူလူထုဆန္ဒနှင့်အညီ ရွေးကောက်ခံထားရသည်ဖြစ်စေ

[88] A comprehensive list of reports and resolution is available on the UN OHCHR web site. http://ap.ohchr.org/documents/dpage_e.aspx?c=125&su=129 .Accessed March 20, 2018

စစ်ရာဇဝတ်မှုကျူးလွန်မှုများ ဖြစ်ပေါ်နေသည့်ကြားမှပင် မြန်မာစစ်တပ်နှင့် လိုက်လျော ညီထွေ ဖြစ်အောင် ရေငုံနှုတ်ပိတ်နေရပေလိမ့်မည်။

၂၀၁၅ခုနှစ်၊ ဇန်နဝါရီလ (၁၉) ရက်နေ့တွင် ဖြစ်ပွားခဲ့သည့် ကချင် အမျိုးသမီးကျောင်းဆရာမနှစ်ဦး မုဒိမ်းကျင့်သတ်ဖြတ်ခြင်း ခံခဲ့ရသည့် ကောင်းခါးရာဇဝတ် မှုကြီးနှင့်ပတ်သက်၍ အရေးယူဆောင်ရွက်ရန် ကချင်ပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာ ခက်အောင်အား ကချင်နှစ်ခြင်း ခရစ်ယန်အဖွဲ့ချုပ် အသင်းတော်လူကြီး များက မေတ္တာရပ်ခံခဲ့သည်။ ဤတွင် ၎င်းက ၂၀၁၅ ရွေးကောက်ပွဲအနိုင်ရရှိပြီး အာဏာလွှဲ ပြောင်းမရယူမီချိန် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အစိုးရအနေဖြင့် စစ်ရေးစစ်ရာကိစ္စ အားလုံးတွင် ဝင်ရောက်စွက်ဖက်မှု လုံးဝ ပြုလုပ်မည် မဟုတ်ဟု မြန်မာစစ်တပ် ခေါင်းဆောင်များနှင့် စေ့စပ်ညှိနှိုင်း သဘောတူညီချက်ရယူထားခဲ့ ရကြောင်း ၎င်းအနေဖြင့် မည်သို့မျှဆောင်ရွက်မပေးနိုင်ကြောင်း ကချင်နှစ်ခြင်းခရစ်ယာန် အဖွဲ့ချုပ်အသင်းတော် လူကြီးများကို ပြောကြားခဲ့သည်။[89] သို့ဖြစ်၍ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအောက် ရွေးကောက်ပွဲများမှ ဖြတ်သန်း ပေါ်ထွက်လာမည့် ယခုလက်ရှိနှင့်အနာဂါတ် မည်သည့် အစိုးရမဆို ဖွဲ့စည်းပုံဥပဒေ အကန့်အသတ် အရပင် စစ်မှန်သောလုပ်ပိုင်ခွင့်အာဏာ ရရှိလိမ့်မည်မဟုတ်ပါ။ စစ်မှန်သော ဒီမိုကရက်တစ်ဖက်ဒရယ် ပြည်ထောင်စု တည် ဆောက်နိုင်မည့်အစား စစ်အာဏာရှင်စနစ်ကိုသာ ခိုင်မာအောင် အလုပ်အကျွေးပြုရင်းနှင့် အဆုံးသတ် ရမည်သာဖြစ်သည်။

အလားတူအခြေအနေမျိုးကို ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ အောက်တွင် ရွေးကောက်တင်မြှောက်ခံရသော ဥပဒေပြုအမတ်များအားလုံး ကြုံတွေ့ရမည်ဖြစ်သည်။ အင်န်အယ်လ်ဒီပါတီအမတ် ဦးဇော်ဝင်းနှင့် ဦးလင်းလင်းဦးတို့ ဖြစ်စဉ်ကို လေ့လာ ကြည့်ပါက ရွေးကောက်တင်မြှောက်ခံ အမတ်ဆိုသည်မှာ ယခင်နှင့်ယခု မြန်မာစစ်တပ် တပ်မှူးများ ကျူးလွန် ဖောက်ဖျက်သော စက်ဆုပ်ရွံရှာဖွယ် စစ်ရာဇဝတ်မှုကြီးများကို အကာ အကွယ်ပေးရင်း မြန်မာစစ်တပ်၏ စစ်ဆင်ရေး လုပ်ငန်းများကို ထောက်ခံသော အလုပ်ကို လုပ်ရန်မှတပါး အခြားမရှိဟု ကောက်ချက်ဆွဲနိုင်သည်။

သို့ဖြစ်ရကား လာမည့် ၂၀၂၀ ရွေးကောက်ပွဲအပါအဝင် ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေအောက်တွင် ပြုလုပ်မည့် မည်သည့်ရွေးကောက်ပွဲများ တွင်မျှ ပါဝင် ယှဉ်ပြိုင်ပြီး အာဏာမဲ့ အတုအယောင်အစိုးရ ဖွဲ့စည်း ကြိုးစားမှုများ မပြုသင့်ပါ။ ၎င်းအစား တရားဥပဒေစိုးမိုးရေး အခြေခံကို အာမခံချက်ပေးနိုင်သည့် လွတ်လပ်၊ ဘက်မလိုက်၊

---

[89] Statement made by one of the leaders of the KBC

ထက်မြက်သည့် တရားစီရင်ရေးစနစ်တရပ် ပေါ်ထွန်းလာရန် ကြိုးပမ်းသင့်ပါသည်။ ပြည်နယ် အချုပ်အခြာအာဏာနှင့် လူထု၏အချုပ်အခြာအာဏာတို့ကို ကျင့်သုံးမည့် တိုင်းရင်းသားပြည်နယ်များ ရှုထောင့် အခြေခံမှ ချဉ်းကပ်ဖော်ထုတ်သော ဖက်ဒရယ် ပြည်ထောင်စု တည်ဆောက်ရေးအခြေခံမှုများပေါ်ထွက်လာ နိုင်စေရေးအတွက် တိုင်းရင်းသား လူမျိုးစုံ အင်အားစုအားလုံး ကြိုးပမ်းအားထုတ်သင့်ပါသည်။

## အခန်း (၇)
## အကြီးအကဲအဖြစ် အမိန့်ပေးပိုင်ခွင့်ရှိခြင်းကြောင့်တာဝန်ခံမှု နှင့် အမိန့်စီးဆင်းမှု

အကြီးအကဲအဖြစ် အမိန့်ပေးပိုင်ခွင့်ရှိခြင်းကြောင့် တာဝန်ခံမှု ဥပဒေသသည် နိုင်ငံတကာစံချိန်စံညွှန်း များကို ကျယ်ပြန့်စွာ ကိုးကားထားသည် ဖြစ်ရာ ကြမ်းကြုတ်ရက်စက်သော လူ့အခွင့်အရေးများချိုးဖောက်မှုများ နှင့် ပတ်သက်လျှင် ယင်းကို အသုံးပြုရန်မှာ လက်တွေ့ကျပြီး သင့်လျော်ပေသည်။

နိုင်ငံတကာဥပဒေတွင် ကျင့်သုံးသော **အကြီးအကဲအဖြစ် အမိန့်ပေးပိုင် ခွင့်ရှိခြင်းကြောင့် တာဝန်ခံမှု ဥပဒေသ** အရ အထက်အဆင့်က အရေးယူဆောင်ရွက်ရန် ပျက်ကွက်ခြင်းသည်လည်း တာဝန်ရှိသည့်ပုံစံ တခုအဖြစ် ပါဝင်နေပေသည်။ အထက်အဆင့် အကြီးအကဲသည် အောက်အဆင့် တာဝန်ရှိသူများ၏ ပြစ်မှုကျူးလွန်မှုများကို သိလျက်နှင့် ယင်းပြစ်မှုများကို ကာကွယ်ရန် သို့မဟုတ် အောက်အဆင့်တာဝန်ရှိသူများကို အရေးယူရန် ပျက်ကွက်ခဲ့ပါက ထိုအကြီးအကဲသည် တာဝန်အရ ပြစ်မှုကျူးလွန်ရာ ရောက်ပေသည်။

၁။ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ National Defense & Security Council (NDSC) အကြီးအကဲအဖြစ် အမိန့်ပေးပိုင်ခွင့်ရှိခြင်းကြောင့် တာဝန်ခံမှုဥပဒေသ အရ တာဝန်အရှိဆုံး အမိန့်ပေးမှုမှာ မြန်မာနိုင်ငံ၏ လက်ရှိ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအောက်တွင် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေး ကောင်စီ ကာ/လုံ (NDSC) ဖြစ်သည်။ ယင်းတွင် အောက်ပါအဖွဲ့ဝင်များ ပါဝင်သည်။[90]

(က) ဦးထင်ကျော်၊ သမ္မတ။
(ခ) ဦးမြင့်ဆွေ၊ ဒုတိယ သမ္မတ (၁)
(ဂ) ဦးဟင်နရီ ဗန်ထီးရို၊ ဒုတိယ သမ္မတ (၂)
(ဃ) ဦးဝင်းမြင့်၊ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ
(င) မန်းဝင်းခိုင်သန်း၊ အမျိုးသား လွှတ်တော် ဥက္ကဋ္ဌ
(စ) ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ကာကွယ်ရေး ဦးစီးချုပ်
(ဆ) ဒု-ဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ဒုတိယ ကာကွယ်ရေး ဦးစီးချုပ်
(ဇ) ဒု-ဗိုလ်ချုပ်ကြီး စိန်ဝင်း၊ ကာကွယ်ရေး ဝန်ကြီး

[90] ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံ ဖွဲ့စည်းပုံ အခြေခံဥပဒေ (၂၀၀၈) အခန်း ၅၊ ပုဒ်မ ၂၀၁။ http://www.burmalibrary.org/docs5/Myanmar_Constitution-2008-en.pdf

(ဈ) ဒေါ်အောင်ဆန်းစုကြည်၊ နိုင်ငံခြားရေး ဝန်ကြီး
(ည) ဒု-ဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ ပြည်ထဲရေးဝန်ကြီး
(ဋ) ဒု-ဗိုလ်ချုပ်ကြီး ရဲအောင်၊ နယ်စပ်ရေးရာ ဝန်ကြီး

ကာ/လုံတွင် သမ္မတ ဦးထင်ကျော်၏ ရာထူးတာဝန် ၃ ခုမှာ ပြည်ထောင်စု၏ ဥသျှောင်၊ ပြည်ထောင်စု အစိုးရ၏ အကြီးအကဲ နှင့် ကာကွယ်ရေးနှင့် လုံခြုံရေး ကောင်စီအား ဦးဆောင်သူတို့ဖြစ်ရာ သူသည် လူပုဂ္ဂိုလ်အရ အမြင့်ဆုံး တာဝန်ရှိသူဖြစ်သည်။[91] တချိန်တည်းမှာပင် ဒေါ်အောင်ဆန်းစုကြည်သည် အဖွဲ့အစည်း၏ အဖွဲ့ဝင် ဖြစ်သော နိုင်ငံခြားရေးဝန်ကြီးဖြစ်ရုံသာမက ပြည်ထောင်စု အဂ္ဂါစဉ်တွင် သမ္မတပြီးလျှင် ဒုတိယ အမြင့်ဆုံး ရာထူးဖြစ်သည့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်တာဝန်ကို ရယူထားသည်ဖြစ်ရာ သူမသည် ဒုတိယ တာဝန် အရှိဆုံးဖြစ်သည်။[92] ကာ/လုံ အဖွဲ့ဝင် များအားလုံးသည် ဖွဲ့စည်းပုံအခြေခံဥပဒေအရနှင့် အဖွဲ့အစည်းအရ အထက်အဆင့် တာဝန်ခံမှုကို မျှဝေယူရမည်ဖြစ်သည့်အပြင် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် တဖက်တွင် နိုင်ငံ၏ လက်နက်ကိုင်အဖွဲ့အစည်းများ၏ ကာကွယ်ရေးဦးစီးချုပ် ဖြစ်သဖြင့် ဤကြမ်းကြုတ် ရက်စက်သော ရာဇဝတ်မှုများအားလုံးအပေါ် ဥပဒေကြောင်းအရ လက်တွေ့တွင် တာဝန်ခံရမည်။[93]

မြန်မာ့တပ်မတော်က ကြမ်းကြုတ်ရက်စက်သော စစ်ရာဇဝတ်မှုများ ကျူးလွန် ခဲ့သည့် ရှမ်းပြည်နယ် မြောက်ပိုင်းနှင့် ကချင်ပြည်နယ်စစ်ဆင်ရေးများ မတိုင်မီနှင့် နောက်ပိုင်းတွင် ကာ/လုံ အစည်းအဝေးနှင့် ပတ်သက်၍ နိုင်ငံတော် အဖွဲ့အစည်းများ သို့မဟုတ် မီဒီယာများက တရားဝင် ထုတ်ပြန်ကြေညာထားခြင်း မရှိပါ။ အထက်အဆင့် တာဝန်ခံမှုဥပဒေသကို လိုက်နာရမည်ဖြစ်သော်လည်း နိုင်ငံတော်၏ အမြင့်ဆုံး အာဏာပိုင် အဖွဲ့အစည်းများဖြစ်သည့် ကာလုံ၊ လွှတ်တော်နှင့် အစိုးရတို့သည် ယင်းပြည်နယ်များတွင် ကျူးလွန်ခဲ့သော စစ်ရာဇဝတ်မှုကြီးများနှင့် စပ်လျဉ်း၍ လုံးဝ တားဆီးစွက်ဖက်ခြင်း မရှိခဲ့ပါ။

ကာလုံ အစည်းအဝေးခေါ်သည် ဖြစ်စေ မခေါ်သည်ဖြစ်စေ၊ **အကြီးအကဲအဖြစ် အမိန့်ပေးပိုင်ခွင့် ရှိခြင်းကြောင့်တာဝန်ခံမှု** ဥပဒေသအရ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ


[91] ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံ ဖွဲ့စည်းပုံ အခြေခံဥပဒေ (၂၀၀၈) အခန်း ၅၊ ပုဒ်မ ၁၉၉၊ ၂၀၀၊ ၂၀၁။ http://www.burmalibrary.org/docs5/Myanmar_Constitution-2008-en.pdf
[92] ပြည်ထောင်စု မြန်မာနိုင်ငံ သမ္မတရုံး၊ အမိန့်အမှတ်- ၃၂/၂၀၁၆။ ၂၀၁၆ ခုနှစ် ဖွန်လ ၃ ရက်။ ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံ အမိန့်ပြန်တမ်း ၂၀၁၆ ခုနှစ် ဇူလိုင် ၈ ရက်။
[93] ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံ ဖွဲ့စည်းပုံ အခြေခံဥပဒေ (၂၀၀၈) အခန်း ၇၊ ပုဒ်မ ၃၃၈။ http://www.burmalibrary.org/docs5/Myanmar_Constitution-2008-en.pdf

အခြေခံဥပဒေအောက်တွင် ယင်း ကြမ်းကြုတ် ရက်စက်သော စစ်ရာဇဝတ်မှုများ အားလုံးအတွက် တာဝန်အရှိဆုံး အထက်အဖွဲ့အစည်းမှာ အမျိုးသား ကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ ကာ/လုံ (NDSC) ဖြစ်သည်။ သို့ဖြစ်ရာ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ အဖွဲ့ဝင်အားလုံး အထူးသဖြင့် ဦးထင်ကျော်၊ ဒေါ်အောင်ဆန်းစုကြည်၊ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်တို့က တာဝန်ခံကြရမည်။

၂။ ကာကွယ်ရေး ဦးစီးချုပ်ရုံး

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံ ဥပဒေအရ ဤစစ်ရာဇဝတ်မှုများအတွက် ဒုတိယ တာဝန်အရှိဆုံး အဖွဲ့အစည်းမှာ အထူးသဖြင့် လက်တွေ့တာဝန်နှင့် လုပ်ငန်းများအရ မြန်မာ့တပ်မတော် (တရားဝင် အခေါ် အဝေါ်အရ တပ်မတော်) ဖြစ်သည်။ ဖွဲ့စည်းထားသော အမိန့်စီးဆင်းမှုအရ ကာကွယ်ရေး ဦးစီးချုပ်ရုံးသည် အမိန့်နှင့် ထိန်းချုပ်မှုအတွက် အမြင့်ဆုံး နေရာတွင် ရှိသည်။

**အကြီးအကဲအဖြစ် အမိန့်ပေးပိုင်ခွင့်ရှိခြင်းကြောင့်တာဝန်ခံမှု ဥပဒေသ** အရ သမ္မတ ဦးထင်ကျော်နှင့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့သည် ကာ/လုံတွင် အထက်အရာရှိများဖြစ်ပြီး ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်းတို့မှာ လက်အောက်ငယ်သားများဖြစ်သည်။ အလားတူပင် ကာကွယ်ရေး ဦးစီးချုပ်ရုံးဖွဲ့စည်းပုံအရ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ဗိုလ်ချုပ်ကြီး မြထွန်းဦး[94]၊ ဒုတိယ ဗိုလ်ချုပ်ကြီး သန်းထွန်းဦး[95] နှင့်







94 General Mya Tun Oo, Chief of the General Staff (Army, Navy and Air)

95 Lieutenant General Than Tun Oo, Chief of the No. (2) Bureau of Special Operations (BSO) who oversaw all of the military operations under the North Eastern Command, Central Eastern Command, Eastern and Triangle Region Command.

ဗိုလ်မှူးချုပ် ကျော်စွာလင်း[96]တို့မှာ (ပုံ-၁ တွင် ပြထားသည့် အထက်မှ အောက် အဆင့်ဆင့်အရ) အထက်အရာရှိများဖြစ်ပြီး ဗိုလ်ချုပ် ဘုန်းမြတ် သည် လက်အောက် ငယ်သား ဖြစ်သည်။
အလားတူပင် ဗိုလ်ချုပ်ဘုန်းမြတ်နှင့် ဗိုလ်မှူးချုပ်ကျော်ကျော်စိုး[97] တို့မှာ အရှေ့မြောက်တိုင်း စစ်ဌာနချုပ်တွင် အထက်အရာရှိ များဖြစ်ပြီး ဗိုလ်မှူးချုပ် ခင်လှိုင်[98]၊ ဒုတိယ ဗိုလ်မှူးကြီး ရဲသွေးအောင်[99] နှင့် ဗိုလ်မှူးစစ်ကိုကို[100] တို့မှာ လက်အောက်ငယ်သား များအဖြစ်တာဝန်ရှိ ကြသည်။ ၎င်းတို့သည်လည်း အလားတူ ဆက်လက်၍ တာဝန်ရှိ ကြသည်။ (ပုံ ၂ တွင်ကြည့်ပါ။)

## နိဂုံးချုပ် သုံးသပ်ချက်။

၁။ မြန်မာ့တပ်မတော်ခေါင်းဆောင်များသည် သိလျက်ဖြစ်စေ မသိဘဲ လျက်ဖြစ်စေ လူမျိုးကြီးဝါဒကို ကျင့်သုံးပြီး ပြည်သူလူထု၏ နေ့စဉ်ဘဝ အတွင်းသို့ လူမှုမီဒီယာ အသုံးပြုမှု အပါအဝင် နည်းလမ်းမျိုးစုံဖြင့် အစွန်းရောက်အမျိုးသားရေးဝါဒကို သွပ်သွင်းခဲ့သည်။ မြန်မာစစ်တပ်သည် တိုင်းရင်းသား ပြည်နယ်များတွင် ဖြစ်ပွား နေသော စစ်ရာဇဝတ်မှုများ အပါအဝင် လူ့အခွင့်အရေးကိစ္စများအပေါ် အာရုံလွှဲသည့် အနေဖြင့် ရခိုင် ပြည်နယ်တွင် ရိုဟင်ဂျာများကို ခါးစာခံပြုလျက် အစွန်းရောက်

[96] Brigadier General Kyaw Zwa Lin (BC/25074)(DSA-35), General Staff (Brigadier General) Office of the Commander-in-Chief (Army) and Commander, No. (6) Military Operational Command (MOC) until he was promoted to Major General rank as the Commander of Central Command on January 2, 2018.

[97] ဗိုလ်မှူးချုပ် ကျော်ကျော်စိုး၊ ဒု-တိုင်းမှူး၊ အရှေ့မြောက်တိုင်း စစ်ဌာနချုပ်၊ လားရှိုး။

[98] ဗိုလ်မျူးချုပ် ခင်လှိုင်၊ မုံးကိုး တိုက်ပွဲများ ဖြစ်ပွားချိန်တွင် တပ်မှူး၊ အမှတ် ၉၉ ခြေမြန်တပ်မ။ ဖြစ်ပြီး ၂၀၁၇ ခုနှစ် မေလတွင် အရှေ့မြောက်ပိုင်းတိုင်း တိုင်းမှူး ဖြစ်လာသည်။

[99] ဒုတိယ ဗိုလ်မှူးကြီး ရဲသွေးအောင်၊ မုံးကိုး တိုက်ပွဲများ ဖြစ်ပွားချိန်တွင် ယာယီ နည်းဗျူဟာမှူး၊ အမှတ် ၉၉ ခြေမြန်တပ်မ၊ဖြစ်ပြီး အမှတ် ၉၉ ခြေမြန်တပ်မ၏ နည်းဗျူဟာမှူးအဖြစ် ဗိုလ်မှူးကြီး ရာထူးသို့တိုးမြင့်သွားသည်။ မုံးကိုးတိုက်ပွဲတွင် ဒဏ်ရာရရှိခဲ့ပြီး မုံးကိုး တိုက်ပွဲတွင် သူ၏ စွမ်းဆောင်မှုအတွက် သူရဲကောင်းမှတ်တမ်းဝင် တံဆိပ် ရရှိသည်။ ယခုအခါ သူ့ကို ပြည်ထဲရေး ဝန်ကြီးဌာန အထွေထွေ အုပ်ချုပ်ရေးဌာနတွင် ညွှန်ကြားရေးမှူးအဖြစ် ပြောင်းရွှေ့ခန့်ထားသည်ဟု ယုံကြည်ရသည်။

[100] ဗိုလ်မှူး စစ်ကိုကို၊ မုံးကိုးတိုက်ပွဲ ဖြစ်ပွားချိန်တွင် မုံးကိုးဗျူဟာကုန်း ရှေ့တန်း တပ်မှူး ဖြစ်ပြီး အရပ်သားများကို လူသားဒိုင်းအဖြစ် ရက်ရက်စက်စက် အသုံးပြုမှု အပါအဝင် ကြမ်းကြုတ်ရက်စက်သော စစ်ရာဇဝတ်မှုများ အတွက် တိုက်ရိုက်တာဝန်အရှိဆုံး ရှေ့တန်းမှူးဖြစ်သည်။

အမျိုးသားရေး ဝါဒကို လုံခြုံဆော်ပေးနေသည်။ ထို့အပြင် မြန်မာစစ်အုပ်စုသည် မိမိတို့ကိုယ်ကို နိုင်ငံကိုကာကွယ်နိုင်သော တစ်ခုတည်းသော အဖွဲ့အစည်းအဖြစ် ပုံဖော်လျက် ရှိသည်။ သို့ဖြင့် နက်ရှိုင်းကျယ်ပြန့်သော လူ့အခွင့်အရေး ချိုးဖောက်မှုများ အပါအဝင် လက်ရှိအချိန်ထိ ၎င်းတို့၏ လုပ်ဆောင်ချက်များအား လိုအပ်ချက်အရ လုပ်ဆောင်ရသည့် သဘောမျိုးဖြင့် ကျိုးကြောင်းပြရန် ကြိုးပမ်းလျက်ရှိသည်။

၂။ တိုင်းရင်းသား လက်နက်ကိုင် တော်လှန်ရေး အဖွဲ့အစည်းများနှင့် တိုင်းရင်းသား နိုင်ငံရေး ပါတီများအနေဖြင့် လူ့အခွင့်အရေးများနှင့် စပ်လျဉ်း၍ လုံလောက်သော မေးခွန်းထုတ်မှုများ မရှိသေး။ ထို့အပြင် တိုင်းရင်းသား နိုင်ငံရေးအခွင့်အရေးများကို လူ့အခွင့်အရေးများနှင့် ပေါင်းစပ်ရန် လုံလောက်သော အားထုတ်မှုလည်း မရှိသေးပေ။ ဥပမာ- ငြိမ်းချမ်းမှု ရှာဖွေရေး လုပ်ငန်းစဉ်ဟု ခေါ်ဆိုသော လုပ်ငန်းစဉ် တစ်ခုလုံးအတွင်း လူ့အခွင့် အရေးနှင့် ပတ်သက်သည့် ဆွေးနွေးမှုများ မရှိသေး သကဲ့သို့ ကာကွယ်ရေး ဦးစီးချုပ် မင်းအောင်လှိုင်က ငြိမ်းချမ်းရေးစာချုပ်အဖြစ် အသုံးပြု စွဲကိုင်ထားသော တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘော တူစာချုပ် (NCA) တွင် ယခင်က ဖြစ်ပွားခဲ့သော လူ့အခွင့်အရေး ချိုးဖောက်မှုများကို မည်သို့ ကိုင်တွယ်မည် ဆိုသည့် စာတကြောင်းမျှပင် ထည့်သွင်းရေးသားထားခြင်း မရှိပေ။

၃။ "အစိုးရ၏ ပထမ တာဝန်မှာ သူ၏ နိုင်ငံသားများကို ကာကွယ်ရန် ဖြစ်သည်။"[101] ရှေးခေတ် လူ့အသိုင်းအဝိုင်း ပေါ်ထွန်းလာသည်မှစ၍ အသက်၊ လွတ်လပ်ခွင့်နှင့် ပြည်သူတို့၏ ဥစ္စာပစ္စည်းများကို ကာကွယ်ခြင်းသည် ကမ္ဘာတဝှမ်းရှိ မည်သည့် အစိုးရအတွက်မဆို အဓိက တာဝန်ဖြစ်သည်။ ယင်းအခြေခံအရ ပြည်သူက ရွေးကောက်တင်မြှောက်ထားသော လွှတ်တော် ကိုယ်စားလှယ်များသည် အုပ်ချုပ်ရေး အာဏာပိုင်များကို အလေးအနက် မေးခွန်းထုတ်ရန် လိုအပ်နေသည်။ ကံအကြောင်း မလှစွာပင် ၂၀၀၈ ဖွဲ့စည်းပုံ၏ တင်းကြပ်သော ကန့်သတ်မှုအောက်တွင် နိုင်ငံတော်၏ မဏ္ဍိုင်နှစ်ရပ်စလုံးက စစ်ရာဇဝတ်မှုများနှင့် ပတ်သက်၍ မည်သည့် လုပ်ဆောင်မှုမျှ မရှိသေးပေ။

၄။ အုပ်ချုပ်ရေးနှင့် တရားဥပဒေပြုရေး မဏ္ဍိုင်များနှင့် အလားတူပင် နိုင်ငံတော်၏ တရားစီရင်ရေးမဏ္ဍိုင် တွင်လည်း ကြမ်းကြုတ်ရက်စက်သော ရာဇဝတ်မှု ကျူးလွန်သူ များအပေါ် ထိရောက်စွာ အရေးယူရန် တာဝန်ရှိပေသည်။ ယင်းသို့ မဏ္ဍိုင် နှစ်ရပ်လုံး

[101] https://scholarship.law.duke.edu/cgi/viewcontent.cgi?article=3172&context=dlj

က ရေငုံနှုတ်ပိတ်နေသည့် အခြေအနေ အောက်တွင် တရားစီရင်ရေးသည် တရားစီရင်ရေးဆိုင်ရာ လှုံ့ဆော်လှုပ်ရှားမှု များဖြင့် အစပျိုးမှုကို လုပ်ဆောင် သင့်သည်။[102] သို့ရာတွင် ကျူးလွန် ခံရသူများကို ကာကွယ်ပြီး ချိုးဖောက်သူများကို အပြစ်ပေး အရေးယူ ရမည့်အစား တရားစီရင်ရေးမဏ္ဍိုင်သည် ပြစ်မှုကျူးလွန်ခံရသူများ နှင့် ၎င်းတို့ အား စေတနာ့ဝန်ထမ်းကူညီနေသူများကို အပြစ်ပေးလျက်ရှိသည်။

၅။ ၁၉၉၂ ခုနှစ် မှစ၍ မြန်မာနိုင်ငံသည် ဂျီနီဗာသဘောတူစာချုပ် အဖွဲ့ဝင်နိုင်ငံ ဖစ်ခဲ့သည်။[103] သို့ဖြစ်ရာ ဥပဒေပြုမှုအဖွဲ့အနေဖြင့် နိုင်ငံတကာ ဥပဒေကို လေးစားကြောင်း ပြသဖို့ရန်အတွက် ဂျနီဗာသဘောတူ စာချုပ်နှင့်အညီ နိုင်ငံတကာ လက်နက်ကိုင်ပဋိပက္ခမဟုတ်သည့် အခြေအနေတွင် အရပ်သားများကို အကာအကွယ် ပေးနိုင်ရန် အနည်းဆုံး အနေဖြင့် စစ်ဘက်ဆိုင်ရာဥပဒေကို ပြဌာန်းရန် တာဝန်ရှိသည်။

၆။ မြန်မာ့တပ်မတော်က ကျူးလွန်သော စစ်ရာဇဝတ်မှုများနှင့် ပတ်သက်၍ မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေ ဖြစ်သော ၁၉၅၉ တပ်မတော်ဥပဒေတွင် မည်သည့် ပြဌာန်းချက်မှ ပါဝင်ခြင်းမရှိပေ။ သို့ဖြစ်ရာ အဆင့်မြင့် စစ်အရာရှိများသည် တပ်မတော် လုပ်ထုံးလုပ်နည်း ပုဒ်မ ၁၇၆ သို့မဟုတ် သူတို့၏ စစ်စည်းကမ်းများကို အသုံးပြုလျက် ၎င်းတို့၏ လက်အောက် ငယ်သားများကို စုံစမ်းစစ်ဆေးပြီး အပြစ်ပေး အရေးယူရန် အခွင့်အာဏာ မရှိပေ။ မြန်မာနိုင်ငံ၏ ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေ၏ ပုဒ်မ ၂၉၃(ခ) နှင့် ၃၁၉ တို့အရ တည်ရှိသော လက်ရှိ စစ်ခုံရုံးများတွင် အထက်ဖော်ပြပါ ရက်စက်ကြမ်းကြုတ်သော ရာဇဝတ်ပြစ်မှု များကို တရားစီရင်နိုင်ရန် အခွင့်အာဏာမရှိပေ။ သို့ဖြစ်ရာ အစိုးရအနေဖြင့် ယင်း ရာဇဝတ်မှုများကို တားဆီး ကာကွယ် အပြစ်ပေး အရေးယူရန် တာဝန်ကို ကျေပွန်ကြောင်း သက်သေပြလိုပါက ကုလသမဂ္ဂ အချက်အလက် စုံစမ်းရှာဖွေရေး ကော်မရှင်၏ အကူအညီကို ရယူရမည်။

၇။ ပြည်တွင်းစစ်ချုပ်ငြိမ်းရေးနှင့် လူ့အခွင့်အရေး အဆင့်အတန်းတို့၏ ဆက်စပ်မှုကို နားလည်ရန် လိုအပ်လျက်ရှိသည်။ ပြည်တွင်းစစ်ကို အဆုံး မသတ်နိုင်သမျှ ကာလပတ်လုံး ကြမ်းကြုတ်ရက်စက်သော နိုင်ငံတကာ ရာဇဝတ်မှုများ ဖြစ်ပေါ်စေသည့်

[102] တရားစီရင်ရေး တက်ကြွ လှုပ်ရှားမှုကို Black's Law Dictionary တွင် "ဆုံးဖြတ်ချက်များ ချမှတ်ရာ၌ တရားသူကြီးများကို အခြား ကိစ္စရပ်များအပြင် သူတို့၏ ပုဂ္ဂလိက အမြင်များကိုအသုံးပြု၍ တရားရေးဆိုင်ရာ ဆုံးဖြတ်ချက်ချမှတ်ရေး အတွေးအခေါ်" ဟု အဓိပ္ပာယ် ဖွင့်ဆိုသည်။

[103] http://globaljusticecenter.net/documents/BindingObligations.pdf

လူ့အခွင့်အရေးချိုးဖောက်မှုများကိုလည်း ရှောင်လွှဲ၍ရနိုင်မည်မဟုတ်ပေ။ စိတ်မကောင်းစရာမှာ လက်ရှိ ငြိမ်းချမ်းမှု ရှာဖွေရေး လုပ်ငန်းစဉ်ဟု ခေါ်ဆိုသော လုပ်ငန်းစဉ်သည် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ကို ဗဟိုထားကာ မြန်မာစစ်ခေါင်းဆောင်များက ဆက်လက် အမြတ်ထုတ်နေပါက စစ်မှန်သော ငြိမ်းချမ်းရေးသည် မည်သည့်အခါမျှ ရရှိမည် မဟုတ်ပါ။ နိုင်ငံတကာ၏ ဘဏ္ဍာရေးအထောက်အပံ့ကို ရယူလျက် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ဦးဆောင်သော မြန်မာစစ်ခေါင်းဆောင် များသည် ၂၁ ရာစု ပင်လုံညီလာခံ နှင့် ယင်းနှင့်တဆက်တည်းဖြစ်သော NCA အောက်တွင် မူဘောင်ချမှတ်ပြီးဖြစ်သော အတုအယောင် နိုင်ငံရေး ဆွေးနွေးပွဲသည် ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေကို အားဖြည့်ရင်း အဆုံးသတ်သွားမည်ဖြစ်သည်။ အကျိုးဆက်အနေဖြင့် တိုင်းရင်းသား ပြည်နယ်များက ပိုင်ဆိုင်သော သဘာဝသယံဇာတများကို တူးဖော်ထုတ်ယူခြင်းနှင့် အမြတ်ထုတ်ခြင်းများ အရှိန်ပိုမြင့်လာပေလိမ့်မည်။

## အကြံပြုချက်များ

၁။ ပြစ်မှုကျူးလွန်သူများ လွတ်ငြိမ်းခွင့်ရနေမှုကို ဥပဒေစိုးမိုးမှုနောက်ခံတွင် အဆုံးသတ်ရန်မှာ ဖက်ဒရယ် ဒီမိုကရက်တစ်ပြည်ထောင်စု ပေါ်ထွန်းရေး အပါအဝင် စစ်မှန်သော ငြိမ်းချမ်းရေး ရရှိရန် ကြိုးပမ်းမှု အားလုံးသည် "လူ့အခွင့်အရေးများ" ကို ဗဟိုပြုသင့်သည်။

၂။ နိုင်ငံခြားနှင့် ပြည်တွင်း ကုမ္ပဏီများအနေဖြင့် တိုင်းရင်းသားပြည်နယ်များနှင့် ယင်းတို့တွင် နေထိုင်ကြသော ဌာနေတိုင်းရင်းသား ပြည်သူများ၏ အခွင့်အရေးများကို လျစ်လျူရှုထားသမျှ ကာလပတ်လုံး တိုင်းရင်းသား ပြည်နယ်များတွင် ၎င်းတို့၏ ရင်းနှီးမြှုပ်နှံမှုများကို ဆန့်ကျင်သည့် ပြည်တွင်းနှင့် နိုင်ငံတကာ လှုပ်ရှားမှုများ အပါအဝင် ကျယ်ပြန့်သော လူထု လှုပ်ရှားမှုများ လုပ်ဆောင်သင့်သည်။ မြန်မာနိုင်ငံအပေါ် စီးပွားရေး ဒဏ်ခတ် ပိတ်ဆို့ မှုများ ချမှတ်သင့်သည်။

၃။ ပြည်နယ်များ၏ အချုပ်အခြာအာဏာပိုင်မှုနှင့် လူထု၏ အချုပ်အခြာ အာဏာပိုင်မှုတို့ကို ကျင့်သုံးသည့် အခြေခံဖြင့် တိုင်းရင်းသား ပြည်နယ်များ၏ ရှုထောင့်များမှနေ၍ ဖယ်ဒရယ်အခြေခံမူများကို ရှာဖွေသင့်ပါသည်။ ယင်းတို့ကို အခြေပြုလျက် တိုင်းရင်းသားပြည်နယ်များ၏ ဖွဲ့စည်းပုံအခြေခံ ဥပဒေများနှင့် အတူ ဖက်ဒရယ်ဒီမိုကရက်တစ်

ဖွဲ့စည်းပုံအခြေခံဥပဒေသစ် တရပ် ထွက်ပေါ်လာစေရေးအတွက် ညီညွတ်ပြီး ဆက်စပ်မှုရှိသော ကြိုးပမ်းအားထုတ်မှုများ လုပ်ဆောင်သင့်သည်။ ယင်းကြိုးပမ်း အားထုတ်မှုများကို နိုင်ငံတကာက ပံ့ပိုးကူညီသင့်သည်။

၄။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် စစ်အာဏာရှင်စနစ်သည် စနစ်တကျ အမြစ်တွယ်လျက်ရှိသည်။ ယင်းတွင် ပြစ်မှုကျူးလွန်ခဲ့သူများအား အကြွင်းမဲ့ လွတ်ငြိမ်းချမ်းသာခွင့်ပေးထားသည်။ သို့ဖြစ်ရာ ဤ ဖွဲ့စည်းပုံ အခြေခံဥပဒေ အောက်တွင် စစ်ရာဇဝတ်မှုများ၊ လူမျိုးတုန်းသတ်ဖြတ်မှုများနှင့် လူသားဖြစ်မှုကို ဆန့်ကျင်သော ရာဇဝတ်မှုများဖြစ်သည့် ကြမ်းကြုတ်ရက်စက်သော ရာဇဝတ်မှုများ လတ်တလောတွင် ဖြစ်ပေါ်လျက်ရှိသည်။ လူဖြူ လူမဲ ခွဲခြားရေးဝါဒကို စနစ်တကျကျင့်သုံးခဲ့သော တောင်အာဖရိက၏ ၁၉၈၃ ဖွဲ့စည်းပုံ အခြေခံဥပဒေအား ကုလသမဂ္ဂ လုံခြုံရေးကောင်စီက ဆုံးဖြတ်ချက် အမှတ် ၅၅၄ ဖြင့် ပယ်ဖျက် ခဲ့ဘူးသည်။ မြန်မာနိုင်ငံနှင့် ပတ်သက်၍လည်း အလားတူ အရေးယူဆောင်ရွက်မှုမျိုးကို ကုလသမဂ္ဂ လုံခြုံရေးကောင်စီက ချမှတ်သင့်သည်။

၅။ အထက် ဖော်ပြပါ ကြမ်းကြုတ်ရက်စက်သော ရာဇဝတ်မှုများအား မြန်မာ့ တပ်မတော်မှ ချိုးဖောက် ကျူးလွန်သူများကို ဥပဒေကြောင်းအရ အရေးယူ နိုင်ရန်အတွက် ကုလသမဂ္ဂအချက်အလက် ရှာဖွေရေး ကော်မရှင် (UN IIFFM) သည် မြန်မာနိုင်ငံ၏ အခြေအနေကို နိုင်ငံတကာပြစ်မှုဆိုင်ရာ တရားရုံး[104] သို့လွှဲပြောင်းရန် သို့မဟုတ် မြန်မာနိုင်ငံအတွက် နိုင်ငံတကာ ပြစ်မှုဆိုင်ရာခုံရုံး[105] တရပ်ဖွဲ့စည်းရန် ကုလသမဂ္ဂ လုံခြုံရေး ကောင်စီသို့ အကြံပြုချက်များပေးရန် စဉ်းစားသင့်သည်။

၆။ လက်ရှိ ရှိနေသည့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူ စာချုပ်အရ အယောင်ပြ မျှသာ လုပ်ဆောင်နေသည့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ် ရပ်တံ့နေမှုကို ကျော်လွှားနိုင်ရန် တရုတ်၊ ဂျပန်၊ အင်ဒိုနီးရှား၊ ဆွစ်ဇာလန် နှင့် ကနေဒါ အစိုးရများမှ ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသော တတိယ အင်အားစု တစ်ခု၏ အခန်းကဏ္ဍကို တောင်းဆိုပြီး အားပေးကူညီသင့်သည်။

၇။ တိုင်းပြည်အဆောက်အအုံပိုင်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုအနေဖြင့် လွတ်လပ်၊ ဘက်မလိုက်၊ ထက်မြက်သော တရားစီရင်ရေး ပေါ်ပေါက်လာစေရန် လည်းကောင်း၊

---

[104] International Criminal Court

[105] International Criminal Tribunal for Burma/Myanmar

တိုင်းရင်းသား ခုခံရေး တပ်ဖွဲ့များ ပါဝင်သော ပြည်ထောင်စု တပ်မတော် ဖွဲ့စည်းနိုင်ရေးတို့ကိုလည်းကောင်း ဦးစားပေးဆောင်ရွက် သင့်သည်။ ထို့ပြင် လုံခြုံရေး ကဏ္ဍ ပြုပြင်ပြောင်းလဲရေးကိုလည်း[106] မြန်မာ့ တပ်မတော်အတွက်ပါ ထည့်သွင်းလုပ်ဆောင် သင့်သည်။

၈။ ကရင်နီပြည်နယ်၏ လွတ်လပ်ရေးနှင့် အတူ၊ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီ (၁၂) ရက်တွင် ချုပ်ဆိုခဲ့သော ပင်လုံ စာချုပ်၏ တရားဝင်မှုတို့ကို နည်းလမ်းတကျ အသိအမှတ်ပြုရမည်။ ပြန်လည် အသက်သွင်းရမည်။ အတည်ပြုရမည်။ ထိုသို့မဟုတ်ဘဲ တိုင်းရင်းသားပြည်နယ်များ၏ အခွင့်အရေးများကို စာချုပ်တွင် ဖော်ပြပါရှိသည့်အတိုင်း ဖော်ဆောင်မှုမပြုပါက ပြည်ထောင်စု တည်ရှိမှု ပျက်ပြယ်သွားပြီ ဖြစ်ကြောင်း ကြေညာနိုင်ခွင့်ရှိရမည်။

၉။ လူ့အခွင့်အရေးကိစ္စတွင် တက်ကြွပြီးဖြစ်သော တိုင်းရင်းသားလူထု အသင်းအဖွဲ့များ၊ တိုင်းရင်းသူအမျိုးသမီး အဖွဲ့အစည်းများနှင့် သတင်းမီဒီယာ အများအပြင်၊ လူ့အခွင့်အရေးကို ကြွေးကြော် လုပ်ဆောင်လျက်ရှိသော အခြားသော ပြည်တွင်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများသည် လူ့အခွင့် အရေးနှင့်စပ်လျဉ်း၍ ၎င်းတို့၏ ကိုယ်ကျင့်တရားနှင့် လူ့ကျင့်ဝတ် ဆိုင်ရာ ရပ်တည်ချက်ကို အထင်အရှားပြသရန် တာဝန်ရှိသည်။ သို့ဖြစ်ပါက **အကြီးအကဲအဖြစ် အမိန့် ပေးပိုင်ခွင့်ရှိခြင်းကြောင့်တာဝန်ခံမှု** ဥပဒေသ အရ တာဝန်ရှိသော ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သည့် အင်န်အယ်ဒီ အစိုးရ၏ ရခိုင်ပြည်နယ်တွင် ရိုဟင်ဂျာများအပေါ် ကျူးလွန်မှုများ အပါအဝင် တိုင်းရင်းသား ပြည်နယ်များတွင် ဖြစ်ပေါ်နေသော ကြမ်းကြုတ်ရက်စက်သည့် ရာဇဝတ်မှုများအပေါ် ရေငုံနှုတ်ပိတ်နေမှုကို ရှုတ်ချကန့်ကွက်ရပါမည်။

## ဥပဒေအထောက်အကူပြုကွန်ရက်

[106] Security Sector Reform

# စစ်ရာဇဝတ်မှုများကို ခွဲခြမ်းစိတ်ဖြာသုံးသပ်ခြင်း

ဥပဒေအထောက်အကူပြုကွန်ရက်

